မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၃၀ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၆၉)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံပါလီမန်များညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံပါလီမန်များညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Marzuki Alie. SE. MM အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် အာဆီယံပါလီမန်များညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Marzuki Alie. SE. MM အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဦးစိုးမောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် အာဆီယံပါလီမန်များညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Marzuki Alie. SE. MM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono လည်း တက်ရောက်သည်။

ခင်မင်ရင်းနှီးစွာဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အာဆီယံနိုင်ငံများအကြား အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံဆက်ဆံရေး ခိုင်မြဲမှုအတွက် ကဏ္ဍပေါင်းစုံတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ အင်ဒိုနီးရှားနိုင်ငံ၏ ပုဂ္ဂလိကနှင့် အစိုးရပိုင်းဆိုင်ရာကုမ္ပဏီများအား မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်ရေး၊ နှစ်နိုင်ငံ ပူးတွဲကော်မရှင်အစည်းအဝေးများ အပြန်အလှန် ကျင်းပရေးကိစ္စရပ်များနှင့် ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ဘာလီဒီမိုကရေစီဖိုရမ်သို့ တက်ရောက်ရန် နိုင်ငံတော်သမ္မတအား အင်ဒိုနီးရှားသမ္မတက ဖိတ်ကြားထားသည့် ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ရီယို+၂၀) ဖွင့်ပွဲအခမ်းအနားနှင့် ပထမနေ့ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပသည့် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ(ရီယို+၂၀) ဖွင့်ပွဲအခမ်းအနားနှင့် ပထမနေ့မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဇွန် ၂၀ ရက် နံနက် ၁၀ နာရီတွင် ဘရာဇီး ပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ Riocentro အဆောက်အအုံ Plenary Hall ၌ ကျင်းပသည့် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ရီယို+၂၀) ဖွင့်ပွဲအခမ်းအနားနှင့် ပထမနေ့ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံပေါင်း ၁၇၉ နိုင်ငံမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့ အကြီးအကဲများ၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မီဒီယာများ စုစုပေါင်း ၁၆၀၀၀ ကျော် တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးသန်းဆွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် သစ်တောတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းဝင်းတို့လည်း တက်ရောက်ကြသည်။

အဆိုပါညီလာခံတွင် ညီလာခံသဘာပတိအဖြစ် ဘရာဇီးနိုင်ငံ သမ္မတ Ms. Dilma Rousseff ကို ရွေးချယ်ကြသည်။

အစည်းအဝေးတွင် ညီလာခံသဘာပတိ ဘရာဇီးနိုင်ငံ သမ္မတ Ms. Dilma Rousseff၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၊ (၆၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိ

Mr. Nassir Abdulaziz Al-Nasser နှင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ အတွင်းရေးမှူးချုပ် Mr. Sha Zukang တို့က အဖွင့်အမှာစကားပြောကြားကြရာ၌ ညီလာခံ၏ ဆုံးဖြတ်ချက်များအရ ကတိကဝတ်များအား အကောင်အထည်ဖော်ရာတွင် အားနည်းမှုများမရှိစေရန် ***စာမျက်နှာ ၈ ကော်လံ ၁*** ❖

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇွန် ၃၀ ရက်)

ကျွန်ုပ်တို့၏ ပြတင်းပေါက်များ

နံနက်မိုးသောက်အလင်းရောက်၍ ပြတင်းပေါက်များဖွင့်လိုက်ပြီဆိုလျှင် နေ၏ ရွှေရောင်အဆင်းရှိ အလင်းရောင်သည် ရောင်စဉ်ဖြာလျက် ထိုးဖောက်ဝင်ရောက်လာသည်။ နေ၏အလင်းရောင်နှင့်အတူ အဖော်ပြုလိုက်ပါလာကြသည်များမှာ လေပြည်လေညင်းများ၊ သင်းရနံ့များဖြစ်ကြသည်။ ထိုပွင့်သွားသော ပြတင်းပေါက်များမှတစ်ဆင့် အပြင်သို့လှမ်းမျှော်ကြည့်လိုက်ချိန်တွင် တွေ့လိုက်ရသည့်မြင်ကွင်းကား စိမ်းပြာပြာ တောင်တန်းကြီးများ၊ သစ်တောသစ်ပင်များ၊ စိမ်းစိုရောင်လယ်ကွင်းများ၊ ဟိုမှဒီ ဒီမှဟို ခေါက်တုံ့လူးလာ ပျံသန်းနေကြသော ကျေးငှက်သာရကာများပင်ဖြစ်၏။

ပြတင်းပေါက်ဟူသည်ကား အပြင်ဘက်မှ အရာများ အတွင်းထဲသို့ဝင်ရောက်နိုင်သလို အတွင်းမှ အရာများသည်လည်း အပြင်ဘက်သို့ထွက်နိုင်သည့် ဝင်ပေါက်ထွက်ပေါက်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုလျှင် ပြတင်းပေါက်တို့သည် အတွင်းအပြင်ဆက်ဆံရေးကို တိုးတက်ဖော်ဆောင်ပေးနိုင်သည့် ပေါင်းကူး များပင်ဖြစ်၏။ ပြတင်းပေါက်များဖွင့်လိုက်ချိန်တွင် နေခြည်နုနုနှင့်လေနုအေးအေးလေးများ ဝင်ရောက်လာ သကဲ့သို့ အပြင်ဘက်မှ ကြည်နူးဖွယ်ရာမြင်ကွင်းအဖုံဖုံ ရှုခင်းအစုံတို့ကို ရှုမျှော်နိုင်ခဲ့ပြီ။ ဤကားပြတင်းပေါက် များဖွင့်ခြင်း၏ သဘောပင်ဖြစ်၏။

ဤနေ့ ဤချိန်ခါသည် ကမ္ဘာ့နိုင်ငံအများစုတို့၌ နိုင်ငံပြတင်းပေါက်များကို ဖွင့်ထားကြလေသည်။ ဤသို့ ပြတင်းပေါက်များဖွင့်ခြင်းကို ပညာရှင်တို့က တံခါးဖွင့်ဝါဒဟု ခေါ်ဝေါ်ပြောဆိုကြလေ့ရှိကြသည်။ ဤတံခါးဖွင့်ဝါဒသည်ကား နိုင်ငံအချင်းချင်း ဆက်ဆံရေးအရသော်လည်းကောင်း၊ လူသားအချင်းချင်း ဆက်ဆံရေးအရသော်လည်းကောင်း၊ စီးပွားရေးဆက်ဆံမှုအရသော်လည်းကောင်း လူသားတို့အတွက် ကောင်းကျိုးများ ဖြစ်ထွန်းစေလျက်ရှိသည်။ ထိုပြတင်းပေါက်မှတစ်ဆင့် ပြည်ပရှိ နိုင်ငံရေး၊ စီးပွားရေး၊ စက်မှုနှင့်နည်းပညာ စသော ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများကို မြင်နိုင်သကဲ့သို့ ထိုပြတင်းပေါက်မှတစ်ဆင့် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများ ဝင်လာနိုင်သည်။

ထိုတံခါးဖွင့်ဝါဒသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဟု ဆိုနိုင်သည်။ ဤဝါဒကို နိုင်ငံအချင်းချင်း သာလျှင် ကျင့်သုံးနိုင်ကြသည်မဟုတ်၊ လူတိုင်းပင် ကျင့်သုံးနိုင်ကြသေးသည်။ အချို့သောသူများသည် ကိုယ့်ထက် နိမ့်ကျသူများအပေါ် အဖက်မတန် ဆက်ဆံတတ်ကြသည်။ "ဒီလူက ငါ့လောက်မတတ်ပါဘူး၊ ဒီလူအဆင့်မရှိပါဘူး၊ ဒီလူက အဆင့်မရှိပါဘူး၊ ဆင်းရဲသားပဲ၊ ဒီလူနဲ့ ဆက်ဆံနေလို့တော့ ငါ့အတွက် ဘာအကျိုးထူးမှာလဲ"ဟူ၍ အတွေးရောက်ကာ ဆက်ဆံရေးတံခါးများကို ပိတ်ထားတတ်ကြသည်။ အမှန် အားဖြင့် လူတိုင်းသည် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ရာထူးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူ့အစွမ်းနှင့်သူ ရှိကြသည်သာဖြစ်၏။

ယနေ့ခေတ်သည် တံခါးဖွင့်ခေတ်ကြီးဖြစ်သည့်အလျောက် လူတိုင်းသည် ဆက်ဆံရေးကို မြှင့်တင် ရမည့်အချိန်ဖြစ်သည်။ အချင်းချင်းသိကျွမ်းသူလည်းရှိမည်။ မသိကျွမ်းသူလည်းရှိမည်။ မိတ်ဆွေဖြစ်ချင် ဖြစ်မည်။ သူစိမ်းဖြစ်ချင်ဖြစ်မည်။ မည်သို့ပင်မသိမကျွမ်းဖြစ်စေကာမူ ဆက်ဆံရေးကို မြှင့်တင်သင့်၏။ များများဆက်ဆံလေ များများအကျိုးများလေဖြစ်၏။ လူအများနှင့်ဆက်ဆံရေးတိုးပွားအောင်ဆောင်ရွက် နိုင်ခြင်းမရှိပါမူ တံခါးများပိတ်ထားသည်နှင့်တူသည်။ အစဉ်သဖြင့် တံခါးများပိတ်ထားခဲ့လျှင် တိုးပွားအကျိုး များစရာလည်း ရှိလာလိမ့်မည်မဟုတ်တော့ပေ။

လူတစ်ဦးနှင့်တစ်ဦး၊ မိသားစုတစ်စုနှင့် တစ်စု၊ ရပ်ကွက်ကျေးရွာ တစ်ခုနှင့်တစ်ခု၊ မြို့ပြတစ်ခုနှင့် တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်ဆံရေးကောင်းမွန်ပြီး စီးပွားဘက်များဖြစ်ကာ တိုးတက်ဖွံ့ဖြိုးမှုကို မျှဝေလျက် ပြတင်းပေါက်များမှတစ်ဆင့် ကူးလူးဆက်သွယ် ဝင်ထွက်သွားလာနိုင်ကြပါလျှင် နေချင့်စဖွယ် လူ့ဘောင်လောကအဖြစ် အစဉ်ဖြစ်တည်နိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

အာရှ နိုင်ငံတကာကလေးများ ရုပ်ရှင်ပွဲတော်ကျင်းပမည် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်းရှိသူများ ရိုက်ကူးယှဉ်ပြိုင်နိုင်

ရန်ကုန် ဇွန် ၂၉

ဂျပန်နိုင်ငံ မီနာမိအာဝဂျိမြို့တွင် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက်၌ အာရှနိုင်ငံတကာကလေးများရုပ်ရှင်ပွဲတော်ကို ကျင်းပ မည်ဖြစ်သည်။ အဆိုပါပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရမည့်ခေါင်းစဉ်မှာ သင့်အတွက်ဘဝ (Meaning of Life for you)ဖြစ်ပြီး ခင်မင်ရင်းနှီးမှုနှင့် ဝါသနာ၊ သဘာဝပတ်ဝန်းကျင်ပြဿနာများနှင့် ငလျင်အစရှိသော သဘာဝဘေးအန္တရာယ်များ၊ စစ်ပွဲများ အစရှိသည့် မိမိနှင့်အနီးတစ်ဝိုက်တွင်ရှိနေသော ကဏ္ဍများမှတစ်ဆင့် Global Them များအထိ ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်ရိုက်ကူးရန် ခွင့်ပြုထားကာ တစ်နိုင်ငံ၊ တစ်ဒေသလက်ရာသုံးမျိုးအထိ တင်ပြခွင့်ရှိပြီး တင်ပြသည့်လက်ရာသည် တစ်ဦး တစ်ယောက်ချင်းသော်လည်းကောင်း၊ အများစုပေါင်းလုပ်ဆောင်၍သော်လည်းကောင်း ပါဝင်ခွင့်ပြုထားကြောင်း သိရသည်။

ယှဉ်ပြိုင်မည့်ဦးရေသည် အသက် ၁၂ နှစ်မှ ၁၈ နှစ်ရှိသော ကလေး ကိုးဦးနှင့် အဖွဲ့ခေါင်းဆောင်တစ်ဦး ပေါင်း ၁၀ ဦး သတ်မှတ်ထားပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့အထိ ရိုက်ကူးပြီး လက်ရာများကို DVD တစ်ချပ်တွင် စုစည်း၍ လက်ရာ တစ်ခုစီအလိုက် ခေါင်းစဉ်နှင့် ရိုက်ကူးသူ၊ တက်ရောက်နေသောကျောင်း အမည်ထည့်သွင်းကာ ဂျပန်သံရုံးသို့ ပို့ဆောင်ရမည် ဖြစ်ကြောင်း သိရှိရသည်။ (၁၆၄)

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု သာယာဝတီခရိုင်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

သာယာဝတီ ဇွန် ၂၉

မြန်မာနိုင်ငံအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲကို သာယာဝတီခရိုင် သစ်တောဦးစီးဌာနနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ တို့ပူးပေါင်း၍ ဇွန် ၂၄ ရက် နံနက် ၈ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး မြေကွက်လပ်၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာနနှင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူ များက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင်သစ်တော)

အမကကျောင်းသို့ ပစ္စည်းများလှူဒါန်း

ကျောင်းကုန်း ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြို့မအခြေခံပညာမူလတန်း ကျောင်းအတွက် သောက်ရေသန့်စက်၊ အဲယားကွန်းစက်၊ လီတာ ၅၀၀ စတီးလ် ရေစည်နှင့် ရေချမ်းစင်၊ ရေသန့်စက်သို့ သွားသည့်ကွန်ကရစ်လမ်းနှင့် ကျောင်း သုံးဗလာစာအုပ်များ၊ ထီး၊ စာကြည့်မီး စသည့် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၂ သိန်းတန်ဖိုး ရှိ ပစ္စည်းများလှူဒါန်းပွဲကို ဇွန် ၂၆ ရက် နံနက် ၁၁ နာရီက ဧရာဝတီတိုင်းဒေသကြီးရှိ အဆိုပါ ကျောင်း၌ ကျင်းပရာ အလှူရှင်များ ကိုယ်စား ဒေါ်ခင်မာမာက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြော ကြားပြီးနောက် ကျောင်းသား ကျောင်းသူ များအတွက် ဗလာစာအုပ် ၁၁၃ ဒါဇင်နှင့် ဆရာ ဆရာမများ အတွက်ထီး ၁၂ လက်၊ စာကြည့်မီး ၁၂ ခု တို့ကို ပေးအပ် လှူဒါန်းသည်။ ထို့နောက် ကျောင်းအုပ် ဆရာမကြီးက အလှူရှင်အား ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ ကြောင်း သိရှိရသည်။ (ဝ၉၁)

ယနေ့ မြန်မာ့ရွှေဈေး ကမ္ဘာ့ရွှေဈေးကိုယှဉ်ပြီး လိုက်တက်

သတင်းနှင့်ဓာတ်ပုံ - ရွှေပုံသား

ရန်ကုန် ဇွန် ၂၉

ယနေ့ ရွှေဈေးဟာ နံနက်ပိုင်း ဈေးအဖွင့်မှာ အခေါက်ရွှေတစ်ကျပ်သား ကို ငွေကျပ် ၇၂၅၀၀၀ ရှိနေရာမှ ညနေ ဈေးပိတ်ချိန်မှာတော့ တစ်ကျပ်သားကို ငွေကျပ် ၇၂၈၀၀၀ နဲ့ ပိတ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်က အခေါက်ရွှေတစ်ကျပ် သား ကျပ် ၇၁၅၀၀၀ ဝန်းကျင်သာရှိခဲ့ ရာမှ ယခုတစ်ပတ် ဈေးအနည်းငယ် တက်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

အရောင်းအဝယ်အားဖြင့် ခပ်ပါး ပါးသာရှိခဲ့ပြီး အထည်ပြန်ရောင်းသူ တွေလည်း ငွေဖော်ဖို့ ပြန်ရောင်းနေတာ ကိုတွေ့ရတယ်လို့ ရွှေဘုံသာလမ်းက ရွှေ အရောင်းအဝယ်လုပ်နေတဲ့ မိတ်ဆွေ ဦးခင်မောင်ရင်က ဆိုပါတယ်။ ပြီးခဲ့တဲ့လက လက်ထဲငွေရှိသူတွေက ကားအသစ်အရောင်းအဝယ်တွေဘက်လိုက်ခဲ့လို့ ရွှေအရောင်း အဝယ်အေးခဲ့ပေမယ့် ယခုတော့ ကားဈေးကိုလည်း အရိပ်အကဲကြည့်၊ ရွှေဈေးကို လည်း အရိပ်အကဲကြည့်နေတာကြောင့် ရွှေရော ကားပါ ထင်သလောက် အရောင်း အဝယ်မဖြစ်ခဲ့ပါဘူး။

ကမ္ဘာ့ရွှေဈေးကို ပြန်ကြည့်လျှင် ဇွန် ၂၇ ရက်နေ့က အပိတ်ဈေး ရွှေ တစ်အောင်စ ၁၅၇၄ ဒသမ ၂၀ ဒေါ်လာ၊ ဇွန် ၂၈ ရက်နေ့က ၁၅၅၂ ဒေါ်လာ ရှိနေခဲ့ပြီး ယနေ့ ဇွန် ၂၉ ရက်နေ့ ကမ္ဘာ့ရွှေ အပိတ်ဈေးကတော့ ၁၅၉၆ ဒသမ ၄၀ ဖြစ်တာကြောင့် ကမ္ဘာ့ရွှေဈေးအနည်းငယ်တက်လာတယ်လို့ ဆိုနိုင်ပါတယ်။ မြန်မာ့ရွှေဈေးကလည်း ကမ္ဘာ့ရွှေဈေးကိုအမှီပြု အတက်အကျရှိနေတာမို့ ပြီးခဲ့တဲ့ ရက်ပိုင်းက မြန်မာ့ရွှေဈေးအနည်းငယ်ကျခဲ့ပေမယ့် ကမ္ဘာ့ရွှေဈေးတက်တော့ သူက လည်း လိုက်တက်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

အင်းစိန်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန် မြို့နယ် ဇော်ဘွားကြီးကုန်းရပ်ကွက် အလက (၉) ကျောင်းဝင်းအတွင်း၌ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာန တို့ ပူးပေါင်း၍ ၂၀၁၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။ အခမ်းအနား တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်စိုး၊ မြို့နယ်သစ်တော ဦးစီးမှူး ဦးမြင့်အောင်၊ မြို့နယ်ပညာရေးမှူး ဦးတင်လှိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်ဦးတို့က မြို့နယ်အဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ် ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် ကျောင်းသား ကျောင်းသူများ အား ကျွန်း၊ ယူကလစ်၊ မဲဇလီ၊ မန်ကျည်းရှား၊ စိန်ပန်း၊ ကံ့ကော်၊ စွယ်တော်၊ အော်ရီးရှား ပျိုးပင် ၃၅၀ ကို ဖြန့်ဝေပေးပြီးနောက် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရ သည်။ (အောက်ပုံ) (၁၆၆)

တစ်ဧက ငါးသောင်းနှုန်းဖြင့် မိုးစပါးစိုက်ပျိုးစရိတ်ထုတ်ချေး

ညောင်တုန်း ဇွန် ၂၉

ညောင်တုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၂ ခုနှစ် မိုးရာသီသီးနှံ ထုတ်လုပ်မှု ဘဏ်ချေးငွေပေးအပ်ပွဲကို ညောင်တုန်းမြို့နယ်တွင် ဇွန် ၂၇ ရက်က ကျင်းပသည်။

ဘဏ်ချေးငွေထုတ်ပေးပွဲတွင် ညောင်တုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမင်း၊ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာဦးမြဝင်းတို့က တောင်သူလယ်သမားများ အကျိုး စီးပွားဖြစ်စေရေး၊ လယ်ယာထွက်ကုန်တိုးတက်မြင့်မားရေးတို့အတွက် ထုတ်ချေးပေး သော စိုက်ပျိုးစရိတ်ထုတ်ချေးငွေများကို အလွဲမသုံးဘဲ လယ်ယာလုပ်ငန်းခွင်တွင် အကျိုးရှိအောင်အသုံးပြုရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက် သိပ္ပံနည်းကျ ပေါင်ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးရေးများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ညောင်တုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးမြဝင်းက မိုးဟုတ်ကျေးရွာအုပ်စုမှ တောင်သူလယ်သမား ၂၇၀တို့အား လယ်ဧက ၁၉၀၂ ဧကအတွက် တစ်ဧကငါးသောင်းနှုန်းဖြင့် မိုးစပါးချေးငွေပေါင်း ငွေကျပ် ၉၅၁ သိန်းကို ထုတ်ချေးပေးခဲ့သည်။ (အောက်ပုံ) ညောင်တုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်ခွဲမှ ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၁ အုပ်စုမှ မိုးစပါး ဧက ၄၉၀၀၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေပေါင်း ငွေကျပ် သိန်း ၂၄၅၀၀ ထုတ်ချေးသွား မည်ဖြစ်ကြောင်း သိရှိရသည်။ (၀၈၂)

ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုဆိုင်ရာသင်တန်းဆင်း

ပဲခူး ဇွန် ၂၉

ပဲခူးမြို့ပန်းလှိုင်ရပ်ကွက် အမက (မူလွန်)ကျောင်း၌ ဇွန် ၂၄ ရက်က ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပဲခူးတိုင်း ဒေသကြီး တိုင်းပညာရေးမှူး ဦးစောစံ ယဉ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းပညာရေးမှူးက ကလေး ဗဟိုပြုချဉ်းကပ်သင်ယူမှု (CCA) နည်းကို အသုံးပြုသင်ကြားခြင်းဖြင့် ပြောင်းလဲ တိုးတက်နေသည့် ကမ္ဘာကြီးတွင် နေထိုင် ကြသည့် ကလေးငယ်များအတွက် အရေးပါသော ပြဿနာများ ဖြေရှင်းနိုင် ကြောင်း၊ စဉ်းစားတွေးခေါ်မှု အရည် အချင်းများ ရရှိနိုင်မှာ ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများ အနေဖြင့် အနာဂတ်မြန်မာနိုင်ငံကို ဦးဆောင်ကြ မည့် ကလေးငယ်များကို စာတွေ့ လက်တွေ့သင်ကြားပေးရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရှိရသည်။ (၁၁၀)

ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဖွဲ့စည်း

စဉ့်ကူး ဇွန် ၂၉

၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနှစ်ကို ကြိုဆိုသောအားဖြင့် စဉ့်ကူးမြို့ ရွှေစစ်သည်စစ်မှုထမ်းဟောင်း ငွေစုငွေချေး သမဝါယမအသင်းလီမိတက် ဖွဲ့စည်းခြင်း အခမ်းအနားကို ဇွန် ၈ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်း ရုံးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းနှင့် အစည်းအဝေး သဘာပတိ မြို့နယ်အဆင့် ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစီးအရာရှိ ဒေါ်မူမူတို့က အမှာ စကားပြောကြားကြသည်။ ထို့နောက် အသင်းဥက္ကဋ္ဌအဖြစ် ဦးတင်ညွန့်နှင့် အမှုဆောင် ဒါရိုက်တာအဖြစ် ဦးလှသောင်းအပါအဝင် ဒါရိုက်တာအဖွဲ့ဝင်ငါးဦးနှင့် အသင်းသား စာရင်းစစ်များအဖြစ် ဦးမောင်ကိုနှင့် ဦးမြင့်ဆန်းတို့ကို အဆိုပြုထောက်ခံရွေးချယ်ပေးကြ ရာ သဘာပတိမှ အသင်းသားများ၏ သဘောတူညီမှုရယူပြီး အတည်ပြုပေးခဲ့ကြောင်း သိရှိရသည်။ (၄၃၃)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Marzuki Alie. SE. MM ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အင်ဒိုနီးရှားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono တက်ရောက်သည်။

ပူးပေါင်းဆောင်ရွက်

ယင်းသို့တွေ့ဆုံရာတွင် အင်ဒိုနီးရှားအောက်လွှတ်တော်ဥက္ကဋ္ဌက မြန်မာ-အင်ဒိုနီးရှားလွှတ်တော်နှစ်ရပ်တို့အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေသော မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဥပဒေပြုအဖွဲ့အစည်းဖြစ်သည့် လွှတ်တော်က ဥပဒေပြုမှုဆိုင်ရာ ကိစ္စရပ်များကို အောင်မြင်စွာဆောင်ရွက်နိုင်သည့်အတွက် ချီးကျူးဂုဏ်ယူပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံကလည်း အပြည့်အဝထောက်ခံပါကြောင်း၊ AIPA ကလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ခင်မင်ရင်းနှီးစွာ ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အာဆီယံဒေသတွင်း AIPA ၏ အခန်းကဏ္ဍတိုးမြှင့် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံ၏ ရည်မှန်းချက်များနှင့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များအပေါ် အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် AIPA က ပါဝင်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် မြန်မာ့လွှတ်တော်က ဥပဒေပြုရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရင်းနှီးခင်မင်စွာ ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှား သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Marzuki Alie. SE. MM ဦးဆောင်သော အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ငွေကြေးနှင့်နည်းပညာပံ့ပိုးပေးသွားမည် လုပ်ငန်းဆောင်ရွက်ရာ၌ လူပေါ်မှာမရပ်တည်ဘဲ လုပ်ငန်းစဉ်ပေါ်ရပ်တည်

နေပြည်တော် ဇွန် ၂၉

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဦးဆောင်မှု အောက်ရှိ ဆပ်ကော်မတီ (၁၂)ရပ်၏ အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းများအား ပြန်လည်သုံးသပ်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား ကဏ္ဍအလိုက်စီမံဆောင်ရွက်နိုင်ရန် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၁၂)ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့်နည်းပညာ အကူအညီများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ယာယီအခက်အခဲများ ရှိနိုင်သော်လည်း ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လူပေါ်မှာမရပ်တည်ဘဲ လုပ်ငန်းစဉ်ပေါ်မှာသာ ရပ်တည်ကြရမည်ဖြစ်ကြောင်း၊ Level Play Ground တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် Quality Product ဖြစ်အောင် ထုတ်လုပ်ကြရန် လိုအပ်ကြောင်း၊ နယ်စပ်များမှ စစ်ဆေးခံယူမှုမရှိသော အရည်အသွေးနိမ့် စားသောက်ကုန်၊ ဆေးဝါးများ ဝင်လာနိုင်သဖြင့် ပြည်သူလူထုကို မထိခိုက်စေရန် Food Drug Association (FDA) လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းကို အားကိုး၍မနေဘဲ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းများမှ စစ်ဆေးပေးမည့် Centre များ ပေါ်ထွက်လာရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းနေခြင်းသာ မဟုတ်ဘဲ Comprehensive Implementation ဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စွန့်ပစ်ပစ္စည်းများကို အလေးထားပြီး Waste Treatment ပြုလုပ်၍ စွမ်းအင်ပြောင်းလဲသုံးစွဲနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Energy Saving၊ Energy Efficiency ကိစ္စကိုလည်း စက်ရုံအလုပ်ရုံများတွင် သာမက လမ်းမီးများအထိပါ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Vocational Training နှင့် Skill Workers များ ပေါ်ထွန်းရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ အောင်မြင်ရေးအတွက် တက္ကသိုလ်မှ ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပေါင်းစပ်၍ Innovative Idea များဖြင့် လုပ်ငန်းတိုးချဲ့၍ ဆောင်ရွက်ရန်လိုကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် မိမိတို့လုပ်ဆောင်မှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် မီဒီယာများမှတစ်ဆင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရန် သက်ဆိုင်ရာကော်မတီအလိုက် နည်းပညာများဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ခင်းကျင်းပြသ

ယင်းနောက် ဆပ်ကော်မတီ(၁၂)ရပ်တို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များက ပုဂ္ဂလိကပိုင်လုပ်ငန်းနှင့် နိုင်ငံပိုင်လုပ်ငန်းများမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသမည့် SME Product Expo ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်ပစ္စည်းများ၏ အရေအတွက် တိုင်းတာသည့်စနစ်ကို FPS စနစ်မှ မက်ထရစ်စနစ်သို့ ပြောင်းလဲသုံးစွဲနိုင်ရေးကိစ္စရပ်များ၊ ကျွမ်းကျင်လုပ်သားများအား Certification ပေးနေမှုနှင့်ပတ်သက်သည့် လုပ်ငန်းများ၊ Vocational Training များနှင့် ပတ်သက်သည့် ကိစ္စရပ်များကို အများပြည်သူသိရှိနိုင်ရေးအတွက် မီဒီယာများနှင့် တွေ့ဆုံခြင်း ဆောင်ရွက်ရန်၊ လုပ်ငန်းကဏ္ဍ အမျိုးအစားအလိုက် ဖွဲ့စည်းရန်လိုအပ်နေသော အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများကို ထပ်မံဖွဲ့စည်းရေးအတွက် ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ နေ့စဉ်စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးရှိသော ထုတ်ကုန်များအဖြစ်သို့ ပြောင်းလဲထုတ်လုပ်ရေး၊ နေထိုင်ရေးနှင့် ဆောက်လုပ်ရေးအသိပညာများ၊ လျှပ်စစ်ကို အကျိုးရှိစွာ ချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာ ဖြန့်ဖြူးရေးတို့ကို ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုလဲသွယ်စပ်မျိုးစပါးစံကွက် သိန်းနီ၌ ရိတ်သိမ်း

သိန်းနီ ဇွန် ၂၉

လားရှိုးခရိုင် သိန်းနီမြို့နယ်တွင် ဇွန် ၂၆ ရက်က မြို့မကွင်းရှိ တောင်သူဦးပေါ်အိုက်ခမ်း စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး စမ်းသပ်စိုက်ကွက်တွင် စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက် တင်း(အခြောက်) ၁၈၃ ဒသမ ၁၃ တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။ အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် စိုက်ပျိုးရေးဦးစီးဌာန မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ စုပေါင်းရိတ်သိမ်းခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

နာမည်ပြောင်း၊ အနက်ပြန်ပြောင်းကို မရတာကြောင့် ကားတင်သွင်းလိုသူတွေ စဉ်းစားနေကြပြန်

ရန်ကုန် ဇွန် ၂၉

*ကားတင်သွင်းခွင့်များအရ ကားများတင်သွင်းကြရာတွင် အများစုမှာ အိမ်စီးကား **(အောက်ယာပုံ)**များသာ တင်သွင်းကြပြီး တက္ကစီကားတင်သွင်းရန် စိတ်ဝင်စားသူ နည်းပါးနေသေးကြောင်း အဆိုပါကားပွဲစားများ သတင်းရပ်ကွက်က သိရှိရသည်။*

"အများစုက တက္ကစီထောင်လိုကြပေမယ့် ကုမ္ပဏီတွေကို တက္ကစီသီးသန့် ထောင်ခွင့်တွေပေးထားတဲ့အပြင် အငှားယာဉ်တွေအနေနဲ့ကလည်း ကိုယ်ပိုင်ယာဉ်နံပါတ်အနက် ပြန်ပြောင်းလို့မရတာတွေကြောင့် လောလောဆယ်မှာတင်သွင်းသူ အတော်နည်းပါတယ်"ဟု တောင်ဥက္ကလာပရှိ နာမည်ကြီးကားအရောင်းစင်တာတစ်ခုမှ တာဝန်ရှိသူက ပြောကြားသည်။

လက်ရှိတွင် တက္ကစီကားတင်သွင်းမည်ဆိုပါက အခွန်ငွေကျပ် ၁၀ သိန်းနီးပါးခန့် သက်သာနိုင်သော်လည်း အများစုမှာ တက္ကစီအဖြစ်အသုံးပြုရန် ကားသစ်များကို နှမြောနေကြခြင်းမျိုးလည်းဖြစ်နိုင်ကြောင်း ကားလောကအသိုင်းအဝိုင်းက ထောက်ပြသည်။

သက်ဆိုင်ရာ၏ ထုတ်ပြန်ချက်များအရ သက်တမ်းအနှစ် ၂၀ မဟုတ်ဘဲ တက္ကစီအဖြစ်အသုံးပြုနေသည့် ယာဉ်ပိုင်ရှင်များအနေဖြင့် မိမိဆန္ဒအရ အသစ်ပြန်လည်တင်သွင်းနိုင်ကြောင်းနှင့် ကိုယ်ပိုင်ယာဉ်အဖြစ် ပြောင်းလဲခွင့်မပြုသည့် ကန့်သတ်ချက်ဖြင့် အခွန် ၈၀ ရာခိုင်နှုန်းခန့် လျှော့ချကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ အစိုးရဌာနနှင့် ပုဂ္ဂလိကအဖွဲ့အစည်း ကုမ္ပဏီများမှ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများအတွက် တင်သွင်းယာဉ်များတွင် သက်တမ်းတစ်လျှောက် တက္ကစီအဖြစ်သာ အသုံးပြုရန်ဖြစ်ပါက ကိုယ်ပိုင်ယာဉ်အဖြစ် ပြောင်းလဲခြင်း၊ ရောင်းချ၍ အမည်ပြောင်းလဲခွင့်မရှိဘဲ ၃၀ ရာခိုင်နှုန်းခန့် လျှော့ချပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာနယ်မြေအတွင်း မှတ်ပုံတင်သက်တမ်းတစ်လျှောက် အငှားယာဉ်အဖြစ် အသုံးပြုရန်အတွက် တင်သွင်းမည့်ယာဉ်များအား နယ်မြေပြောင်းလဲခြင်း၊ ကိုယ်ပိုင်ယာဉ်ပြောင်းလဲခြင်းများ မပြုလုပ်ရသည့် ကန့်သတ်ချက်ဖြင့် ၅၀ ရာခိုင်နှုန်းလျှော့ချကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

"အခု ကားဟောင်းတွေကလည်း ဈေးကျမယ့်အတူတူ တက္ကစီပြောင်းလဲကြတာနဲ့ တက္ကစီတွေကလည်း ပိုပြီးပေါ်လာကြတာကြောင့် ရန်ကုန်မှာတော့ ကားအသစ်တစ်စီးနှစ်စီးသွင်းပြီး ကားအနည်းငယ်နဲ့ တက္ကစီထောင်စားသူတွေ ထွက်ပေါ်လာဖို့ခဲယဉ်းပေမယ့် နယ်မြို့တွေမှာတော့ တက္ကစီလုပ်ငန်းတွင်ကျယ်လာပါလိမ့်မယ်၊ မကြာမီမှာပဲ နယ်တွေမှာ ကားတွေပေါ်လာတာနဲ့အမျှ ဈေးကြီးလှတဲ့ တက္ကစီကားခတွေ ဈေးကျသွားနိုင်ပါတယ်။ ရန်ကုန်အနေနဲ့ကတော့ ကားဘယ်လောက်ပဲကောင်းကောင်း တက္ကစီခက အများကြီးတက်လို့မရပါဘူး၊ အခုရန်ကုန်မြို့လယ်ကောင်မှာ တက္ကစီအနေနဲ့ တိုယိုတာဘီတာနဲ့ ပရိုဘောက်စ်တို့၊ စက်ရုပ်တို့လိုကားတွေကိုတောင် တွေ့နေရပြီ"ဟု ပရိုဘောက်စ်ကားကို နံပါတ်အနီပြောင်းလဲထားသူ ယာဉ်ပိုင်ရှင်တစ်ဦးက ပြောကြားခဲ့သည်။ ***ခင်ရတနာ***

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မင်းကင်းမြို့နယ်၌ ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြသ

မင်းကင်း ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တင်ဘက်ကျေးရွာအုပ်စု ဦးကြီးကျေးရွာတွင် ဇွန် ၂၄ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံ၊ နံရံကပ်စာစောင် ပြပွဲနှင့် ဟောပြောပွဲကို ကျင်းပရာ အခမ်းအနားတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမဲညိုက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးစန်းအေးက ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဟောပြော၍ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာပြည်သူများက ပြသထားသော ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုကြသည်။ **(မြန်မာ့အလင်း)**

စာပေမြင့်မှ လူမျိုးတင့်မည်

မြန်မာ့အလင်း ဘဝအမောပြေ

သြော်... မိန်းမ | **အာကာဟိန်း-ရေးသားသည်**

နှလုံးရောဂါဆိုးရွားစွာခံစားနေရသော ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူအား စကားပြောလေသည်။

ဇနီး ။ ။ ကျွန်မတော့မနေရတော့ဘူးထင်တယ်။
ခင်ပွန်း ။ ။ မဟုတ်တာကွာ။
ဇနီး ။ ။ ကျွန်မရောဂါအခြေအနေ ကျွန်မကိုယ်တိုင်သိတယ်။
ခင်ပွန်း ။ ။ နေကောင်းသွားမှာပါ. . စိတ်ဓာတ်မကျစမ်းပါနဲ့။
ဇနီး ။ ။ ရှင့်ကို တစ်ခုတော့မှာခဲ့ချင်တယ်။
ခင်ပွန်း ။ ။ မင်းကလဲကွာ။
ဇနီး ။ ။ ကျွန်မသူငယ်ချင်း ရီစီကိုသိတယ်မဟုတ်လား။
ခင်ပွန်း ။ ။ သိတယ်. . မင်းနဲ့မတည့်ဘူးလေ၊ မင်းရဲ့ရန်ဘက်မိန်းမ မဟုတ်လား။
ဇနီး ။ ။ ဟုတ်တယ်.. ကျွန်မသေသွားရင် သူနဲ့ရှင်လက်ထပ်ယူလိုက်ပါ။
ခင်ပွန်း ။ ။ ဘာဖြစ်လို့လဲ။
ဇနီး ။ ။ ကျွန်မလို ခင်ပွန်းနဲ့ပတ်သက်တဲ့ဒုက္ခတွေကို အဲဒီကောင်မခံစားစေချင်လို့။
ခင်ပွန်း ။ ။ "ဟေ"။

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အာဆီယံပါလီမန်များညီလာခံဥက္ကဋ္ဌအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အာဆီယံပါလီမန်များညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Marzuki Alie. SE. MM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ည ၇ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် နာယကအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ရေးရာကော်မတီများမှ ကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အာဆီယံပါလီမန်များညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးရုံးအနီးဝန်းကျင်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများ စိုက်ပျိုးမည့် ပျိုးပင်များကို ညွှန်ကြားရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များထံ ပေးအပ်ပြီး သတ်မှတ်နေရာ၌ အထိမ်းအမှတ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာ တန်းဝင်ကျွန်း၊ ပိတောက်၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ တမာ၊ စိန်ပန်းကြီးစသည့် အရိပ်ရလေကာပင် စုစုပေါင်းအပင် ၃၅၀ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အာဆီယံ ပါလီမန်များ ညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ အောက် လွှတ်တော် ဥက္ကဋ္ဌ H. E. Dr. Marzuki Alie. SE. MM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်နာယက အိမ်တော်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ရှမ်းပြည်နယ် လားရှိုးမြို့၌ ကျင်းပ

နေပြည်တော် ဇွန် ၂၉

ရှမ်းပြည်နယ် ၂၀၁၂ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၈ နာရီတွင် လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်အနီးပရိဝုဏ်၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ဦးဆောင်၍ ကျွန်း၊ ပိတောက်၊ အင်ကြင်း၊ ကံ့ကော်၊ ခရေ၊ မဲဇလီ၊ ခါတော်မီ၊ ရေသင်းဝင်၊ ဆူးထင်းရှူး၊ သစ်လှပင် စုစုပေါင်းအပင် ၂၀၀၀ ကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပြီး စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ၂၀၁၂ ခုနှစ် မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

လှူဒါန်း

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ လှူဒါန်းသည်။

ယင်းနောက် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အခွန်ဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရိပ်ရပင်နှင့်ပန်းအလှပင်များ အုတ်ဖို၌ စုပေါင်းစိုက်ပျိုး

အုတ်ဖို ဇွန် ၂၉

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အရိပ်ရပင်နှင့်ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးပွဲကို အုတ်ဖိုမြို့အဝင် မြို့ဝင်လမ်း၌ ဇွန် ၂၅ ရက် နံနက် ၈ နာရီက ကျင်းပရာ စုပေါင်းစိုက်ပျိုးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်နှင့် ဦးထိန်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးနှင့်ဝန်ထမ်းများ၊ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးစောစီးလာနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက အရိပ်ရပင် ၂၀၀ ကျော်နှင့် ပန်းအလှပင် ၁၈၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(စိုက်ပျိုးရေး)**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးဆက်လက်ပိုမည်

နေပြည်တော် ဇွန် ၂၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၅ ဒသမ ၈၇ လက်မ၊ ဖျာပုံမြို့တွင် ၄ ဒသမ ၂၅ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ကျောက်တော်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ၃ ဒသမ ၆၂ လက်မစီ၊ ကိုကိုကျွန်းမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၃၁ လက်မနှင့် ကြို့ပင်ကောက်မြို့တွင် ၂ ဒသမ ၈၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် မြေပြင် ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ငွေကျပ်သုံးသိန်းကျော်တန် အမှိုက်ပုံးကြီး ပြန်တွေ့ခဲ့ရပုံက ဆန်း

သတင်းနှင့် ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် ဇွန် ၂၉

ရန်ကုန်မြို့တော်ကြီး သာယာသန့်ရှင်းရေးအတွက် နိုင်ငံခြားမှ တန်ဖိုးကြီးစွာ မှာယူခဲ့ရသောအမှိုက်ပုံးကြီးများကို မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့နယ်အလိုက် လိုအပ်သောနေရာများတွင် ချထားပေးခဲ့သည်။

ဇွန် ၁၈ရက်က ဗဟန်းမြို့နယ်အတွင်း ဆရာစံရပ်ကွက် ကမ္ဘာအေးဘုရားလမ်းနှင့် နတ်မောက်ရိပ်သာလမ်း (ယခင်ပတ်ကရိန်းလမ်း) ထောင့်တွင် ချထားပေးခဲ့သော ငွေကျပ်သုံးသိန်းငါးသောင်းတန် လီတာ ၆၆၀ ဆံ့ အမှိုက်ပုံးမှာ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားသည့်အတွက် ဗဟန်းမြို့နယ်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ရသည်။

၎င်းသတင်းကို ဇွန် ၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြခဲ့သည်။ ယခု အဆိုပါအမှိုက်ပုံးကြီးကို ပြန်တွေ့ရပြီဖြစ်သည်။

ပြန်တွေ့ပြန်တော့လည်းအံ့ဩစရာပင်။ မူလအမှိုက်ပုံးထားရာ ဆရာစံရပ်ကွက်နှင့် ယနေ့အမှိုက်ပုံးကြီးရောက်ရှိရာနေရာမှာ အလယ်တွင် ကမ္ဘာအေးဘုရားလမ်း ကျယ်ကြီးခံနေသည့်အပြင် ရွှေတောင်ကြားရပ်ကွက်(၁) အုပ်ချုပ်ရေးမှူးရုံးတို့မှာ များစွာ အလှမ်းကွာလှသည်။ လမ်းလျှောက်ပါက အနည်းဆုံး ၁၀ မိနစ်ကျော်ကျော်မျှကြာ နိုင်သည်။ အမှိုက်ပုံးကြီးအား မည်သို့ယူ၍ မည်သို့လာထားသွားပါလိမ့်၊ တစ်ဦးတစ်ယောက်မျှမမြင်မတွေ့ဟုဆို၍ ပို၍အံ့ဩစရာကောင်းလှသည်။

မြန်မာ့အလင်းသတင်းအဖွဲ့ အမှိုက်ပုံးကြီးပြန်လည်တွေ့ရှိရာ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက်သို့သွားရောက်ခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းကြည်ထံသို့သွားရောက်သတင်းရယူခဲ့သည်။

အုပ်ချုပ်ရေးမှူးဦးဝင်းကြည်က "ဒီအမှိုက်ပုံးကြီးကို စတွေ့တာ ကျွန်တော်တို့ရုံးက စာရေးမပါ၊ ဇွန် ၂၄ ရက်က ရုံးအနောက်ဘက်မှာ အမှိုက်ပုံးကြီးတစ်ပုံး ရောက်ရှိနေကြောင်း သတင်းပို့တယ်ဗျ။ ပျောက်သွားတဲ့ အမှိုက်ပုံးလို့လည်း မထင်မိသလို မြို့နယ်မှာ အဲဒီအမှိုက်ပုံးကြီး ပျောက်နေတယ်လို့လည်း သတင်းမရဘူးဗျ။ ခါတိုင်းလို မြို့နယ်စည်ပင်က အမှိုက်ပုံးလာချသွားတယ်လို့ပဲထင်မိတယ်။ ဒါကလည်း စည်ပင်က အမှိုက်ပုံးတွေလာချပြီးမှ စာနဲ့အကြောင်းကြားတတ်တဲ့သဘောရှိတယ်။ နောက်မှ စာလာမှာပဲလေလို့ ပေါ့ပေါ့ပဲ တွေးလိုက်မိတယ်။"

ဆက်လက်၍ "နောက်မှ ၂၄ ရက်နေ့ထုတ် သတင်းစာကိုဖတ်လိုက်ရတော့မှ ကျောဖုံးမှာ 'ငွေကျပ်သုံးသိန်းကျော်တန် စည်ပင်အမှိုက်ပုံးကြီးပျောက်ဆုံး' ဆိုတဲ့ သတင်းကို တွေ့လိုက်ရတယ်။ အဲဒီညနေ ရပ်ကွက်ရုံးအသွားမှာ ပထမအမှိုက်ပုံးကြီး ပျောက်တဲ့နေရာမှာ မြို့နယ်ရဲစခန်းမှူးနဲ့အဖွဲ့ကို တွေ့လိုက်ရတယ်။ သူတို့ကလည်း အမှိုက်ပုံးကြီးကိစ္စလာစုံစမ်းတယ်လို့ သိရတဲ့အတွက် ရုံးကိုအမြန်သွားပြီး အဖွဲ့ဝင်တွေနဲ့ ရပ်ကွက်ရုံးနားရောက်နေတဲ့ အမှိုက်ပုံးကြီးကို ကြည့်လိုက်တော့ လား-လား အဲဒီအမှိုက်ပုံးကြီးဖြစ်နေတာကို တွေ့ရတယ်" ဟု ဆိုခဲ့ပါသည်။

ဆက်လက်၍ "ဒါနဲ့ရဲစခန်းကို ဖုန်းနဲ့အကြောင်းကြား၊ ရဲအဖွဲ့က သက်ဆိုင်ရာ စည်ပင်ကို အကြောင်းကြားပြီး စစ်တဲ့အခါ အမှိုက်ပုံးကြီးမှာ YCDC လို့ ရေးထားတဲ့ နေရာကို သဘော်ဆေးအဖြူနဲ့သုတ်ထားတယ်၊ ပုံးအမှတ် ၀၁၂ နဲ့ မီးဖိုချောင်ထွက် အမှိုက်များစွန့်ရန်ဆိုတဲ့ စတေကာနှစ်ခုကို ခွာထားတာတွေ တွေ့ရတယ်ဗျ " ဟု ဆိုခဲ့ပါတယ်။

မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက "ပုံးကို စစ်ကြည့်တဲ့အခါ ပုံးမှာ အနံ့အသက် လုံးဝမရှိတော့ဘူး။ အသေအချာ အကျအန ဆေးကြောထားတာတွေ့ရတယ်"ဟု ဆိုသည်။

အမှိုက်ပုံးရောက်လာခဲ့ပုံမှာလည်း အံ့ဩစရာပင်၊ စတင်ပျောက်ခဲ့စဉ်ကလည်း မည်သည့်အချိန်က မည်သူမည်ဝါယူသွားသည် မသိလိုက်ကြသလို၊ ယခုလိုပြန်တွေ့ရသည့်အခါ၌လည်း မည်သည့်အချိန်က မည်သူမည်ဝါလာရောက်ထားသွားသည်ကို မသိနိုင်အောင် ဖြစ်လျက်ရှိသည်။

ထိုကိစ္စရပ်နှင့် ပတ်သက်၍ လက်သည်ကို အမြန်ဆုံး ဖမ်းမိနိုင်ရေးအတွက် မြို့နယ်ရဲစခန်းမှ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အခြားသက်ဆိုင်ရာတာဝန်ရှိသူများကလည်း စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည့်အပြင် နောင်ဤကဲ့သို့ ကိစ္စရပ်မျိုး မပေါ်ပေါက်နိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပျောက်ဆုံးသွားသော စည်ပင်မှအမှိုက်ပုံးကြီးကို ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနောက်ဘက်တွင် ဤသို့ပြန်တွေ့ရသည်။



သစ်သားချပ်များပေါ်၌ရေးထားသော ရှေးခေတ်သန်းခေါင်စာရင်း ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ဖူကူအိုမာစီရင်စု၌ တွေ့ရှိ

အိုဆာကာ ဇွန် ၂၉

ခုနစ်ရာစုခန့်က ဂျပန်လူမျိုးတို့ သစ်သားချပ်များပေါ်တွင် ရေးသားထားသည့် ရှေးအကျဆုံးသန်းခေါင်စာရင်းများကို ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ဖူကူအိုမာစီရင်စုရှိ ဒါဇီဖူမြို့မြေအောက်မှ ဂျပန်ရှေးဟောင်းသုတေသနပညာရှင်များက ဇွန် ၂၉ ရက်၌ တွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ယခုတွေ့ရှိရသော သစ်သားများပေါ်၌ ရေးသားထားသည့်သန်းခေါင်စာရင်း (ဝဲပုံ)မှာ ရှေးအကျဆုံးဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏သမိုင်းတွင်လည်း ရှေးအကျဆုံးဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ အဆိုပါသန်းခေါင်စာရင်းအဖြစ် ရေးသားထားသောသစ်သားပြားလေးမှာ အရွယ်အစားအနေဖြင့် အရှည် ၃၁ စင်တီမီတာရှိပြီး အကျယ် ၈ စင်တီမီတာခန့်ရှိသည့်အပြင် အရေအတွက်မှာ ၁၀ ချပ်ဖြစ်သည်။

၎င်းသစ်သားပြားလေးများပေါ်၌ မိသားစု ၁၆ စု၏ မိသားစုဝင်အမည်စာရင်းများ၊ မွေးသက္ကရာဇ်များကို မျက်နှာနှစ်ဖက်စလုံး၌ ရေးသားထားခြင်းဖြစ်သည်။ ထိုသို့မှတ်တမ်းတင်ရေးသားခဲ့သည့်ကာလမှာ ၆၈၅ ခုနှစ်နှင့် ၇၀၁ ခုနှစ်တို့အကြား၌ မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ထို့အတူ ဂျပန်နိုင်ငံ၏အခြားနေရာအချို့တွင်လည်း ရှစ်ရာစုခန့်က မှတ်တမ်းတင်ရေးသားထားခဲ့သည့် သန်းခေါင်စာရင်း သစ်သားချပ်လေးများကို သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်။ ယင်းဒေသမှာ ဂျပန်နိုင်ငံအနောက်တောင်ပိုင်းဒေသအချို့တွင်ဖြစ်ပြီး ၇၀၁ ခုနှစ်နှင့် ၇၉၄ ခုနှစ်ခန့်က မှတ်တမ်းတင်ထားခဲ့သော သစ်သားချပ်များပေါ်၌ ရေးသားထားသည့် သန်းခေါင်စာရင်းများဖြစ်သည်။ (အင်တာနက်)



အလွန်ကြီးမားသော ရုပ်မြင်သံကြားဖန်သားပြင်များ တရုတ်မြို့ကြီးများရှိ ရုပ်ရှင်ရုံများ၌ တပ်ဆင်မည်

ပေကျင်း ဇွန် ၂၉

တရုတ်နိုင်ငံ မြို့ကြီးများတွင်ရှိသော ရုပ်ရှင်ရုံပေါင်း ၁၀၀ ခန့်တွင် ပိတ်ကားများအစား ဒီမက်အမျိုးအစားကြီးမားသော ရုပ်မြင်သံကြားပြစက်ကြီးများဖြင့် အစားထိုးတပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်ကို လာမည့်သုံးနှစ်အတွင်း အပြီးပြုလုပ်သွားမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားပြစက်ကြီးများထုတ်လုပ်သည့် တရုတ်ရုပ်ရှင်ကော်ပိုရေးရှင်းက ဇွန် ၂၉ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ ရုပ်မြင်သံကြားပြစက်ကြီးများ (အပေါ်ပုံ)သည် အလျား ၄၈ ပေ ခန့်ရှိပြီး ပိတ်ကားများအစား အဆိုပါပြစက်ကြီးကို အစားထိုးသွားရန် သဘောတူညီမှုရရှိထားပြီဖြစ်သည်။ ထိုသို့ အရွယ်အစားကြီးမားသော ရုပ်မြင်သံကြားပြစက်ကြီးများကို ပြောင်းလဲတပ်ဆင်ခြင်းသည် ပြည်တွင်း၌ ရုပ်ရှင်ကြည့်ပရိသတ်ပိုမိုတိုးတက်စေရန် ဆွဲဆောင်မှုတစ်ရပ်အဖြစ် တပ်ဆင်သွားရန် စီစဉ်ခြင်းဖြစ်သည်။

စီစဉ်လျက်ရှိ

ထိုသို့တပ်ဆင်ရန် ကနေဒါနိုင်ငံမှ အိုင်မက်ကုမ္ပဏီနှင့် တရုတ်ရုပ်ရှင်ကော်ပိုရေးရှင်းတို့က ပူးတွဲဆောင်ရွက်မည်ဖြစ်သည်။ လောလောဆယ်တွင် ၎င်းကုမ္ပဏီနှစ်ခုတို့က ပူးတွဲထုတ်လုပ်သည့် ဒီမက်အမျိုးအစားဖန်သားပြင် ၆၀ ကို ပထမအသုတ်အနေဖြင့် တပ်ဆင်သွားရန် စီစဉ်လျက်ရှိသည်။ အဆင့်မြင့် ပြစက်ကြီးကြီးများတပ်ဆင်ထားသည့် ရုပ်ရှင်ရုံများ၌ လာမည့် နွေရာသီမှစတင်ကာ တရုတ်ရုပ်ရှင်ပရိသတ်များ ကြည့်ရှုခွင့်ရရှိတော့မည်ဖြစ်သည်။ (အင်တာနက်)

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၌ တောမီးများလောင်ကျွမ်း၊ လေယာဉ်များဖြင့်မီးငြိမ်းသတ်ခဲ့ရ

ဝါရှင်တန် ဇွန် ၂၉

အမေရိကန်ကော်လိုရာဒိုပြည်နယ်တွင် တောမီးများအဆက်မပြတ်လောင်ကျွမ်းလျက်ရှိရာ အနီးဝန်းကျင်ရှိ နေအိမ်အများအပြား မီးလောင်ကျွမ်းခံရပြီး ဒေသခံ ၃၀၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့အရာရှိများက ဇွန် ၂၉ ရက်တွင် ပြောကြားသည်။ (အောက်ပုံ)

ကော်လိုရာဒိုပြည်နယ်၌ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ကော်လိုရာဒိုစပရင်းမြို့ မြောက်ပိုင်း အထက်တန်းစာသင်ကျောင်းတစ်ကျောင်းကို အရေးပေါ်ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးထားရသည်။ ယခုအခါ တောမီးလောင်မှုမှာ ၂၄ စတုရန်းမိုင်ခန့်အထိ သစ်တောဧရိယာများ မီးဘေးသင့်ခံနေရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် အနီးဝန်းကျင်ရှိ နေအိမ် ၁၀၀ ကျော် မီးလောင်ခံရသဖြင့် ကယ်ဆယ်ရေးအဖွဲ့ဝင် ၃၀၀၀၀ကျော်အား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ယင်းဒေသသို့ စေလွှတ်ထားပြီဖြစ်သည်။ လေတိုက်ခတ်မှုနှင့် ဒေသအပူချိန်မြင့်တက်မှုတို့ကြောင့် တောမီးလောင်ကျွမ်းမှုကို ပိုမိုဖြစ်ပွားစေလျက်ရှိသည်။

တောမီးလောင်ကျွမ်းနေမှုကို မီးငြိမ်းသတ်လေယာဉ်များအသုံးပြုကာ မီးငြိမ်းသတ်နေသလို မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များကလည်း ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိသည်။ တောမီးမှာ ဆက်လက်လောင်ကျွမ်းနေဆဲဖြစ်ရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်များ အင်အားထပ်မံစေလွှတ်ကာ တောမီးကိုထိန်းချုပ်နိုင်ရေး ကြိုးစားလျက်ရှိသည်။ (အင်တာနက်)

ပါကစ္စတန်နိုင်ငံတွင် ရထားဘူတာရုံအတွင်း ဗုံးပေါက်ကွဲ ၁၀ ဦးသေဆုံး၊ ၃၀ ထက်မနည်း ဒဏ်ရာရ

အစ္စလမ္မာဘတ် ဇွန် ၂၉

ပါကစ္စတန်နိုင်ငံ အနောက်ပိုင်းတွင်ရှိသော ဆက်ဘီမြို့တွင်းရှိ ဘူတာရုံတွင် ဇွန် ၂၇ ရက်ညက ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ သေဆုံးသူ ၁၀ ဦးရှိခဲ့ပြီး ၃၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သည်။

ဆက်ဘီဘူတာရုံအတွင်းရှိ စင်္ကြံအမှတ်(၂)ရှိ ထိုင်ခုံတစ်လုံးအောက်၌ တပ်ဆင်ထားသောဗုံးမှာ ယင်းနေ့ဒေသစံတော်ချိန် ည ၁၁ နာရီခန့်က ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် စင်္ကြံပေါ်တွင်ရှိနေသော ခရီးသည်များစွာသေဆုံးခြင်းနှင့် ဒဏ်ရာရရှိခြင်းများဖြစ်ပွားပြီး သေဆုံးသူများတွင် ကလေးငယ်နှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးတို့လည်း ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။ (ဝဲပုံ)

ဖြစ်ပွားခဲ့

ဘူတာရုံတွင် ခန့်မှန်းခြေခရီးသည် ၂၅၀ တင်ဆောင်လာသော ရာဝါပန်ဒီမှ ကွီအက်တာသို့ ပြေးဆွဲသည့်ရထား ဆိုက်ရောက်ရပ်နားခဲ့ပြီးနောက် ငါးမိနစ်အကြာတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စင်္ကြံပေါ်ရှိ ဗုံးပေါက်ကွဲရာ နေရာမှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်အနီးတွင်ဖြစ်ပြီး လူအများအပြားရှိနေချိန်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ယင်းနေရာကို ချက်ချင်းပင် တားမြစ်နယ်မြေအဖြစ် ရဲတပ်ဖွဲ့များက ကန့်သတ်လိုက်ပြီး ဗုံးရှင်းလင်းရေးတပ်ဖွဲ့ကလည်း ဘူတာရုံအတွင်း နောက်ထပ်ဗုံးများ ရှိမရှိ ရှာဖွေမှုများပြုလုပ်ခဲ့ကြသည်။ ဒဏ်ရာရသူအားလုံးကို ဆက်ဘီမြို့တွင်းရှိ ဆေးရုံများသို့ ခွဲခြားတင်ပို့ကာ ကုသမှုပေးထားကြောင်း၊ ယခုဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်းကမျှ ၎င်းတို့လက်ချက်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။ (ဆင်ဟွာ)

နိုင်ငံတကာသတင်းအတိုအထွာ ၂၉-၆-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

အီရန်မှ တူရကီသို့ ဆက်သွယ်သည့် ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ

တူရကီနိုင်ငံအရှေ့ပိုင်း အာရီပြည်နယ် နယ်စပ်တွင် အီရန်နိုင်ငံမှ တူရကီနိုင်ငံသို့ သဘာဝဓာတ်ငွေ့များပို့ပေးနေသည့် ဓာတ်ငွေ့ပိုက်လိုင်း၏ အပိုင်းတစ်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွားပြီး အဆိုပါပိုက်လိုင်း၏ ဓာတ်ငွေ့ပို့လွှတ်မှုကို ရပ်တန့်ခဲ့ကြောင်း ဇွန် ၂၈ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါပေါက်ကွဲမှုသည် အာရီပြည်နယ် ဟီဒါလီနှင့် ကာလန်ဒါကျေးရွာနှစ်ရွာကြား ဇွန် ၂၇ ရက်က ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဇွန် ၂၈ ရက်တွင် ထုတ်ပြန်သည်။ ၎င်းဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုကြောင့် သဘာဝဓာတ်ငွေ့ပို့လွှတ်မှုကို လေးရက်မှ ငါးရက်အထိ ဖြတ်တောက်သွားမည်ဖြစ်ကြောင်း၊ မည်သည့်အတွက်ကြောင့် ပေါက်ကွဲရသည်ကို မသိရသေးကြောင်း၊ ဖြစ်ပွားရသည့်အကြောင်းအရင်းကို စုံစမ်းနေကြောင်း တူရကီစွမ်းအင်ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ (ပရက်စ်တီဗွီ)

စီချွမ်ပြည်နယ်၌ မြေပြိုမှုဖြစ်ပွား၊ ၄၀ ပျောက်ဆုံး

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ တောင်ထူထပ်သော ဒေသတွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ကြီးမားသောမြေပြိုမှုများဖြစ်ပေါ်ပြီး ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းမှ အလုပ်သမား ၄၀ ခန့် ပျောက်ဆုံးလျက်ရှိကြောင်း ဇွန် ၂၈ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ဒေသဆိုင်ရာမီဒီယာများ၏ ထုတ်ပြန်ချက်အရ အဆိုပါဖြစ်ပွားမှုသည် ဇွန် ၂၇ ရက်ညက စီချွမ်ပြည်နယ် ဒိုင်နမ်စီရင်စုအတွင်း၌ အလုပ်သမားများ ရေအားလျှပ်စစ်စီမံကိန်းတစ်ခုတည်ဆောက်နေချိန်တွင် ထိုသို့ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ ကယ်ဆယ်ရေးသမားများက အဆိုပါဆောက်လုပ်ရေးအဖွဲ့နေထိုင်သည့်စခန်းနှင့် အဆက်အသွယ်မရရှိသေးကြောင်း စီချွမ်နေ့စဉ်ထုတ်သတင်းစာကဖော်ပြသည်။ ဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးသမားများကို ချက်ချင်းစေလွှတ်ခဲ့ကြောင်း၊ ကနဦး စစ်ဆေးချက်အရ ပျောက်ဆုံးသည့် အလုပ်သမားများမှာ ခန့်မှန်းခြေ ၃၈ မှ ၄၁ ဦး ရှိပြီး ၎င်းတို့မှာ ပိတ်မိနေခဲ့ခြင်းဖြစ်ကြောင်း မီဒီယာများက ပြောကြားသည်။ ဘာဟီတန်အမည်ရှိ အဆိုပါရေအားလျှပ်စစ်ထုတ်လုပ်သည့် ရေကာတာသည် တရုတ်နိုင်ငံ၏ အရှည်ဆုံးမြစ်ဖြစ်သည့် ယန်စီမြစ်၏အထက်ပိုင်းရှိ အဓိကမြစ်လက်တက်ဖြစ်သည့် ကျင်ရှာမြစ်ကိုခွဲပြီး တည်ဆောက်ထားခြင်းဖြစ်သည်။ (အောက်ပုံ) (ပရက်စ်တီဗွီ)

တန်ဇန်းနီးယားတွင် တရားမဝင်နိုင်ငံဖြတ်ကျော်ဝင်ရောက်ခဲ့သူများ ကားအတွင်း ပိတ်လှောင်ကာ အသက်ရှူကျပ်ပြီး ၄၅ ဦးသေဆုံး

ဒါအိဆလမ် ဇွန် ၂၉

တန်ဇန်းနီးယားနိုင်ငံအလယ်ပိုင်းတွင် အီသီယိုးပီးယားနှင့် ဆိုမာလီနိုင်ငံသားများဖြစ်ဖွယ်ရှိသော တရားမဝင်ဖြတ်ကျော်ဝင်ရောက်လာသူများသည် ထရပ်ကားအတွင်း ပိတ်လှောင်ကာ ခိုးဝင်ရောက်လာရခြင်းကြောင့် အသက်ရှူကျပ်ကာ အနည်းဆုံး ၄၅ ဦးသေဆုံးခဲ့ကြောင်း ဇွန် ၂၈ ရက်က မီဒီယာသတင်းများတွင် ဖော်ပြသည်။

စိုးရိမ်ဖွယ်ရှိ

ကောင်ဝါခရိုင် ချီတစ်ဂိုကျေးရွာအတွင်း ကင်ညာမှမော်လဝီနိုင်ငံသို့ ဆက်သွယ်ထားသောကားလမ်းမတစ်နေရာတွင် ဝမ်းနည်းဖွယ်ကောင်းသည့် အဆိုပါ လူသေဆုံးမှုဖြစ်ပွားခြင်းဖြစ်ပြီး အသက်ကြီးပိုင်းအများစု သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း၊ အသက်ရှင်ကျန်ရစ်ခဲ့သူ လူငယ်လူရွယ်များမှာလည်း များစွာအင်အားချည့်နဲ့လျက်ရှိပြီး ၎င်းတို့အနက် တချို့သူများ၏အခြေအနေမှာ စိုးရိမ်ဖွယ်အနေအထားရှိကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

ယခုအဖြစ်ဆိုးနှင့်ပတ်သက်ပြီး တန်ဇန်းနီးယားအာဏာပိုင်များက စုံစမ်းမှုများပြုလုပ်လျက်ရှိပြီး နိုင်ငံဖြတ်ကျော်ဝင်ရောက်သူများတင်ဆောင်ခဲ့သည့် ထရပ်ကားကို ရှာဖွေလျက်ရှိသည်။ ယင်းထရပ်ကားဖြင့် နိုင်ငံဖြတ်ကျော်ဝင်ရောက်သူ ၁၁၃ ဦးအား တင်ဆောင်ခဲ့ခြင်းဖြစ်ပြီး ကားဒရိုင်ဘာသည် လိုက်ပါလာသူများ အသက်ရှူမွန်းကျပ်သည့် အဖြစ်ဆိုးကြုံလျက်ရှိသည်ကို သိရှိသည်နှင့် ခရီးသည်အားလုံးအား အနီးရှိ ချုံတောထဲပစ်ထားခဲ့ပြီး ကိုယ်လွတ်ရုန်း မောင်းပြေးသွားခဲ့သည်။

ရွှေ့ပြောင်းကြ

ဥပဒေစိုးမိုးမှုလျော့ရဲသော ဆိုမာလီနိုင်ငံနှင့် မိုးခေါင်မှုဒဏ်ကြုံတွေ့နေရသည့် အီသီယိုးပီးယားနိုင်ငံတို့မှ တရားမဝင်နိုင်ငံဖြတ်ကျော်ဝင်ရောက်ကြသူများကို ကင်ညာနိုင်ငံတွင်းသို့ ခရီးထောက်အဖြစ် ဦးစွာမှောင်ခိုသွင်းကြလျက်ရှိပြီး ထိုမှ တစ်ဆင့်ဦးတည်ရာ မော်လဝီနိုင်ငံသို့ ရွှေ့ပြောင်းကြခြင်းဖြစ်သည်။ (ဆင်ဟွာ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦး ရွှေ မန်း အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတ နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Marzuki Alie. SE.MM ဦး ဆောင် သော ကိုယ် စား လှယ် အ ဖွဲ့ အား နေ ပြည် တော် ရှိ လွှတ် တော် အဆောက် အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Marzuki Alie. SE.MM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ ချစ်ကြည်ရင်းနှီးမှုကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက်စိုက်ထည့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး ဥပစာမြက်ခင်းပြင်စိုက်ခင်း၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုး ပွဲအထိမ်းအမှတ်အဖြစ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက သတ်မှတ်နေရာများ၌ အရိပ်ရ လေကာပင်များနှင့် နှစ်ရှည်သီးပင်စားပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများစုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ရေကန်အမှတ်(၃) အတွင်းသို့ ငါးမျိုးသားပေါက်များစိုက်ထည့်ပေးပြီး**(အောက်ပုံ)** ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်းများနှင့် အမှုထမ်းများက ငါးမျိုးသားပေါက်များ စိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ ရင်းမာ၊ စိန်ပန်း၊ ကံ့ကော်၊ စွယ်တော်၊ ကွမ်းသီး၊ ပိန္နဲ၊ အုန်း၊ သရက်၊ ငှက်ပျော၊ ရေတမာ၊ မဟော်ဂနီ၊ ပျဉ်းမပင်၊ မဲဇလီ၊ ခရေနှင့် ငုရွှေဝါ စုစုပေါင်း အပင် ၉၅၀ စိုက်ပျိုးပေးပြီး ငါးကြင်းရွှေဝါ၊ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ မြက်စားငါးကြင်းနှင့် တီလားပီးယား ငါးသားပေါက်များကို မျိုးစိုက်ထည့်ပေးခဲ့သည်။

စိုက်ပျိုး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးခဲ့ရာ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်အထိ အရိပ်ရ လေကာပင်နှင့် နှစ်ရှည်သီးပင်စားပင် စုစုပေါင်း ၂၄၉၂၄ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၆-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၀ နံနက်ခင်းသတင်း
- ၈:၄၀ International News
- ၈:၄၅ Local Talent

နေ့လယ်ပိုင်း

- ၁၂:၀၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၄:၃၀ **ရောဝတီအတွက်နောက်ထပ် တံတားတစ်စင်း** (အပိုင်း-၁)
- ၁၄:၅၀ International News

ညပိုင်း

- ၄:၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၈:၀၀ ပြည်တွင်းသတင်း

ပါတီရန်ပုံငွေ၊ ငွေကြေးနှင့် ပစ္စည်းများကို စနစ်တကျ စာရင်းပြုစုထားရှိရေးထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ညွှန်ကြားချက်အမှတ် (၁/၂၀၁၂)

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်
(၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

အကြောင်းအရာ။ **ပါတီရန်ပုံငွေ၊ ငွေကြေးနှင့် ပစ္စည်းများကို စနစ်တကျ စာရင်းပြုစုထားရှိရေး**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီပိုင်ရန်ပုံငွေ၊ ငွေကြေး၊ ပစ္စည်းများထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၆ အရ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများသည် မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ သတ်မှတ်ချက်များနှင့် ကိုက်ညီသော ပါတီဝင်ခွင့်လျှောက်ထားသူများအား ပါတီဝင်အသိအမှတ်ပြုလွှာများ ထုတ်ပေးခြင်း၊ ပါတီဝင်များထံမှ ပါတီဝင်ကြေး၊ ပါတီလစဉ်ကြေးများ ကောက်ခံခြင်းနှင့် စည်းရုံးခြင်းများကို ပါတီစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ခွင့်ရှိပါသည်။ ထို့အပြင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၆ နှင့် နည်းဥပဒေ ၂၁ တို့အရ လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း မိမိပါတီစည်းရုံးရေးနှင့် မိမိပါတီကို ကိုယ်စားပြုယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် သတ်မှတ်ထားသည့် အသုံးစရိတ်များကို ကျခံသုံးစွဲခွင့်ရှိပါသည်။

၃။ နိုင်ငံရေးပါတီများသည် ပါတီပိုင်ရန်ပုံငွေ၊ ငွေကြေး၊ ပစ္စည်းများထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၅၊ ၁၆ နှင့် နည်းဥပဒေ ၁၉၊ ၂၁ တို့အရ အောက်ပါစာရင်းများကို စနစ်တကျပြုစု၍ စာရင်းစာအုပ်များ၊ မှတ်တမ်းစာအုပ်များ၊ အထောက်အထားများ ထားရှိဆောင်ရွက်ကြရပါမည်-

(က) ပါတီဝင်ကြေးနှင့် ပါတီလစဉ်ကြေးစာရင်း၊
(ခ) ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းကဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ နိုင်ငံသားပိုင်ကုမ္ပဏီ သို့မဟုတ် အစုအဖွဲ့ကဖြစ်စေ ၎င်းတို့တရားဝင်ရရှိထားသော ငွေကြေးပစ္စည်းများထဲမှ ပါတီသို့ လှူဒါန်းထည့်ဝင်သည့် ငွေကြေးနှင့် ပစ္စည်းစာရင်း၊
(ဂ) ပါတီပိုင် စီးပွားရေးလုပ်ငန်းများမှ တရားဝင်ရရှိသောငွေနှင့် အမြတ်အစွန်းရရှိမှုမှတ်တမ်း၊
(ဃ) ပါတီပိုင်ရန်ပုံငွေ၊ ပါတီ၏ ရငွေ၊ သုံးငွေစာရင်း၊
(င) ပါတီပိုင်ပစ္စည်း၊ ပါတီက ဝယ်ယူရရှိထားသောပစ္စည်းစာရင်း၊
(စ) ပါတီစည်းရုံးရေးအတွက် ပါတီစည်းမျဉ်းနှင့်အညီ ကျခံသုံးစွဲသော အသုံးစရိတ်စာရင်း၊
(ဆ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ပါတီရန်ပုံငွေမှ ကျခံသုံးစွဲသော ရွေးကောက်ပွဲအသုံးစရိတ်စာရင်း။

၄။ နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၇ နှင့် နည်းဥပဒေ ၂၂ အရ မိမိပါတီ၏ နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက်ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့်စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ယင်းစာရင်းများကို ပါတီတွင်း စာရင်းစစ်ကော်မတီတစ်ရပ်ထားရှိစစ်ဆေးစေခြင်း၊ ပါတီစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလအတွင်းပြီးပြတ်အောင် ဆောင်ရွက်ထားရှိရပါမည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၂၃ တို့အရ ပါတီတစ်ခု၏ စာရင်းများကို စစ်ဆေးရန်လိုအပ်လျှင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကူအညီကို ရယူ၍ စစ်ဆေးမည်ဖြစ်သည်။

၆။ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများသည် ပါတီပိုင်ရန်ပုံငွေ၊ ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ ထိန်းသိမ်းဆောင်ရွက်ကြရာတွင် အပိုဒ်(၃)ပါအတိုင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျပြုစုထားရှိကြရန်နှင့် ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က လိုအပ်၍စစ်ဆေးသည့်အခါ စစ်ဆေးခံနိုင်ရေးအတွက် အပိုဒ်(၄)ပါအတိုင်း အတည်ပြုဆောင်ရွက်ထားကြရန် ညွှန်ကြားလိုက်သည်။

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းဖွင့်လှစ်ရေးဟောပြောမည်

ရန်ကုန် ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံ ကုန်သည်စက်မှုအသင်းတက္ကသိုလ် (University of Thai Chambers of Commerce and Industry)တို့သည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပညာရေးအစီအစဉ်အရ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို ယမန်နှစ်က လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါစာချွန်လွှာအရ ကုန်သည်/စက်မှုအသင်းချုပ်၏ အသင်းဝင်များ၊ ညီနောင်အသင်းဝင်များနှင့် ၎င်းတို့၏ ဝန်ထမ်းများ၊ မိသားစုဝင်များမှ အပြည်ပြည်ဆိုင်ရာ စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့ကို ဆက်လက်သင်ယူလိုသော ဘွဲ့ရလူငယ်မောင်မယ်များအတွက် အထောက်အကူပြုစေမည့် Master of Business Administration (Global MBA)Offshore Program ကို ယခုနှစ် ဩဂုတ်လအတွင်းစတင်သင်ကြားပို့ချမည်ဖြစ်ကြောင်းသိရသည်။

ထိုပညာရေးအစီအစဉ် တရားဝင်အသိပေးဖွင့်လှစ်ခြင်း (Open House Program)နှင့် ရှင်းလင်းဟောပြောဆွေးနွေးပွဲကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(၁၆၈)**

စအိုမပါသော ကလေးငယ် ခွဲစိတ်ကုသမည်

မော်လမြိုင်ကျွန်း ဇွန် ၂၉

မွေးရာပါ စအိုပေါက်မပါသော သမီးငယ်ကို မော်လမြိုင်ကျွန်းမြို့နယ်၌ လွန်ခဲ့သောသုံးနှစ်က မွေးဖွားခဲ့ရာ မကြာမီ ခွဲစိတ်ကုသနိုင်ရန် စီစဉ်လျက်ရှိသည်။ ယခုအခါ ကျင်ကြီးကျင်ငယ်စွန့်ရန် ဗိုက်တွင် အပေါက်ဖောက်ထားရသည်။ ကလေးငယ်မှာ မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာအုပ်စု ကြက်လျှာ ရွာမကျေးရွာနေ ဦးဝင်းမြင့်-ဒေါ်ဖြူဖြူတို့၏ သမီး မစန်းယုခိုင်ဖြစ်သည်။ ရန်ကုန်မြို့တွင် ခွဲစိတ်ကုသရန်အတွက် အသုံးစရိတ် လိုအပ်လျက်ရှိပြီး အလှူရှင်များက လှူဒါန်းလျက်ရှိရာ ဇွန် ၂၄ ရက် နံနက် ၉ နာရီက ငွေလှူဒါန်းပွဲကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ယင်းငွေလှူဒါန်းပွဲတွင် အလှူရှင်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်ထားထားလွင်က ငွေကျပ် ငါးသောင်းလှူဒါန်းရာ အလှူရှင်ကိုယ်စား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သန်းသန်းအေးက ကလေးမိခင်ဒေါ်ဖြူဖြူထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၀၆၅)**

တာမွေမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ရပ်ရွာအခြေပြုလူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ သင်တန်းဖွင့်ပွဲကို ဇွန် ၂၃ ရက်က မေတ္တာညွန့်ရပ်ကွက် မေတ္တာပုညကာရီဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (၀၄၄)

30-6 (06).pmd 1 6/30/2012, 3:58 AM

ပြည်ထောင်စုဝန်ကြီးများ ရခိုင်ပြည်နယ်ဒေသခံများနှင့်တွေ့ဆုံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၉

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေ အရပ်ရပ်ကြောင့် ပြောင်းရွှေ့လာကြသည့် ဒေသခံပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးနှင့် ဦးအောင်ကြည်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဦးဘုန်းဆွေ၊ ဦးကျော်ကျော်ဝင်းတို့ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ စက်ရုံစုရပ်ကွက်အတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် ကျောင်းတက်လမ်းရပ်ကွက် ရွှေစေတီကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းရှိ ဒေသခံပြည်သူများအား တွေ့ဆုံ၍ နိုင်ငံတော်၊ တိုင်းရင်းသားပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက လတ်တလောအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ တည်ငြိမ်အေးချမ်းပြီး လုံခြုံမှုရှိစေရန် ဆက်လက်စီမံ ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ၊ ပျက်စီးဆုံးရှုံးခဲ့ရသည့် အိုးအိမ်များ ပြန်လည်ထူထောင်ရာတွင် ပြည်သူများ၏ဆန္ဒနှင့်အညီ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားကြပြီး စခန်းအတွင်းရှိ မိသားစုများ၏ နေထိုင်စားသောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် စစ်တွေမြို့နယ်အတွင်း အခြေအနေအရပ်ရပ်ကြောင့် ပြောင်းရွှေ့လာကြသည့် ဒေသခံပြည်သူများအတွက် ယာယီတည်းခိုနိုင်ရန် ရွာကြီးတောင်ရပ်ကွက် ဝင်္ဂပါကွင်းအတွင်း နေရာချထားပေးနိုင်မည့် အခြေအနေများကို ကြည့်ရှုလေ့လာကြပြီး မောလိပ်ရပ်ကွက်၌ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များက စက်ယန္တရားကြီးများဖြင့် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စစ်တွေမြို့ တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သကျမုနိဘုရားကြီးသိမ်တော်အတွင်း ယာယီလာရောက်တည်းခိုနေထိုင်ကြသည့် ဒေသခံ မိသားစုဝင်များအား တွေ့ဆုံအားပေးပြီး **(ယာပုံ)** လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများသည် သဲချောင်းကျေးရွာအနီး ကျန်းမာရေးဝန်ကြီးဌာန၏ ယာယီဆေးရုံနှင့် ဆေးခန်းတို့ကို ကြည့်ရှုစစ်ဆေးကြပြီး သက္ကေပြင်ကျေးရွာအနီး ပြောင်းရွှေ့လာသူများနေထိုင်နိုင်ရန် ယာယီတဲများ တည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ပခုက္ကူခရိုင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ ရက်က ပခုက္ကူပညာရေးကောလိပ်၌ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိသူများကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်ဝင်း ဆုများ ပေးအပ်ချီးမြှင့်စဉ်။ (၁၀၂)

သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်တိုက်မိ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

မြန်မာ့အလင်း မှုခင်းသတင်း

တောင်ငူ ဇွန် ၂၉

ဇွန် ၂၇ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က တောင်ငူမြို့ (၁၉) ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း လမ်းဆုံမီးပွိုင့်အနီး သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင် တိုက်မိရာမှ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိခဲ့သည်။

ဖြစ်ပွားပုံမှာ တောင်ငူမြို့ (၁၁) ရပ်ကွက် ဈေးလမ်းနေ သံရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးဝင်းအောင်(ဘ) ဦးဘအေး အသက်(၅၄)နှစ်နှင့် နောက်တွင် တောင်ငူမြို့ ထီးလှိုင်ရပ်ကွက် ကန်ပတ်လမ်းနေ အထွေထွေလုပ်သား ဦးပိန် (ဘ)ဦးတင်လှ အသက်(၆၄)နှစ်တို့ စီးနင်း၍ မြောက်မှတောင်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်အမှတ် ၃ ယ/. . . နှင့် ညောင်ပင်လေးဈေးသို့ အမဲသားပို့ဆောင်၍ တောင်မှမြောက်သို့ ဒရိုင်ဘာ မျိုးအောင်(ဘ) ဦးအောင်မြဝင်း အသက် (၃၂)နှစ် (၂)ရပ်ကွက်နေသူ မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ် အမှတ် ၁ ဟ/. . . တို့သည် အထက်ပါ မီးပွိုင့်တွင် မျက်နှာချင်းဆိုင် တိုက်မိရာမှ ဦးဝင်းအောင်မှာ ဦးခေါင်းဒဏ်ရာဖြင့် သေဆုံးသွားပြီး ဆိုင်ကယ်နောက်တွင် စီးလာသူ ဦးပိန် ညာဘက်တင်ပါးနှင့် ခြေသလုံးတို့တွင် ဒဏ်ရာရရှိသွားသည်။

သုံးဘီးဆိုင်ကယ် မောင်းသူသည် ယာဉ်တိုက်မှုဖြစ်ပွားပြီး သုံးဘီးနှင့်အတူ ထွက်ပြေးတိမ်းရှောင်သွားပြီးနောက် သုံးဘီးဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိပြီး တောင်ငူအမှတ် (၁) ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ **(၁၁၅)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကမ္ဘာ့မြေထိပ်သီးညီလာခံ၏ အနှစ် ၂၀ ခရီး

မောင်သစ်တော

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကမ္ဘာ့မြေထိပ်သီးညီလာခံဟု လူသိများသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံကို ၁၉၉၂ ခုနှစ်တွင် ကျင်းပခဲ့ပါသည်။ ရာသီဥတုပြောင်းလဲခြင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းဆိုင်ရာ သဘောတူညီချက်များ၊ လူသားများ၏ လုပ်ဆောင်ချက်များကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို ဖြေရှင်းရန်အတွက် ၁၇၈ နိုင်ငံမှ သဘောတူလက်ခံထားသော ၂၁ ရာစုနှစ် အစီအစဉ် (Agenda 21)အပါအဝင် အရေးကြီးသော သဘောတူညီချက်များကို ကမ္ဘာ့မြေထိပ်သီးညီလာခံမှ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၁၂ ခုနှစ်တွင် ရီယို + ၂၀ ကမ္ဘာ့မြေထိပ်သီးညီလာခံ (Rio + 20 Earth Summit) (သို့မဟုတ်) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံကြီးကို လွန်ခဲ့သော အနှစ် ၂၀ က ကျင်းပခဲ့သည့် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ဇွန် ၂၀ ရက်မှစတင်၍ ကျင်းပခဲ့ပါသည်။ အဆိုပါညီလာခံတွင် အစိမ်းရောင်စီးပွားရေးလုပ်ငန်းစဉ်၊ ဆင်းရဲမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာမူဘောင် စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပါသည်။ အဓိကရည်ရွယ်ချက်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒနှင့် သဘောတူညီချက်များကို သက်တမ်းတိုးမြှင့်ရန် ဆောင်ရွက်အကောင်အထည်ဖော်မှုများအား ပြန်လည်သုံးသပ်ရန်၊ လိုအပ်သည့်အချက်များကို ရှာဖွေဖော်ထုတ်ရန်နှင့် ယခုလက်ရှိနှင့် အနာဂတ်တွင်ဖြစ်ပေါ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်ဖြစ်ပါသည်။

ပြောင်းလဲနေသော ပတ်ဝန်းကျင်အခြေအနေနှင့် မျက်ခြည်မပြတ်စေရေး၊ လိုက်လျောညီထွေဖြစ်စေရေး အယူအဆကို ၁၉၉၂ ခုနှစ် ကမ္ဘာ့မြေထိပ်သီးညီလာခံကျင်းပစဉ်ကတည်းက ဆွေးနွေးခဲ့ကြပြီး Rio+ 20 ညီလာခံတွင် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင် (Global Environmental Outlook -5) အစီရင်ခံစာ တင်သွင်းမည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီး၏ ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများသည် အနှစ် ၂၀ အတွင်း မျှော်မှန်းထားသည်ထက် ပြောင်းလဲခဲ့ပြီးဖြစ်ပါသည်။ အမြဲပြောင်းလဲနေသော ကမ္ဘာ့အခြေအနေကို ပညာရေးနှင့် သုတေသနအဖွဲ့အစည်းများသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကြိုတင်ခန့်မှန်းနိုင်လာခဲ့ပါသည်။ လျင်မြန်စွာ ဖြစ်ပေါ်နေသော ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများနှင့် ရာသီဥတုပြောင်းလဲမှုများ၏ အကျိုးဆက်များကြောင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ မျိုးစိတ်များမျိုးသုဉ်းပျောက်ကွယ်ခြင်း၊ မြေအဆင့်အတန်းလျော့နည်းလာခြင်း၊ သမုဒ္ဒရာရေများ အရည်အသွေးကျဆင်းလာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

ကမ္ဘာပေါ်တွင်နေထိုင်သော လူဦးရေမှာ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် သန်းပေါင်း ၇၀၀၀ ထိ တိုးမြင့်လာပါသည်။ မြို့ပြလူဦးရေသည် ၂၀၀၉ ခုနှစ်တွင် စုစုပေါင်းလူဦးရေ၏ ၄၃ ရာခိုင်နှုန်းအထိ တိုးပွားလာခဲ့ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မြို့ပြများရှိ ဆင်းရဲသားဦးရေမှာ ၂၀၁၀ ခုနှစ်တွင် ၈၂၇ သန်းအထိ ရှိလာပါသည်။ လူဦးရေတိုးပွားလာမှုသည် ယခုလက်ရှိနှင့် အနာဂတ်တွင် ဖြစ်ပေါ်နိုင်သော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများ ဖြစ်ပါသည်။

တွင်းထွက်သယံဇာတများ၊ ရုပ်ကြွင်းလောင်စာများ၊ ဇီဝဒြပ်ထုများကဲ့သို့သော အခြေခံသယံဇာတများ၏ လိုအပ်ချက်မှာလည်း ၁၉၉၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း တန်သန်းပေါင်း ၄၂ သန်းမှ သန်း ၆၀ အထိ တိုးပွားလာခဲ့ပါသည်။ ၁၉၉၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်ကြားတွင် ရုပ်ကြွင်းလောင်စာ အသုံးပြုမှုများမှာ ယခင်ကာလထက် ၄၀ ရာခိုင်နှုန်းနီးပါး များပြားလာခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုမှာ ၂၀၁၀ ခုနှစ်တွင် တန်သန်းပေါင်း ၃၆၀၀၀ အထိ တိုးမြင့်လာပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စက်မှုဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများမှာ ၆၄ ရာခိုင်နှုန်းအထိ တိုးမြင့်လာသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများကြား ထုတ်လွှတ်မှုခြားနားချက်မှာ ၁၀ ဆ နီးပါးရှိပါသည်။ စွမ်းအင်ထုတ်လွှတ်မှုနှင့် လူသားများ၏ ပယောဂကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၊ စက်ရုံများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အခြားအသုံးချမှုများအတွက် အသုံးပြုသော ရုပ်ကြွင်းလောင်စာပမာဏ တဖြည်းဖြည်းတိုးပွားလာခြင်းကြောင့် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ တိုးပွားလာနေပါသည်။ ကမ္ဘာ့အပူချိန်မှာ ဆယ်စုနှစ်တစ်ခုလျှင် ၀ ဒသမ ၂ ဒီဂရီခန့် တဖြည်းဖြည်း မြင့်တက်နေပါသည်။

အမေရိကန်၊ ဗြိတိန်နှင့် ဂျပန်နိုင်ငံရာသီဥတုဆိုင်ရာ သုတေသနဌာနများ၏ မှတ်တမ်းများအရ ရာသီဥတုအခြေအနေမှာ ၁၉၉၈ ခုနှစ်မှစ၍ ပိုမိုပူပြင်းလာခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် ဝင်ရိုးစွန်းရှိ တောင်ပေါ်ဒေသရေခဲမြစ်များသည် တဖြည်းဖြည်း အရည်ပျော်လျက်ရှိပါသည်။ မြောက်လတ္တီတွဒ်တွင် အပူချိန် ၃ ဒီဂရီအထိ မြင့်တက်လျက်ရှိပါသည်။ ထိုသို့ အပူချိန်ပြင်းထန်စွာ ပြောင်းလဲမှုကြောင့် အာတိတ်ပင်လယ်ရှိ ရေခဲပြင်ပမာဏမှာ ၁၉၉၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း စတုရန်းကီလိုမီတာ ရှစ်သန်းမှ ငါးသန်းအထိ လျော့နည်းသွားပါသည်။

လေထုအပူချိန် တိုးမြင့်လာသကဲ့သို့ သမုဒ္ဒရာအပူချိန်သည်လည်း တဖြည်းဖြည်း မြင့်တက်လာသည်မှာ ၁၉၉၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ၀ ဒသမ ၂၂ ဒီဂရီမှ ၀ ဒသမ ၅ ဒီဂရီအထိ တိုးမြင့်လာပါသည်။ ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်လာခြင်းကြောင့် အာတိတ်၊ အန္တာလန္တိတ်နှင့် ဂရင်းလန်းရေခဲပြင်၏ ရေခဲအရည်ပျော်မှုများ ဖြစ်ပေါ်လာပြီး ပင်လယ်ရေမျက်နှာပြင်မှာ ၁၉၉၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကြားတွင် နှစ်စဉ် ၂ ဒသမ ၅ မီလီမီတာ ပျမ်းမျှနှုန်းဖြင့် ကမ္ဘာတစ်ဝန်းတွင် မြင့်တက်လျက်ရှိပါသည်။

လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ တိုးပွားလာခြင်းမှာ သမုဒ္ဒရာမျက်နှာပြင်၏ ဓာတုဗေဒဂုဏ်သတ္တိများကို ပြောင်းလဲသွားစေပြီး အက်စစ်ဓာတ်လည်း ပိုမိုများပြားလာပါသည်။ ရေနေသတ္တဝါများအတွက် ထင်ရှားသောအကျိုးဆက်မှာ သမုဒ္ဒရာရေ၏ချဉ်ငန်ဓာတ် (pH)မှာ ၁၉၉၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ၈ ဒသမ ၁၁ လက်မမှ ၈ ဒသမ ၀၆ လက်မသို့ လျော့နည်းသွားပါသည်။

သဘာဝတောများ ပျက်စီးမှုနှုန်းမှာ လွန်ခဲ့သောဆယ်စုနှစ်အတွင်းက တစ်နှစ်လျှင် ဟက်တာ ၁၆ သန်း ပျက်စီးလျက်ရှိပြီး တောင်အမေရိကနှင့် အာဖရိကဒေသများတွင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ခုနှစ်ကြားတွင် တစ်နှစ်လျှင် ဟက်တာ ၁၃ သန်းနီးပါး လျော့နည်းလာပါသည်။ ထိုသို့ သစ်တောများ ပျက်စီးပြုန်းတီးခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းစေရုံသာမက ကမ္ဘာကြီးပူနွေးလာမှုကို ယခင်ကာလထက် ၁၅ ရာခိုင်နှုန်းခန့် ဖြစ်ပေါ်စေပါသည်။ သစ်တောများပျက်စီးလျော့နည်းလာခြင်း၊ စက်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မြို့ပြတည်ဆောက်ခြင်းလုပ်ငန်းများကြောင့် ကမ္ဘာ့ဂေဟစနစ်၏ အခြေအနေမှာ ယိုယွင်းပျက်စီးလာပြီဖြစ်ပါသည်။

အပူပိုင်းဒေသတွင် ကျောရိုးရှိသတ္တဝါမျိုးစိတ် ၂၅၀၀ ကျော် အပါအဝင် သတ္တဝါမျိုးစိတ်ပေါင်း ၈၀၀၀ နီးပါးသည် စုစုပေါင်းအရေအတွက်၏ ၃၀ ရာခိုင်နှုန်း လျော့နည်းလာပြီး ရေချိုရေငန်ဒေသများတွင် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျော့နည်းလာပါသည်။ ထိုသို့မျိုးစိတ်များ လျော့နည်းလာမှုကို မျိုးသုဉ်းမည့်ငှက်များ၊ နို့တိုက်သတ္တဝါများနှင့် ကုန်းနေ ရေနေသတ္တဝါများစာရင်း (The Red List Index) တွင် အတိအကျဖော်ပြထားပြီး နှစ်စဉ် Red List စာရင်းတွင် မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်ရှိလာသော ကျောရိုးရှိမျိုးစိတ် ၅၂ မျိုးကို ထည့်သွင်းနေရပါသည်။

မျိုးစိတ်များပြုန်းတီးလျော့နည်းလာမှုကို ကာကွယ်စေရန်အတွက် ဇီဝဆိုင်ရာ အရေးကြီးသော ဇုန်များအဖြစ် ကာကွယ်ထားသော ဧရိယာ (Protected Area)ကို ၄၂ ရာခိုင်နှုန်းထိ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ကာကွယ်ထားသည့် ဧရိယာများမှာ ကမ်းရိုးတန်းတွင် ၇ ရာခိုင်နှုန်းရှိပြီး သမုဒ္ဒရာတွင် ၁ ဒသမ ၄ ရာခိုင်နှုန်းရှိပါသည်။ ၁၉၉၂ ခုနှစ်မှစ၍ ငါးဖမ်းလုပ်ငန်းများမှာ ပင်လယ်ပြင်တွင် ငါးတန်ချိန် တန်သန်းပေါင်း ၈၀နီးပါးနှင့် ကုန်းတွင်းပိုင်းရှိ မြစ်ချောင်းများတွင် တန်သန်းပေါင်း ၁၀ သန်းခန့် တိုးမြှင့်ထုတ်လုပ်မှုကြောင့် အဏ္ဏဝါဂေဟစနစ်ပေါ်တွင် သက်ရောက်မှုများ ပိုမိုများပြားလာခဲ့ပါသည်။ ဥပမာအနေဖြင့် Tuna ငါးမှာ စီးပွားရေးအရ အရေးပါလှပြီး ကမ္ဘာတစ်ဝန်းတွင် ရောင်းဝယ်ဖောက်ကားနေသော ငါးအမျိုးအစားအဖြစ် စားသုံးသူများ၏ ဝယ်လိုအားမှာ တိုးမြင့်လျက်ရှိပါသည်။ Tuna ငါးဖမ်းခြင်းလုပ်ငန်းများကို ၂၀၀၈ ခုနှစ်တွင် တန်ထောင်ပေါင်း ၄၂၀၀ ခန့်ထိရှိလာပြီး မျိုးသုဉ်းလုနီးပါးအခြေအနေသို့ ရောက်ရှိလာပြီဖြစ်သည်။

ကမ္ဘာ့လူဦးရေတိုးပွားလာမှုကြောင့် မွေးမြူရေးနှင့် သီးနှံများထုတ်လုပ်ခြင်းလုပ်ငန်းများသည် ၁၉၉၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်ကြားတွင် ၄၅ ရာခိုင်နှုန်းထိ တိုးပွားလာပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေပေးသွင်းမှု ပိုမိုများပြားလာသကဲ့သို့ ဓာတ်မြေဩဇာသုံးစွဲမှုများလည်း ရှိလာပါသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုများတိုးပွားလာခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ များပြားလာခြင်းနှင့်ပတ်သက်၍ ၁၉၉၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း အိုဇုန်းလွှာပျက်စီးမှုဖြစ်ပေါ်စေသော ဓာတ်ငွေ့များထုတ်လွှတ်သည့် ပစ္စည်းကိရိယာများ သုံးစွဲမှုလျှော့ချရန် နိုင်ငံတကာသဘောတူညီမှုများ ချမှတ်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုနှင့် စုပ်ယူမှုဆိုင်ရာ သဘောတူညီချက်များ (ဥပမာ-ကျိုတိုပရိုတိုကော၊ REDD) ကာဗွန်ရောင်းဝယ်ခြင်းလုပ်ငန်းများ ဖြစ်ပေါ်လာခဲ့ပြီး အနာဂတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ ရေးဆွဲလာခဲ့ကြပါသည်။

လွန်ခဲ့သော အနှစ် ၂၀ ကာလအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများကို ချမှတ်ရေးဆွဲထားသော်လည်း အမှန်တကယ်ဆောင်ရွက်နိုင်ခဲ့မှုမှာ အနည်းငယ်သာရှိပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မြေ၊ ရေ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သမုဒ္ဒရာနှင့် လေထုများမှာလည်း ပျက်စီးလျက်ရှိပါသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသဖြင့် လက်ရှိဖြစ်ပျက်နေသော ပတ်ဝန်းကျင်အခြေအနေများကို လေ့လာအကဲဖြတ်၍ ပိုမိုကောင်းမွန်စေရန် ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သတင်းအချက်အလက်နှင့် စောင့်ကြည့်ကြိုးကြပ်မှု ကောင်းမွန်သောစနစ်များကို အခြေခံကာ မူဝါဒများ (evidence-based policy-making) ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၁၉၉၂ ခုနှစ်တွင် ကျင်းပခဲ့သော ကမ္ဘာ့မြေထိပ်သီးညီလာခံကြီးသည် ယခုနှစ် ၂၀၁၂ ခုနှစ်တွင် အနှစ် ၂၀ တိုင်ခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာ့မြေ ထာဝစဉ်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း အနာဂတ်ကမ္ဘာကြီးအတွက် လူဦးရေတိုးပွားမှု၊ စားနပ်ရိက္ခာ မလုံလောက်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ကျဆင်းယုတ်လျော့လာမှုကြောင့် ပြဿနာများ၊ စိန်ခေါ်မှုများစွာ ရှိနေပါသေးသည်။ သို့ဖြစ်ပါ၍ နိုင်ငံအသီးသီးမှ အကြီးအကဲများ၊ ခေါင်းဆောင်များ၊ ထိပ်တန်းသိပ္ပံပညာရှင်များ ပါဝင်တက်ရောက်ဆွေးနွေးလျက်ရှိသော ရီယို +၂၀ ကမ္ဘာ့မြေထိပ်သီးညီလာခံကြီးမှ အနာဂတ်ကမ္ဘာကြီး ရေရှည်တည်တံ့စေပြီး ပိုမိုကောင်းမွန်သော လူမှုပတ်ဝန်းကျင်အခြေအနေကောင်းများရရှိစေရန် ဆောင်ရွက်မည့် နည်းလမ်း၊ လုပ်ငန်းစဉ်များ၊ အစီအစဉ်များ၊ သဘောတူညီချက်များ ချမှတ်ဆောင်ရွက်နိုင်ပါရန် ကြိုဆိုဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

❖ ရှေ့ဖုံးမှ

ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် ပထမဦးစားပေးဖြစ်ပြီး ခေါင်းဆောင်မှုလိုအပ်ကြောင်း၊ ညီလာခံက ချမှတ်သည့် ဆုံးဖြတ်ချက်များကို ဆောင်ရွက်ရာတွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အောင်မြင်ရေးသည် နိုင်ငံအသီးသီးမှ အစိုးရများအဓိကအဖွဲ့အစည်းများနှင့် တက်ရောက်လာသည့် ကိုယ်စားလှယ်များအားလုံးပေါ်တွင် မူတည်ပါကြောင်း စသည်ဖြင့် ပြောကြားကြသည်။

တင်ပြ

ထို့နောက် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီဥက္ကဋ္ဌ Mr. Milos Koterec၊ အဓိကအုပ်စုကိုးခုဖြစ်သည့် အမျိုးသမီးများအဖွဲ့၊ ကလေးသူငယ်နှင့် လူငယ်အဖွဲ့၊ ဒေသခံပြည်သူများအဖွဲ့၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအဖွဲ့၊ ဒေသဆိုင်ရာ အာဏာပိုင်များအဖွဲ့၊ အလုပ်သမားနှင့် ကုန်သွယ်ရေးသမဂ္ဂများအဖွဲ့၊ စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများအဖွဲ့၊ သိပ္ပံနှင့်နည်းပညာအဖွဲ့နှင့် တောင်သူလယ်သမားအဖွဲ့တို့မှ ကိုယ်စားလှယ်များက အနာဂတ်မျိုးဆက်သစ်များအတွက် မွေးရာပါအခွင့်အရေးများဆိုင်ရာ ကတိကဝတ်များချမှတ်ရန်၊ နျူကလီးယားစွမ်းအင်နှင့် သတ္တုတွင်းများ၏ ထိခိုက်မှုများကို အသိအမှတ်ပြုရန်၊ လူငယ်များအတွက် အဆင့်မြင့်ကော်မရှင်တစ်ဦးထားရှိရန်၊ စားနပ်ရိက္ခာ၊ ရေနှင့်ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်ပြုရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွင် ယဉ်ကျေးမှု ရှုထောင့်ထည့်သွင်းရန်နှင့် သဘာဝနှင့် လိုက်လျောညီထွေ ကောင်းမွန်စွာနေထိုင်နိုင်ရေး၊ အဆင့်ဆင့်စီမံအုပ်ချုပ်မှု လိုအပ်ချက်ကို အလေးအနက်ထားရန်နှင့် မြေကမ္ဘာ၏ စွမ်းဆောင်နိုင်မှုအတိုင်းအတာကို အသိအမှတ်ပြုရန် ညီလာခံသို့ တင်ပြခဲ့ကြသည်။

ထို့နောက် တာဂျစ်ကစ္စတန်၊ ဇင်ဘာဘွေ၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ ဆူဒန်၊ အယ်လ်ဂျီးရီးယား၊ တူဗာလူ၊ နီပေါ၊ ဘာဘေးဒိုးစ်၊ ဖီဂျီ၊ ဘူတန်၊ ဂျဘူတီ (Djibouti)၊ နယူးဇီလန်၊ ပါရာဂွေး၊ စိန့်ဗင်းဆင့်နှင့် ဂရင်းနေဒါ၊ ထရီနီဒက်နှင့် တိုဘာဂို၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီရန်၊ ပြင်သစ်၊ ချီလီ၊ အာဂျင်တီးနား၊ ကွန်ဂို၊ ဟန်ဂေရီ၊ စပိန်စသည့် နိုင်ငံများမှ သမ္မတများ၊ ဒုတိယသမ္မတများ၊ တရုတ်၊ အီသီယိုးပီးယား၊ ဗင်နီဇွဲလား၊ ဆော်လမွန်ကျွန်းစုများစသည့် နိုင်ငံများမှ ဝန်ကြီးချုပ်များ၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ အပါအဝင် နိုင်ငံပေါင်း ၅၈ နိုင်ငံမှ နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုယ်စားလှယ်များက နိုင်ငံအလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိန့်ခွန်းများကို ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ အပါအဝင် နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များသည် Riocentro အဆောက်အအုံ Pavilion - 5 အဝင်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဒုတိယသမ္မတသည် ညပိုင်းတွင် ရီယိုဒီဂျနေးရိုးမြို့ရှိ Arenadabarra ခန်းမ၌ ဘရာဇီးနိုင်ငံသမ္မတက ညီလာခံတက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်ခဲ့ပြီး ဘရာဇီးရိုးရာယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ(ရီယို+၂၀)သို့ တက်ရောက်လာကြသူများ စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ရီယို+ ၂၀) တက်ရောက်

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ Riocentro အဆောက်အအုံ Plenary Hall တွင် ကျင်းပသည့် ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ရီယို+၂၀) သို့ တက်ရောက်စဉ် ညီလာခံနှင့် ဆက်စပ်ကျင်းပသည့် အခမ်းအနားများသို့ တက်ရောက်အားပေးခဲ့သည်။

ဒုတိယသမ္မတသည် ဇွန် ၂၀ ရက် ညနေပိုင်းတွင် Riocentro အဆောက်အအုံ Pavilion 3-A ၌ ဩစတြေးလျနိုင်ငံမှ ကြီးမှူး၍ အခြားမိတ်ဖက်နိုင်ငံများဖြစ်သည့် နယူးဇီလန်နှင့်နော်ဝေနိုင်ငံတို့နှင့် ပူးပေါင်းကျင်းပသော ဒေသခံတိုင်းရင်းသားများနှင့် ဒေသဆိုင်ရာအသိုက်အဝန်းများ၏ မြေပြင်နှင့်ပင်လယ်ပြင်စီမံခန့်ခွဲခြင်းဆိုင်ရာ အစီအစဉ် (Indigenous Peoples and Local Communities Land and Sea Management) အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် Mrs. Julia Gillard က နှုတ်ခွန်းဆက်စကား ပြောကြားပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာပညာရှင်များနှင့် နော်ဝေ၊ နယူးဇီလန်၊ တိုကီလူ (Tokelau) နှင့်ဘရာဇီးနိုင်ငံတို့မှ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များက ဒေသခံတိုင်းရင်းသားများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်များနှင့် ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံအသိုက်အဝန်းများ၏ မြေပြင်နှင့်ပင်လယ်ပြင်ဆိုင်ရာစီမံခန့်ခွဲမှု ကွန်ရက်က ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်နိုင်မှု အခြေအနေများကို ဆွေးနွေးကြသည်။ ယင်းအခမ်းအနားသို့ တက်ရောက်စဉ် ဒုတိယသမ္မတသည် ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်အား ရင်းနှီးခင်မင်စွာ နှုတ်ဆက်ခဲ့သည်။

ဒုတိယသမ္မတသည် ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် Riocentro အဆောက်အအုံ T-9 ခန်းမ၌ ဂျပန်နိုင်ငံက ကြီးမှူးကျင်းပသည့် "မိမိတို့လိုလားတောင့်တသည့် အနာဂတ်မြို့တော်များ" အစီအစဉ်သို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Koichiro Genba က အဖွင့်အမှာစကား ပြောကြားပြီးနောက် ဒုတိယသမ္မတအားလာရောက်၍ ဂါရဝပြုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဂျပန်နိုင်ငံမှ ပညာရှင်များက ဂျပန်နိုင်ငံ၏ စဉ်ဆက်မပြတ်မြို့ပြဖွံ့ဖြိုးမှုအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်မှုများနှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြမှုများကို ကြည့်ရှုအားပေးသည်။

ဒုတိယသမ္မတသည် ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် ညီလာခံကျင်းပသည့် Riocentro အဆောက်အအုံအနီးမြက်ခင်းပြင်၌ ကျင်းပသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံအလိုက်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံအလိုက်ပြခန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂျပန်နိုင်ငံက ကြီးမှူးကျင်းပသော မိမိတို့လိုလား တောင့်တသည့် အနာဂတ်မြို့တော်များ အစီအစဉ်သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ရီယို+ ၂၀)မှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ(ရီယို+၂၀) သို့ တက်ရောက်ပြီး ယနေ့ညနေ ၄ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua၊ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior နှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘရာဇီး ပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ရီယို+၂၀)သို့ တက်ရောက်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

…က်မှုညီလာခံ(ရီယို+၂၀)သို့ တက်ရောက်လာကြသူများ (သတင်းစဉ်)

…င်းမောက်ခမ်း

…ခံ (ရီယို+၂၀) တက်ရောက်

…ွင် ဩစတြေးလျနိုင်ငံ
Julia Gillard က
…း ပြောကြားပြီး
…င် ထိန်းသိမ်းရေး
…နှင့် နော်ဝေ၊ နယူး
…kelau) နှင့်ဘရာဇီး
…ဒေသခံတိုင်းရင်းသား
…ာ ဒေသခံတိုင်းရင်း
…ဘာဝပတ်ဝန်းကျင်
…ာ အသိအမြင်များ
…ိုင်းရင်းသားများနှင့်
…န်းများ၏ မြေပြင်နှင့်

ပင်လယ်ပြင်ဆိုင်ရာစီမံခန့်ခွဲမှု ကွန်ရက်က ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်နိုင်မှု အခြေအနေများကို ဆွေးနွေးကြသည်။ ယင်းအခမ်းအနားသို့ တက်ရောက်စဉ် ဒုတိယသမ္မတသည် ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်အား ရင်းနှီးခင်မင်စွာ နှုတ်ဆက်ခဲ့သည်။

ဒုတိယသမ္မတသည် ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် Riocentro အဆောက်အအုံ T-9 ခန်းမ၌ ဂျပန်နိုင်ငံက ကြီးမှူးကျင်းပသည့် "မိမိတို့လိုလားတောင့်တသည့် အနာဂတ်မြို့တော်များ" အစီအစဉ်သို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Koichiro Genba က အဖွင့်အမှာစကားပြောကြားပြီးနောက် ဒုတိယသမ္မတအား လာရောက်၍ ဂါရဝပြုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဂျပန်နိုင်ငံမှ ပညာရှင်များက ဂျပန်နိုင်ငံ၏ စဉ်ဆက်မပြတ်မြို့ပြဖွံ့ဖြိုးမှုအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်မှုများနှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြမှုများကို ကြည့်ရှုအားပေးသည်။

ဒုတိယသမ္မတသည် ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် ညီလာခံကျင်းပသည့် Riocentro အဆောက်အအုံအနီး မြက်ခင်းပြင်၌ ကျင်းပသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံအလိုက်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့သို့ရောက်ရှိ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ကျင်းပသည့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ရီယို+၂၀)သို့ တက်ရောက်ရန် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဇွန် ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ Silk Air လေကြောင်းလိုင်းလေယာဉ်ဖြင့် စတင်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ည ၉ နာရီ ၁၀ မိနစ်တွင် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်နှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပြင်သစ်လေကြောင်းခရီးစဉ်ဖြင့် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ရောက်ရှိကြရာ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်စွာမင်းနှင့်ဇနီးတို့က ပါရီမြို့ ချားလ်ဒီဂေါလ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။ ထို့နောက် ဒုတိယသမ္မတသည် ပါရီမြို့မှတစ်ဆင့် ပြင်သစ်လေကြောင်းခရီးစဉ်ဖြင့် ဇွန် ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့သို့ ရောက်ရှိရာ ဘရာဇီးနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ ဒေါ်အေးအေးစန်းနှင့် ဘရာဇီးနိုင်ငံမှ ဆက်ဆံရေးအရာရှိ မစ္စတာလီယိုနာဒိုတို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ရီယိုဒီဂျနေးရိုးမြို့ရှိ Porto Bay ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ရီယို+၂၀) တက်ရောက်ရန် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ Riocentro အဆောက်အအုံ Plenary Hall၌ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ညီလာခံ(ရီယို+၂၀)ကျင်းပစဉ်။ (သတင်းစဉ်)

✻ *ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းမှ*

ညနေ ၃ နာရီတွင် စတုတ္ထအကြိမ် မျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်ဆိုင်ရာ မိန့်ခွန်းကိုပြောကြားသည်။

အစည်းအဝေးတွင် တောင်အာဖရိက၊ ဇမ်ဘီယာ၊ နိုင်ဂျီးရီးယား၊ ကိုမိုရို့စ်၊ မာရှယ်ကျွန်းစုများ၊ မာဒါဂါစကားနှင့် ဒိုမီနီကန်သမ္မတနိုင်ငံတို့မှ သမ္မတများက မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားသည်။ မိန့်ခွန်းပြောကြားအပြီးတွင် ဒုတိယသမ္မတအား အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် နိုင်ငံ့ခေါင်းဆောင်အချို့က ဂုဏ်ပြုနှုတ်ဆက်ကြသည်။

(ဒုတိယသမ္မတ၏ မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ဘူရွန်ဒီနှင့် ဗင်နီဇွဲလားနိုင်ငံတို့မှ ဒုတိယသမ္မတများ၊ အိန္ဒိယ၊ လက်ဘနွန်၊ တူရကီ၊ ဩစတြေးလျ စသည့်နိုင်ငံများမှ ဝန်ကြီးချုပ်များ၊ ယူနိုက်တက်ကင်းဒမ်း၊ လာအို၊ ဗီယက်နမ်၊ ကူဝိတ်၊ ကာဂျစ္စတန် စသည့်နိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်များနှင့် နိုင်ငံအသီးသီးမှ ဝန်ကြီးများ၊ ကိုယ်စားလှယ်များက မိန့်ခွန်းများ ပြောကြားကြသည်။

ဒုတိယသမ္မတသည် ဇွန် ၂၂ ရက် နံနက်ပိုင်းတွင်ကျင်းပသည့် ညီလာခံ တတိယနေ့ ပဉ္စမအကြိမ် မျက်နှာစုံညီအစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် နိုင်ငံပေါင်း ၇၂ နိုင်ငံမှ နိုင်ငံခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက နိုင်ငံအလိုက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိန့်ခွန်းများကို ပြောကြားကြသည်။

ညနေပိုင်းတွင် အဆင့်မြင့်စားပွဲဝိုင်းဆွေးနွေးပွဲအစီရင်ခံစာကို သက်ဆိုင်ရာအဖွဲ့အလိုက် အစီရင်ခံတင်ပြခြင်း၊ သက်သေပြုကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် ဇွန် ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် ညီလာခံအကြို တတိယအကြိမ် အစည်းအဝေးကတင်ပြသည့် သဘောတူညီချက်များကို ကိုယ်စားလှယ်များက အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ညီလာခံကို အောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

◆ *နဂါးမောက်သီးများလှိုင်လှိုင်ပေါ်မှ*

စိုက်ပျိုးခဲ့ရာ ယခုအခါ အပိုဝင်ငွေရလျက်ရှိကြသည်။ နဂါးမောက်ပင်စိုက်တောင်သူအချို့သည် နဂါးမောက်ပင်များကြားတွင် ကညွတ်ပင်များကို ကြားညှပ်စိုက်ပျိုးကြရာ တောင်သူများယခုအခါ နှစ်သီးတစ်ပြိုင်တည်းစားရလျက် အကျိုးအမြတ်ရရှိနေကြသည်ဟု သိရသည်။ နဂါးမောက်သီးပေါ်ချိန်မှာ မေလမှ အောက်တိုဘာလအထိဖြစ်ပြီး အထူးသဖြင့် မိုးရာသီတွင် လှိုင်လှိုင်ပေါ်သည်။ ကညွတ်စို့ကို ခူးဆွတ်ချိန်သည် ကဆုန်လမှ တန်ဆောင်မုန်းလအထိဖြစ်သည်။ ကညွတ်ဖူး တစ်ပိဿာကို ငွေကျပ်ငါးထောင်ဈေးရသည်။ လက်တစ်ဆုပ်စာ ကညွတ်စို့ဖူးတစ်စည်းလျှင် ငွေကျပ်ခုနှစ်ရာနှုန်းဖြင့် ကျောက်မဲဈေးကြီးတွင် ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

အိမ်နီးချင်းနိုင်ငံများတွင် လူသုံးများပြီး ဈေးကောင်းရလျက်ရှိသည့် ဆေးဖက်ဝင်နဂါးမောက်သီးများနှင့် ကညွတ်စို့ဖူးညွန့်များကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်ဟု ကျောက်မဲမြို့နယ် မဲမွန်ကျေးရွာမှ တောင်သူဦးအိုက်ထွန်းက ပြောကြားသည်။

_လျှော့ချပေး_

နဂါးမောက်သီးတစ်လုံးတွင် အင်တီအောက်ဆီဒင့်ဓာတ်အများဆုံးပါဝင်သဖြင့် ကင်ဆာရောဂါကိုကာကွယ်နိုင်သည်ဟုဆိုသည်။ နဂါးမောက်သီးကို စားလျှင် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါနှင့် လေသင်တုန်း၊ လေဖြတ်ခြင်းရောဂါများသက်သာပျောက်ကင်းပြီး အစာအိမ်အတွင်းရှိ မလိုအပ်သောအဆိပ်ဓာတ်များကို ချေဖျက်လျက်ခန္ဓာကိုယ်သွေးကြောများထဲရှိ အဆီများကို လျှော့ချပေးသည်ဟု ဆို၏။

နဂါးမောက်သီးတွင် ပိုတက်ဆီယမ်၊ မီးစုန်းဓာတ်၊ မဂ္ဂနီဆီယမ်၊ ထုံးဓာတ်၊ ဗီတာမင်စီနှင့် အမျှင်များပါရှိသည်။

_ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး_

နဂါးမောက်သီးပင်၏ မူရင်းထွက်ရှိသောဒေသသည် စပိန်နိုင်ငံ အလယ်ပိုင်းဖြစ်ပြီး စပိန်ဘာသာဖြင့်ပီတာဟားဗား (PITAHAVA)ဟု ခေါ်သည်။ အင်္ဂလိပ် စကားဖြင့် (Dragon Fruit)ဟုဆိုသည်။ ကမ္ဘာ့ဈေးကွက်တွင် ရောင်းပန်းလှသောအသီးမျိုးဖြစ်ပြီး စီးပွားဖြစ်စိုက်ပျိုးနိုင်သောသီးနှံတစ်မျိုးဖြစ်သည်။ ယခုအခါ လားရှိုး၊ ကျောက်မဲ၊ သီပေါ၊ နမ့်ဆန်၊ နောင်ချိုမြို့နယ်များရှိ တောင်သူများနှင့် လုပ်ငန်းရှင်အချို့က ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။ *(ဝဇဝ)*

● *အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုမှ*

ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံများကို ပထမဆုံးအကြိမ် ပြောကြားခွင့်ရရှိခြင်းဟာ ကျွန်တော့်အတွက်ကြီးမားတဲ့အခွင့်အရေးပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဤကမ္ဘာမြေကြီးနဲ့ လူသားများ ရေရှည်တည်တံ့စေရေးအတွက် ကြုံတွေ့နေတဲ့အရေးကိစ္စရပ်များကို ပူးပေါင်းဖြေရှင်းဖို့နည်းလမ်းများ အတူတကွ ရှာကြံလုပ်ဆောင်ကြရန် ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပါ အလေးထားပြီး ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် သန္နိဋ္ဌာန်ချထားပြီး နိုင်ငံသူနိုင်ငံသားများနဲ့ လူမှုရေးအသင်းအဖွဲ့များကိုလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းထားခဲ့ပြီး ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ယခုညီလာခံကြီးမှာ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များ၏ ပြောဆိုဆွေးနွေးချက်များမှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အကျိုးရှိသောရလဒ်များ ပေါ်ထွက်လာနိုင်လိမ့်မယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်ပါတယ်။ Rio+ 20 ညီလာခံမှ ပေါ်ထွက်လာတဲ့ရလဒ်များဟာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရရှိရေးအတွက် လက်တွေ့ကျတဲ့ လုပ်ငန်းလမ်းစဉ်တွေပါဝင်ပြီး ကမ္ဘာ့အဆင့်၊ နိုင်ငံအဆင့် အစိမ်းရောင်စီးပွားရေးလမ်းကြောင်းကူးပြောင်းရေးအတွက် အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အားလုံးသိရှိကြတဲ့အတိုင်း ကျွန်တော်တို့အားလုံးရဲ့ ဘုံရည်မှန်းချက်ဟာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက်ဖြစ်ပြီး ဤကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆောင်ရွက်ရခြင်းဟာ တကယ်တော့ လက်ရှိနဲ့ အနာဂတ်မျိုးဆက်များအတွက် မြေကမ္ဘာရဲ့အကန့်အသတ်နဲ့သာရရှိနိုင်တဲ့ သယံဇာတများရေရှည်တည်တံ့ရေး သေချာစေရန်ဖြစ်ပါတယ်။ သဘာဝသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် စီမံခန့်ခွဲဆောင်ရွက်ရေးဆိုတာ အပြောလွယ်သလောက် လက်တွေ့ခက်ခဲကြောင်း ကျွန်တော်တို့သိထားကြပါတယ်။ ဖော်ပြခဲ့တဲ့ရည်မှန်းချက်ကို ရရှိဖို့အတွက် လူနည်းစုကသာ ဆောင်ရွက်ရမှာ မဟုတ်ဘဲ လူသားများအားလုံး ပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ယနေ့ကမ္ဘာ့လူဦးရေဟာ ၇ ဘီလီယံရှိနေပြီး ခရစ်နှစ် ၂၀၅၀ခုနှစ်အရောက်မှာ ၉ ဘီလီယံရှိလာမှာ ဖြစ်ပါတယ်။ လူဦးရေတိုးတက်များပြားလာတာနဲ့အမျှ သယံဇာတအကန့်အသတ်ရှိတဲ့ ကမ္ဘာမြေရဲ့သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုတိုးတက်များပြားလာမှာဖြစ်ပါတယ်။ အဲဒီလိုလူဦးရေနဲ့ သဘာဝသယံဇာတသုံးစွဲမှုတိုးတက်များပြားလာခြင်းဟာ သယံဇာတအကန့်အသတ်နှင့်သာရှိတဲ့ ကမ္ဘာမြေအပေါ် အကျိုးသက်ရောက်မှုတွေ သိသိသာသာဖြစ်လာမှာဖြစ်ပါတယ်။ အဲဒါတွေရဲ့ အနုတ်လက္ခဏာပြ အကျိုးဆက်တွေကတော့ ကမ္ဘာမြေပူနွေးလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းတို့ ဖြစ်ပါတယ်။ ဒီနေရာမှာ သတိထားရမှာကတော့ အချို့ပြောင်းလဲပျောက်ကွယ်ခြင်းများက ဘယ်တော့မှ ပြန်လည်ရရှိနိုင်တော့မှာ မဟုတ်ကြောင်းပဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုနဲ့ အစိမ်းရောင်စီးပွားရေးဟာ ကမ္ဘာမြေရဲ့ ဂေဟစနစ်ကောင်းမွန်မှုကိုထိန်းသိမ်းထားနိုင်ပြီး အားလုံးအတွက် သင့်မြတ်သော အလုပ်အကိုင်များ ဖန်တီးနိုင်ကာ လူ့ဘောင်လောကသာယာဝပြောရေးကို ပိုမိုဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ အစိမ်းရောင်စီးပွားရေးဟာ ဆင်းရဲနွမ်းပါးမှုလျှော့ကျစေနိုင်မည့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအသစ်အဖြစ် ကျွန်တော်တို့မြန်မာနိုင်ငံက ယုံကြည်ပါတယ်။ သို့သော်လည်း အစိမ်းရောင်စီးပွားရေးဖော်ဆောင်ရာမှာ နိုင်ငံတစ်နိုင်ငံချင်းအလိုက် ကွဲပြားခြားနားတဲ့အခြေအနေ၊ ကွဲပြားခြားနားတဲ့ ချဉ်းကပ်လုပ်ဆောင်မှုတွေအပေါ် မူတည်နေမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

အခုလိုကြုံကြိုက်စဉ်မှာ မြန်မာနိုင်ငံရဲ့ မကြာမီကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို ပြောပြလိုပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၀၈ ခုနှစ်က အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အလက်များနဲ့အညီ ဒီမိုကရေစီနိုင်ငံတော်ကို ဦးတည်ကူးပြောင်းနေပြီ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ဒီမိုကရေစီနည်းလမ်းကျကျရွေးကောက်ပွဲကျင်းပခဲ့ပြီး အစိုးရသစ်ကို ဖွဲ့စည်းခဲ့ကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာတို့မှာ တည်တည်ငြိမ်ငြိမ်နဲ့ ကောင်းမွန်ထိရောက်အောင်ဆောင်ရွက်နိုင်ခဲ့တာကြောင့် အစိုးရသစ်တာဝန်ယူပြီးအချိန်တိုအတွင်းမှာ သိသာထင်ရှားတဲ့အောင်မြင်မှုများရရှိခဲ့ပါတယ်။

ဒါ့အပြင် အစိုးရသစ်ဟာ ယခုနှစ်ဧပြီလမှာ လွတ်လပ်ပြီးတရားမျှတတဲ့ ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခြင်းဖြင့် နိုင်ငံရေးမှာ အားလုံးပါဝင်ဆောင်ရွက်နိုင်ခွင့်ကို အကောင်အထည်ဖော်ပေးနိုင်ခဲ့ပါတယ်။ ဒါဟာမြန်မာနိုင်ငံရဲ့ လောလောဆယ် ဆောင်ရွက်နေတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဥပမာတစ်ခုပဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ညီလာခံဥက္ကဋ္ဌကြီး၊ တွဲဖက်ဥက္ကဋ္ဌများ၊ ညှိနှိုင်းရေးမှူးများနှင့် ကိုယ်စားလှယ်များတို့က Rio+20 ကြေညာချက်ကြီးအား အဓိပ္ပာယ်ရှိရှိ တိတိကျကျလုပ်ဆောင်ချက်များဦးစားပေးထည့်သွင်းထားသော ကြေညာချက်အဖြစ် ပေါ်ထွက်လာရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ခဲ့ကြပါတယ်။ ဒီကြေညာချက်ဟာ ကမ္ဘာ့နိုင်ငံသူ နိုင်ငံသားများရဲ့ ဆွေးနွေးချက်များကို ထင်ဟပ်စေမယ်လို့ ယုံကြည်ပါတယ်။

ဤ Rio+20 ညီလာခံကြီးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ထိရောက်သောစီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်ပေးခဲ့တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ဘရာဇီးနိုင်ငံတို့ကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ ကြိုးပမ်းမှုများကြောင့် ဒီညီလာခံကြီးကနေပြီး ကျွန်တော်တို့ လိုချင်ကြတဲ့ အချိန်လင့်နေပြီဖြစ်တဲ့ ကမ္ဘာမြေစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်လိမ့်မယ်လို့ ယုံကြည်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

MRTV-4

၃၀-၆-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၅း၄၀	**အောင်ခြင်း(၈)ပါး သစ္စကပရိုဗိုဇ်ကိုအောင်ခြင်း** တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၁၀း၄၀	Golden Minute
၃း၃၀	Road to Engelbert Humperdinck Live Show (စာနယ်ဇင်းမိတ်ဆက်ပွဲ)
၅း၃၀	I Got It
၅း၄၀	Kid's Show
၈း၀၀	MRTV-4 သတင်း
၈း၃၀	Myanmar Cooking Master Final ပွဲစဉ်ကြီး
၁၂း၂၅	Global Panorama (ကိုကိုလှိုင်၊မျိုးမြတ်သူ)
၂း၁၀	သီးနှံအထွက်တိုးစေရာ သဘာဝမြေဩဇာ
၃း၀၀	ကဏ္ဍာစုံလင်အားကစားအစီအစဉ်
၄း၀၀	The Smiling of Angkor
၄း၄၅	ကြည်ညိုဖွယ် ဗုဒ္ဓဆင်းတုတော်အဆူဆူ သီတင်းသုံးတော်မူရာ **ပဒုမ္မာ**

ပင်စင်လစာငွေထုတ်ယူရာတွင် အချိန်တိုအတွင်း မြန်ဆန်စွာထုတ်ယူနိုင်ရေး e-Pension စနစ်ကို မကြာမီ စမ်းသပ်ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၂၉

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ အကြိမ်(၁၄၀)မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း **(ဝဲပုံ)**က အမှာစကားပြောကြားရာ၌ ဘဏ်လုပ်ငန်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များရှိနေသေးကြောင်း၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆက်လက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

ဘဏ်လုပ်ငန်းနှင့်စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုသော လုပ်ငန်းများကိုလည်း မြန်မာနိုင်ငံဘဏ်များအသင်းအနေဖြင့် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် အညီ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်၏ လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေရန်အတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံး စက်ကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်းထုတ်လုပ်ရောင်းချခြင်းတို့အပေါ် ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန်ကို ၁-၇-၂၀၁၂ ရက်မှ ၃၁-၃-၂၀၁၃ ရက်အထိ ကင်းလွတ်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့်လည်း တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ချေးငွေများအပေါ် အတိုးနှုန်းအား ယခင်က ၁၇ ရာခိုင်နှုန်းဖြင့် ကောက်ခံခဲ့ရာမှ ၁-၉-၂၀၁၁ ရက်မှစ၍ အတိုးနှုန်းအား ၁၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ၁-၁-၂၀၁၂ ရက်မှစ၍ အတိုးနှုန်းအား ၁၃ ရာခိုင်နှုန်းသို့ လည်းကောင်း လျှော့ချပေးခဲ့ပြီး ၂၀-၁၂-၂၀၁၃ တောင်သူလယ်သမားများသို့ တစ်နှစ်လျှင် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း၊ တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေနှုန်းထား ယခင်က ငွေကျပ် ၂၀၀၀၀ နှုန်းမှ ၄၀၀၀၀ နှုန်းသို့ တိုးမြှင့်ထုတ်ချေးပေးခဲ့ပြီး ယခုအခါ တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းသို့ တိုးမြှင့်ထုတ်ပေးခဲ့ကြောင်း။

ငွေပေးချေမှုစနစ် အဆင့်မြှင့်တင်ရေးအတွက် Myanmar Payment Union စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ပြီး MPU Card အား အမြန်ဆုံး စမ်းသပ်သုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၇-၆-၂၀၁၂ ရက်အထိ ပုဂ္ဂလိကဘဏ် ရှစ်ဘဏ်၏ Own Switch နှင့် MPU National Switch တို့အကြား Certification Process များ ဆောင်ရွက်ပြီးဖြစ်၍ ၂-၇-၂၀၁၂ ရက်မှစ၍ Certification Online Testingကို စတင်စမ်းသပ်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ Certification Online Testing ဆောင်ရွက်ပြီးစီးသည့်ဘဏ်များအနေဖြင့် Test Card များဖြင့် Pilot Testing ကို ဇူလိုင်လ ဒုတိယပတ်မှစ၍ ဟိုတယ်အချို့၊ ကုန်တိုက်အချို့၊ ပုဂ္ဂလိက ဓာတ်ဆီဆိုင်အချို့တို့တွင် စမ်းသပ်သုံးစွဲမည်ဖြစ်ကြောင်း၊ အသင့်မဖြစ်သေးသည့် ဘဏ်များအနေဖြင့် အမြန်ဆုံး Own Switch များ တပ်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ အသင့်ဖြစ်သည့် အချိန်တွင် MPU System အတွင်းသို့ ဝင်ရောက်ရန်ဖြစ်ကြောင်း။

ထို့ပြင် ဘဏ်လုပ်ငန်းဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်တစ်ခုဖြစ်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား၊ ပင်စင်စားများ၊ ပင်စင်လစာငွေထုတ်ယူရာတွင် အချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာ ထုတ်ယူနိုင်ရေးအတွက် Database Payment System တစ်ခုဖြစ်သည့် e-Pension စနစ်ကို မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် မကြာမီ စမ်းသပ်ဆောင်ရွက်တော့မည်ကိုလည်း ပြောကြားလိုကြောင်း၊ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူလျင်မြန်စေရေးအတွက် ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းများတွင်အသုံးပြုမည့် ကိုယ်ပိုင်ယာဉ်အဖြစ် ပြောင်းလဲခွင့်မပြုသည့် အငှားယာဉ် (Taxi) များ ပြည်ပမှ တင်သွင်းရာ၌ ယခင်ကအင်ဂျင် 2000 CC အထက် မော်တော်ယာဉ်များအား အကောက်ခွန် ၄၀ ရာခိုင်နှုန်း၊ အင်ဂျင် 2000 CCနှင့် အောက် မော်တော်ယာဉ်များအား အကောက်ခွန် ၃၀ ရာခိုင်နှုန်း ကောက်ခံလျက်ရှိရာမှ ၁-၇-၂၀၁၂ ရက်မှစ၍ ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်များကဲ့သို့ပင် အကောက်ခွန်နှုန်း သုံးရာခိုင်နှုန်းဖြင့်သာ လျှော့ပေါ့ကောက်ခံမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့နယ်ခွဲ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဇွန် ၅ ရက်က ကျင်းပရာ ကျိုင်းတောင်းမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်ခွဲသစ်တောဦးစီးဌာန တာဝန်ခံ တောအုပ် ဦးမြင့်ဇော်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ အရိပ်ရနှင့် လေကာပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။ (မြန်မာ့အလင်း)

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၉

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီး ဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီက ဆန်အိတ် ၁၀၀၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆွေမြင့် မိသားစုဝင်များက ငွေကျပ် ငါးသိန်း၊ ဒေါက်တာကျော်စော-ဒေါ်မေမျိုးမြတ် မိသားစု (ပြင်ဦးလွင်မြို့)က ငွေကျပ် သိန်း ၁၀၀၊ စာပန်းအိမ် ဘော်ဒါဆောင်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ငွေကျပ်သိန်း ၅၀၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ဝန်ထမ်းမိသားစုနှင့် ရွှေမြင်သာဂျာနယ်က ငွေကျပ် ၁၅ သိန်း၊ ကျိုင်းတုံလူမှုရေးကူညီစောင့်ရှောက်မှုအသင်းက ငွေကျပ် ၁၀ သိန်း၊ ကျိုင်းတုံမြို့နယ် အစ္စလာမ်ဘာသာဝင်များအဖွဲ့က ငွေကျပ် ငါးသိန်း၊ ကျိုင်းတုံမြို့နယ် ကုန်သည်များအသင်းက ငွေကျပ် တစ်သိန်း၊ ကျိုင်းတုံမြို့နယ် မြို့မဈေးမိသားစုက ငွေကျပ်တစ်သိန်း၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေး မိသားစုက ငွေကျပ် ခုနစ်သိန်း၊ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် တပ်ဖွဲ့ဝင်မိသားစုများ(ပြင်ဦးလွင်မြို့)က ငွေကျပ် နှစ်သိန်း၊ ဦးသာထွန်း (ဓမ္မဒူတတောရသာသနာရိပ်သာ) ၁၀ မိုင်ကုန်း ပဲခူးမြို့က ငွေကျပ် သုံးသိန်း၊ မခင်မို့မို့အောင် ရန်ကုန်မြို့က ငွေကျပ် တစ်သိန်း၊ ဦးအောင်ကျော်-ဒေါ်ခင်ပန်းအုန်းမိသားစုက ငွေကျပ် တစ်သိန်း၊ ဦးသန်းမောင် မိသားစုက အဝတ်အထည်နှစ်ထုပ်၊ ဒေါ်တင်မာလင်း ဗိုလ်တထောင်မြို့နယ်က အဝတ်အထည် ခုနစ်ထုပ်၊ နဝရတ်အထွေထွေအကျိုးဆောင်လုပ်ငန်းက ငွေကျပ် တစ်သိန်း၊ Orient Plastic Co., Ltd. က ပလတ်စတစ်ပစ္စည်း နှစ်ထုပ်နှင့် အဝတ်အထည်လေးထုပ်၊ သံအမတ်ကြီး ဦးအေးဖေ (ငြိမ်း)နှင့် ဇနီးဒေါ်ခင်မမ မိသားစုက အဝတ်အထည် နှစ်ထုပ်၊ ဦးသောင်းစိန်-ဒေါ်စန်းညွန့်မိသားစုက ငွေကျပ် လေးသောင်းနှင့် အဝတ်အထည်တစ်ထုပ်၊ ပုဆိုးငါးထည်၊ ဒေါ်မဉ္ဇူအေး "တိုမို" စားသောက်ကုန်လုပ်ငန်းက ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ ငါးခြောက်ကြော်တစ်ပုံး၊ ငံပြာရည်ကြော်တစ်ပုံး၊ ဦးသိန်းဝင်းမြတ်-ဒေါ်သီတာမြင့်၊ WEC နှင့် ဇင်ယော်နီဖိနပ်မျိုးစုံရောင်းဝယ်ရေးက ငွေကျပ် ကိုးသိန်းတန်ဖိုးရှိ ဖိနပ် ၈၇၅ ရန်နှင့် ဦးသိန်းဝင်းဗိုလ်-ဒေါ်ဖြူဖြူခင် မိသားစုက ငွေကျပ် တစ်သိန်းတစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့်တာဝန်ရှိသူများကလက်ခံကြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၁၉၉၁၃၀၂၉၆ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်ရေကြီးမှုအခြေအနေ သတင်းထုတ်ပြန်

နေပြည်တော် ဇွန် ၂၉

ဧရာဝတီမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဗန်းမော်မြို့တွင် ၁၁၆၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၀ စင်တီမီတာ ၀ ဒသမ ၃ ပေခန့် ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၅၀ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၄၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၄၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

မြင့်မောင်စိုး - စုစည်းသည်

အီတလီအသင်း ခြေစွမ်းပြ ဂျာမနီကိုနိုင်ပြီး ဗိုလ်လုပွဲတက်

ဝါဆော ဇွန် ၂၉

ဂျာမနီနှင့်အီတလီအသင်းတို့သည် ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် ဇွန် ၂၉ ရက် နံနက်ပိုင်းက ပိုလန်နိုင်ငံ၌ ယှဉ်ပြိုင်ကစားကြရာ အီတလီအသင်းက ဂျာမနီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အနိုင်ဂိုး

အီတလီအသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးစလုံးကို တိုက်စစ်မှူး ဘာလော့တယ်လီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူးဘာလော့တယ်လီသည် ပွဲချိန်မိနစ် ၂၀ နှင့် ၃၆ မိနစ်တို့တွင် အီတလီအသင်းအတွက် ဂိုးများကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းဘက်သို့ ဘာလော့တယ်လီ ဂိုးသွင်းယူစဉ်။

အီတလီအသင်းက ဂျာမနီအသင်းကို ပထမပိုင်းမှာပင် နှစ်ဂိုးဆက်တိုက်သွင်းယူပြီး ဖိအားပေးခြိမ်းခြောက်ကစားခဲ့၍ ဂျာမနီတို့ပြန်လည်ချေပဂိုးသွင်းယူရန် အခက်အခဲဖြစ်စေခဲ့သည်။ ဘာလော့တယ်လီသည် ပွဲစပြီး မိနစ် ၂၀ အကြာ ကက်ဆာနို၏ ဖြတ်တင်ဘောမှတစ်ဆင့် လျှပ်တစ်ပြက် ခေါင်းတိုက်သွင်းယူလိုက်ရာ ဂျာမနီဂိုးသမား မန်နျူရယ်နူအာ ပြင်ဆင်ချိန်မရလိုက်ဘဲ ဂိုးဝင်သွားခဲ့သည်။ တိုက်စစ်မှူး ဘာလော့တယ်လီသည် ဒုတိယအနိုင်ဂိုးကို မွန်တိုလီဗို၏ ဖြတ်တင်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

ဂျာမနီတို့အတွက် တစ်လုံးတည်းသောချေပဂိုးကို တိုက်စစ်မှူး မီဆွတ်အိုဇေးလ်က လေလွင့်ချိန်တွင် ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ အီတလီတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် လာမည့် ဇူလိုင် ၁ ရက်တွင် ကိဗ်ယက်မြို့၌ လက်ရှိ ဥရောပချန်ပီယံ စပိန်အသင်းနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(အင်တာနက်)**

အူစိန်ဘော့ မီတာ ၁၀၀ စံချိန်တင်

ဂျမေကာ ဇွန် ၂၉

ဂျမေကာနိုင်ငံတွင် ဇွန် ၂၉ ရက်က လန်ဒန်အိုလံပစ်အတွက် မီတာ ၁၀၀ လူရွေးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ဂျမေကာထိပ်တန်းအပြေးချန်ပီယံများဖြစ်သည့် အူစိန်ဘော့သည် ယိုဟမ်းဘလိတ်နှင့် အဆာဖာပိုဝဲလ်တို့ကို ကျော်ဖြတ်ပြီး ပန်းဝင်ဗိုလ်စွဲခဲ့ကြသည်။

*အိုလံပစ်လက်ရှိချန်ပီယံ အူစိန်ဘော့ **(အပေါ်ပုံ)**သည် စံချိန် ၁၀ ဒသမ ၀၆ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ အူစိန်ဘော့သည် လက်ရှိ ကမ္ဘာ့ချန်ပီယံဘလိတ်ထက် ပိုမြန်အောင် ပြေးနိုင်ခဲ့သည်။ ယခင် ကမ္ဘာ့စံချိန်ရှင် ပိုဝဲလ်သည် ၁၀ ဒသမ ၁၉ စက္ကန့်ဖြင့် တတိယနေရာမှ ပန်းဝင်ခဲ့သည်။*

မီတာ ၁၀၀ လူရွေးပွဲအတွက် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲတို့ကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ ဗိုလ်လုပွဲတွင် ဗိုလ်စွဲခဲ့သော ပထမဆုံး ကစားသမားသုံးဦးသည် ၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲအတွက် ယှဉ်ပြိုင်ကစားခွင့် ရရှိမည်ဖြစ်သည်။

ကမ္ဘာ့စံချိန်ရှင် အူစိန်ဘော့သည် ၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲတွင် မီတာ ၁၀၀၊ မီတာ ၂၀၀ နှင့် မီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတို့တွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ခဲ့သည်။

ဗြိတိသျှအပြေးသမား ဒရိန်းချန်းဘားစ်၊ အမေရိကန်မှ ဂတ်လင်းနှင့် တိုင်စန်ဂေးတို့သည် မီတာ ၁၀၀ အစမ်းပြိုင်ပွဲ တွင် ၁၀ စက္ကန့်အကျော်ဖြင့် စံချိန်သစ်များ တင်ထားကြသည်။ အူစိန်ဘော့သည် ပြီးခဲ့သည့်လက အီတလီနိုင်ငံ ရောမမြို့၌ စံချိန် ၉ ဒသမ ၇၆ စက္ကန့်ဖြင့် ကမ္ဘာ့အမြန်ဆုံးစံချိန် တင်ထားသည်။ ***(အင်တာနက်)***

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များအား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ Counsellor, Mr. Masahiro Hayafuji သည် ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံခဲ့ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာမူဝါဒများနှင့် မြန်မာနိုင်ငံ၏ လက်ရှိပြောင်းလဲတိုးတက်လာသော စီးပွားရေးဆိုင်ရာအခြေအနေများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာတွင် တွေ့ကြုံရသောစိန်ခေါ်မှုများနှင့် အတားအဆီးများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ကုန်သည်/စက်မှုအသင်းချုပ်)**

နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ချောက် ဇွန် ၂၉

မိုးပွင့်အဆင့်(၃) စီမံချက်အရ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများသည် ဇွန် ၂၁ ရက်က စလေမြို့အုပ်ချုပ်ရေးမှူးရုံး၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များကို အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ စလေမြို့အုပ်ချုပ်ရေးမှူး ဦးသန်းဌေးအောင်နှင့် အလှူရှင်များ လာရောက်ကြည့်ရှုအားပေးရာ မြို့နယ် ဦးစီးဌာနမှူးဦးမောင်မောင်အေးကလုပ်ငန်း ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံသားအရည်အချင်း ပြည့်မီသူ ပြည်သူများအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဦးစီးဌာနမှူးနှင့် အလှူရှင်များက ပြည်သူတစ်ဦးချင်းထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်းသိရှိရသည်။

(မြို့နယ်လဝက)

မြန်မာ့အလင်း သု တ လမ်း ညွှန်

သုတေသီများ အားထားရာ ရတနာသိုက်

ဒေါက်တာဉမ္မာလင်း (မော်ကွန်းတိုက်)

*ယနေ့ခေတ်သည် **“အိုင်တီခေတ်”** ဖြစ်သည်။ လူ့ဘောင်လောကသည်လည်း အံ့မခန်းပြောင်းလဲ တိုးတက်လာခဲ့သည်။ ပညာအခြေပြု လူ့အဖွဲ့အစည်းဟု ခေါ်ရလောက်အောင်ပင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ အသိပညာ၊ အတတ်ပညာနှင့်နည်းပညာများ မြင့်မားတိုးတက်လျက်ရှိသည်။ အလားတူ မော်ကွန်းတိုက်သည်လည်း ခေတ်မီနည်းပညာများကို အချိန်နှင့်တစ်ပြေးညီ ရင်ပေါင်တန်း အသုံးပြု၍ မော်ကွန်းတိုက်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ဆောင်လျက်ရှိသည်။ **“မသိသူကျော်သွား၊ သိသူဖော်စား”** ဆိုသကဲ့သို့ သုတေသီများသည် ဤ မော်ကွန်းတိုက်မှ ရှားပါး အထောက်အထားများ၊ မူရင်းအထောက်အထားများကို ရည်ညွှန်းကိုးကား အသုံးပြု၍ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့များ မြောက်မြားစွာ ရရှိသွားစေသကဲ့သို့ ဌာနတွင်း ဝန်ထမ်းများကိုလည်း ပါရဂူဘွဲ့ရများအဖြစ် မွေးထုတ် ပေးလျက် ရှိပေသည်။*

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လက်အောက်ရှိ အမျိုးသားမော်ကွန်းတိုက်သည် အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ပြည်တွင်း သုတေသီများသာမက ပြည်ပသုတေသီများနှင့်ပါ အမြဲထိတွေ့ဆက်ဆံနေရသောဌာနဖြစ်သည်။ မော်ကွန်းတိုက်တွင် အထောက်အကူပြုလုပ်ငန်း (Reference Services)သည့် အဓိကကျသော လုပ်ငန်းတစ်ခုဖြစ်သည်။ တန်ဖိုးရှိ၍ ရေရှည်ထိန်းသိမ်းထားသည့် မော်ကွန်းများကို တရားဝင်သက်သေ အထောက်အထားများဖြစ်သည့် တိကျမှန်ကန်သော အထောက်အထား၊ သတင်းအချက်အလက်များလည်းဖြစ်သည်။ အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် သုတေသီများမှ ပြန်လည်မှီငြမ်းကိုးကားပြီး သုတေသနပြုရာတွင် များစွာ အထောက်အကူပြုနိုင်သည်။

အထောက်အကူပြုလုပ်ငန်း၏ ဆောင်ရွက်ချက်များမှာ အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် သုတေသီများ သိရှိလိုသည့် အကြောင်းအရာများကို မြန်ဆန်လွယ်ကူစွာ ရှာဖွေပေးခြင်း၊ စာရှာအကူများ(Finding Aids)ပြုစုခြင်း၊ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန်အတွက် စီစဉ်ပေးခြင်းတို့ဖြစ်သည်။ စစ်မှန်သည့် အထောက်အထားများသည်မော်ကွန်းများတွင်ရှိပေရာယင်းမော်ကွန်းများအား နိုင်ငံသားတိုင်းအသုံးပြုနိုင်ရန်အတွက် အစိုးရအဖွဲ့အစည်းမှ အသုံးပြုလိုသူတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကဆိုင်ရာအသုံးပြုလိုသူများဟူ၍ ခွဲခြားထားရှိသည်။ အစိုးရအဖွဲ့အစည်းသည် မှတ်တမ်းမူလပေါက်ဖွားရာဖြစ်သဖြင့် ၎င်းဌာန၏လိုအပ်ချက်များကို ဖြည့်စွမ်းကူညီပေးရသကဲ့သို့ ပုဂ္ဂလိကအသုံးပြုသူများ ကျေနပ်မှုရှိစေရန်လည်း ဖန်တီးပေးရသည်။ မော်ကွန်းများကို အသုံးပြုသည့်အခါတွင်လည်း သုတေသနခန်း (Reference Room)၌ အသုံးပြုခြင်း၊ မိတ္တူပွားပေးခြင်းနှင့် မော်ကွန်းများနှင့်ပတ်သက်၍ သိသင့်သည်များကိုစီမံဖန်တီးပေးခြင်း၊ သုသေတီများလက်လှမ်းမီရာတွင် အညွှန်း၊ သရုပ်ဖော်စာတမ်းများ၊ စာရင်းများနှင့်မော်ကွန်းလမ်းညွှန်စာအုပ်များကို စင်များဖြင့် စနစ်တကျထားရှိခြင်းများပြုလုပ်ထားသည်။ ၎င်းအပြင် ယင်းအခန်း၌ အရည်အချင်းပြည့်ဝသော ဝန်ထမ်းများကိုလည်း ထားရှိစေသည်။

*စာပေရတနာသိုက်ကြီးနှင့် အလားသဏ္ဍာန်တူသော မော်ကွန်းတိုက်တွင် တိုင်းပြည်၏ဆယ်စုနှစ်၊ ရာစုနှစ်အလိုက် သမိုင်းစဉ်နှင့်ဖြစ်ရပ်များကို ဗြိတိသျှကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးရပြီးကာလ၊ ပါလီမန်ခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နဝတခေတ်၊ နယကခေတ်၊ ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ခေတ်ဟူ၍ ခေတ်အလိုက်သမိုင်းတန်ဖိုး၊ မော်ကွန်းတန်ဖိုးရှိသည့် ရှားပါးအထောက်အထားများကို မော်ကွန်းအုပ်စု (Group) နှင့် မော်ကွန်းစဉ် (Series)များဖွဲ့စည်း၍ တစုတစည်းတည်း ထိန်းသိမ်းထားရှိသည်။ **“ပညာဟူသည် မြတ်ရွှေအိုး”** ဆိုသကဲ့သို့ **“မော်ကွန်းဟူသည် ပြည့်တန်ဖိုး”** ဟူ၍ ခေါ်ဆိုနိုင်သည်။ တိုင်းပြည်၏တန်ဖိုးဖြစ်သည့် မော်ကွန်းများကို စနစ်တကျထားရှိရာ အမျိုးသားမော်ကွန်းတိုက်သည် **“သုတေသီများ အားထားရာ ရတနာသိုက်ကြီး”** ပင်ဖြစ်ပေတော့သည်။*

တွံတေးမြို့နယ်၌ မိုးရာသီဘောလုံးယှဉ်ပြိုင်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဌာနနှင့်ကလပ်ပေါင်းစုံ ၂၀၁၂ ခုနှစ် မိုးရာသီဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက် မွန်းလွဲ၂နာရီက မြို့နယ် မြို့မအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်ဟန်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)** အဆိုပါအခမ်းအနားသို့ ဘောလုံးဝါသနာရှင်များ တက်ရောက်အားပေးကြပြီး ကွင်းဖွင့်ပွဲတွင်(က)အုပ်စုမှ အင်ပါယာအသင်းနှင့် မျိုးဆက်သစ်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်ပါယာအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် အား/ကာ)**

မိုးစပါးသီးနှံစိုက်ပျိုးရေး ဓနုဖြူ၌ ငွေချေး

ဓနုဖြူ ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ကြီးမှူး၍ ဇွန် ၂၇ ရက် နံနက် ၉ နာရီက နန်းတော်ကုန်းအုပ်စု၊ ရေကြည်အုပ်စုရှိ တောင်သူလယ်သမားများအား ၂၀၁၂ခုနှစ် မိုးစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ဘဏ်ချေးငွေ ကျပ်၄၇၈ ဒသမ ၅ သိန်း ပေးအပ်ပွဲကို မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်က ဘဏ်ချေးငွေထုတ်ပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်မောင်ဝင်းက လယ်သမားများအား ရာသီဥတုအကြောင်းနှင့် သတိထားရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မန်နေဂျာ ဦးအောင်မျိုးသန်းက ဘဏ်၏စည်းမျဉ်းစည်းကမ်းနှင့် ဘဏ်တိုးနှုန်း လျှော့ချပေးခြင်းတို့ကို ရှင်းလင်းပြောကြားပြီးနောက် နန်းတော်ကုန်းအုပ်စု၊ ရေကြည်အုပ်စုမှ လယ်သမားများကိုယ်စားကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ငွေကျပ် ၄၇၈ ဒသမ ၅ သိန်းကို ပေးအပ်သည်။ **(အပေါ်ပုံ)**

ဓနုဖြူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၅၉ ရွာမှ တောင်သူလယ်သမား ၆၄၀၀ ကျော်အတွက် ဘဏ်ချေးငွေ ကျပ် သိန်း ၂၈၁၅၀ ထုတ်ချေးပေးမည်ဖြစ်ပြီး ယခု လယ်သမား ၅၂၀၈ ဦး အတွက် စုဆောင်းငွေ ကျပ် ၄၀၃၁၇၃၅၀၀ ကို ထုတ်ပေးပြီးဖြစ်ကြောင်း သိရှိရသည်။ **(၁၄၇)**

မြန်မာ့အလင်း မှု ခင်း သ တင်း ၂၉-၆-၂၀၁၂

မြစ်ကြီးနား၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

မြစ်ကြီးနား(မူးယစ်)အထူးအဖွဲ့မှ ဒုတိယရဲအုပ် ကျော်ဝင်းသန်း ဦးစီးသော တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ ဇွန် ၁၉ ရက် နံနက် ၉ နာရီခွဲက လယ်ကုန်းရပ်ကွက် နယ်မြေ (၈)ရှိ မင်းမင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မင်းမင်းအား နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်း အိပ်ရာပေါ်၌ အသင့်တွေ့ရှိရပြီး ၎င်း၏ ခေါင်းအုံးအောက်မှ ကြွပ်ကြွပ်အိတ် အပြာရောင်ဖြင့် ထုပ်ကာ ပင်နယ်ဆလင်ပုလင်းတွင် ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်အလေးချိန် ၀ ဒသမ ၄ ဂရမ်ပါ ပုလင်းနှစ်လုံး၊ အဖြူရောင်အမှုန့်အလေးချိန် ၀ ဒသမ ၂၈ ဂရမ်ပါ ပုလင်းတစ်လုံး၊ စုစုပေါင်း အဖြူရောင်အမှုန့်အလေးချိန် တစ်ဂရမ်ခန့် (ကာလတန်ဖိုးငွေကျပ် ငါးသောင်း)နှင့် မူးယစ်ဆေးဝါးများ ရောင်းချရငွေဟု ယူဆရသော မြန်မာငွေစက္ကူ ရောရာ ငွေကျပ် ၁၁၀၀၀ တို့ကို သိမ်းဆည်းရမိသည်။ ၎င်းက မူးယစ်ဆေးဝါးများကို လယ်ကုန်းရပ်ကွက် နယ်မြေ (၁)နေ လမာလတောင်ဆိုသူက နေအိမ်အရောက် လာရောက်ပို့ဆောင်ရောင်းချခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ရောင်းသူနှင့် လက်ခံသူနှစ်ဦးအား မြစ်ကြီးနားမြို့ အမှတ်(၂) ရဲစခန်းမှ အရေးယူထားကြောင်း သိရှိရသည်။

(၀၆၂)

ဆိုင်ကယ်လုပြေးသူတရားခံများ ဖမ်းမိ

ဖြစ်စဉ်မှာ ဇွန် ၂၅ ရက် ည ၇ နာရီခွဲခန့်က ရေကြည်မြို့နယ် သစ်ဆိမ့်ကုန်းရွာနေ ဆိုင်ကယ်တက္ကစီမောင်း ဝင်းကို ၂၁နှစ်(ဘ-ဦးဝင်းကြိုင်)သည် နေအိမ်၌ရှိနေစဉ် အမည်မသိ အမျိုးသားနှစ်ဦးမှ ကံကလေးလမ်းဆုံသို့ အသွားအပြန် ဆိုင်ကယ်တက္ကစီလိုက်ပို့ရန် ခေါ်သဖြင့် ဝင်းကိုက လိုက်လံပို့ဆောင်ပေးခဲ့သည်။ အပြန်တွင် တစ်ဦးက ဝင်းကိုအား ဆိုင်ကယ်ပေါ်မှ ဆွဲချပြီး ကျန်တစ်ဦးက ဝင်းကို၏ ဆိုင်ကယ်ကိုလု၍ မောင်းနှင်ပြေးသွားခဲ့သည်။ ထိုစဉ် အနီးဝန်းကျင်ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးပေးကြသဖြင့် ဝင်းကိုအား ဆိုင်ကယ်ပေါ်မှဆွဲချသူ ညီညီလွင်(ခ) ကမ္ဘာကျော် ၂၉ နှစ် (ဘ-ဦးအုန်းလွင်) ဥမ္မာဒန္တီ ဂလမ်း (၁၄)ရပ်ကွက် ပုသိမ်နေသူအားဖမ်းဆီးရမိပြီး ဝင်းကို၏တိုင်တန်းချက်အရအသုတ်ရဲစခန်းမှဆိုင်ကယ်မောင်းထွက်ပြေးသွားသူ ဇေယျာလင်း ၂၀ နှစ် (ဘ-ဦးမြင့်ခိုင်) ဓနုဖြူဘုရားကြီး နောက် (၁၀) ရပ်ကွက်နေသူအား ဆိုင်ကယ်နှင့်အတူဖမ်းဆီးရမိခဲ့သည်။ ၎င်းအမှုကို အသုတ်မြို့ရဲစခန်း၌ အရေးယူထားကြောင်း သိရှိရသည်။ **(၀၇၇)**

ပရိဘောဂနှင့်စာရေးကိရိယာ တောင်ဥက္ကလာပ၌လှူဒါန်း

ရန်ကုန် ဇွန် ၂၉

တောင်ဥက္ကလာပမြို့နယ် အမက(၁၅)တွင် ကျောင်းပရိဘောဂနှင့်စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့်အလှူငွေပေးအပ်ပွဲကို ဇွန် ၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့်အလှူငွေများကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်မိုးနှင့် ဦးမျိုးမင်းအောင်၊ လက်ထောက်ပညာရေးမှူး ဦးရဲထွဋ်အောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန်ဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သီတာ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာအောင်တို့က ကျောင်းသား ကျောင်းသူများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၀၂၃)**

ဝန်ထမ်းများ တူညီဝတ်စုံနှင့်ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရွှေကူ ဇွန် ၂၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများအား တူညီဝတ်စုံ ထောက်ပံ့ခြင်းနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ရက်က အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက ဝန်ထမ်း ၅၀ အတွက် တူညီဝတ်စုံတန်ဖိုး ငွေကျပ် ၄၃၆၀၀၀နှင့် ဝန်ထမ်းသားသမီး ၂၇ဦးတို့အား၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက်ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၇၉၀၀၀ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

အခြေခံလူသုံးကုန် မှ မော်တော်ကား အထိ ထုတ်ကုန်များ ပြသရောင်းချမည့် ပြပွဲကြီး

YANGON LIFESTYLE & AUTOMOBILE SHOW

၂၀၁၂ ခုနှစ် ၊ ဇူလိုင်လ (၁၉) ရက် မှ (၂၂) ရက် ၊ တပ်မတော်ခန်းမ ၊ ရန်ကုန်မြို့

ပြခန်းစုံစမ်းရန် - SMART BUSINESS GROUP , PH - 01-527583 , 09-73014777 , 09-5099079

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က)	၂၁/မမ/CMO	- ဆေးဝါးနှင့်ဆေးရုံသုံးပစ္စည်းများ (210-Items)
(ခ)	၀၁/မမ/ဌာနအသီးသီး	- စာရေးကိရိယာနှင့်မိတ္တူကူးစက်အရန်ပစ္စည်းများ(123-Items)
(ဂ)	၂၂/မမ/CME	- စက်ရုံသုံးကုန်ကြမ်းပစ္စည်းများနှင့် Tool များ (285-Items) (Machine Tool & Cutter, Vernier Clipper, Grinding Wheel, EN-24/MS/Brass Round Bar and Hexagonal Bar, Electrical Equipment, Raw Material for Foundry, Pig Iron,Electrode Co2 Wire, Rubber Material, Bolt & Nut, PVC Pipe & Connection,V-Belt,Ball Bearing, Cutting Oil For Machine)

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(က)နှင့် (ခ) ၁၂-၇-၂၀၁၂ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂:၀၀ နာရီ
- အမှတ်စဉ်(ဂ) ၁-၈-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၉-၆-၂၀၁၂ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၄၃၅၂၊ ၂၉၁၉၉၁၊ ၂၉၁၉၉၄



ဦးဇာနည်ဦး
၁၂/ဗဟန(နိုင်)၀၇၅၂၁၄

၆၀၅(ခ)၊ ဇာနည် ၁၃ လမ်း အောက်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်မှ အိမ်ငှားရမ်းထားသည့်ကိစ္စ ဖြေရှင်းရန် အိမ်ရှင်နှင့် ခုနစ်ရက်အတွင်း အမြန်ဆက်သွယ်ပါရန်။

(အိမ်ရှင်) ဖုန်း-၅၇၉၇၄၇







ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၆၂၄ အမည်ပေါက် ဦးထွေးစံ၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးရဲဝင်းနိုင် ၁၂/ကတန(နိုင်)၀၉၂၉၇၇က မြေကွက်စလစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး (မြေယာရုံးခွဲ-၂) မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာပေးအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အလိမ္မာ စာမှာရှိ

TAXI ယာဉ်မောင်း အလိုရှိသည်

Cherry QQ3 မောင်းရန်
ဖုန်း-၂၉၁၂၁၀၊ ၀၉-၇၃၀၁၅၈၈၄
ပုဇွန်တောင်မြို့နယ် ဦးစားပေးမည်။



ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် ၁၆၄၄ အမည်ပေါက် ဦးမြတ်တင်၊ မြေကွက်အမှတ် ၁၆၄၅ အမည်ပေါက် ဦးငွေဝင်း၊ မြေကွက်အမှတ် ၁၆၄၆ အမည်ပေါက် ဦးဝင်းလွင်တို့၏ မြေကွက်များအား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးတေဇာဖြိုးငွေ ၁၂/ဥကတ(နိုင်)၀၇၁၀၁၃က မြေကွက်စလစ် (မူရင်း) တင်ပြပြီး ငွေသွင်းချလန်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းရုံး (မြေယာရုံးခွဲ-၂) မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုမွန်လွှာ

ဗိုလ်ကြီးလှဝင်း(ငြိမ်း)-ဒေါ်ခင်ညွန့်

သမီးတို့ချစ်တဲ့ ကျေးဇူးရှင်မိဘနှစ်ပါး၏ ယနေ့ (၃၀-၆-၂၀၁၂)ရက်တွင် ကျရောက်သော ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာပျော်ရွှင်စွာနှင့် သားသမီး၊ မြေးများအပေါ် တုနှိုင်းမရနိုင်သော အေးမြတဲ့ မေတ္တာရိပ်များ ဆက်လက်ပေးနိုင်ပါစေ။ သမီးတို့ကလည်း နောင်နှစ်ပေါင်းများစွာတိုင်အောင် မိဘကျေးဇူးကို အထူးဆပ်နိုင်ခွင့်ရနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး - ကိုဂျိုရင်းတိန့်-မမြင့်မြင့်ဝင်း(မမိုး)
ချစ်မြေးများ - မဥဝတ်ရည်ခင်၊ မမေဖူးဝင့်သူ (အထက-၂၊ စမ်းချောင်း)
ချစ်သမီးငယ် - ကိုတင်ဇော်-မဖြိုးဖြိုးဝင်း(မဖြိုး)
ချစ်မြေးများ - မောင်ကောင်းမြတ်ကို၊ မောင်သော်မြတ်ထူး (ခေတ္တ-စင်ကာပူ)

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း၏ ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၏ ပထမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၄ ရက်(စနေနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ Myanmar Convention Center (MCC)ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပမည့် ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၄ ရက်(စနေနေ့)နှင့် ဇူလိုင်လ ၁၅ ရက်(တနင်္ဂနွေနေ့) တို့တွင် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဆန်စပါးလုပ်ငန်းနှင့်ဆက်စပ်သော ထုတ်ကုန် ပစ္စည်းများပြပွဲနှင့် Miss Farmer Contest ပြိုင်ပွဲကိုလည်း ဇူလိုင်လ ၁၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထည့်သွင်း ကျင်းပမည်ဖြစ်ပါသည်။

တောင်သူလယ်သမားနှင့်လုပ်သားပြည်သူများပါဝင်ဆင်နွှဲနိုင်သော Miss Farmer Contest ပြိုင်ပွဲ

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း၏ ပထမအကြိမ်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၄င်းသင်းလုံးကျွတ်အစည်းအဝေးအား တောင်သူလယ်သမားများနှင့် လုပ်သားပြည်သူများ ပါဝင်ဆင်နွှဲနိုင်ပါရန် Miss Farmer Contest ပြိုင်ပွဲကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ Myanmar Convention Center(MCC) ခန်းမတွင် ကျင်းပမည်ဖြစ်ပါကြောင်းနှင့် ပြိုင်ပွဲလျှောက်လွှာပုံစံများကို လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) ရှိ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းရုံးနှင့် ကျောက်တံတားမြို့နယ်၊ ၃၈လမ်းနှင့် ဗိုလ်ချုပ်လမ်း၊ Asia Plaza Shopping Centre(ပထမ) ထပ်ရှိ Talents & Models Agency ရုံးတို့တွင်၂၇-၆-၂၀၁၂ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ ၅-၇-၂၀၁၂ ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

ဖခင် အမည်မှန်

အလက(၂) ဒေါပုံမြို့နယ်၊ သတ္တမတန်း(B) မှ မောင်ဇော်ဇော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ၈/နမန(နိုင်)၀၉၁၂၆၇ ဖြစ်ပါကြောင်း။

ဗင်ကားသစ်ရောင်းမည်

တိုယိုတာ ကယ်ဒီးနားဗင်(ဖြူ) ၅ဃ/---၂၀၀၀ မော်ဒယ်၊ ၁၅၀၀ စီစီ ဓာတ်ဆီ (နောက်လေး)၊ MANUAL GEAR (CNG)။

ဖုန်း-၀၉-၄၂၁၀၃၈၆၀၂၊ ၅၅၅၃၅၇

စာချုပ်မူရင်းပျောက်ဆုံးခြင်း

ကျွန်တော်၏မှဒိတာ အိမ်ရာ(၁)တန်ဖိုးနည်း Condo ရောင်းချခြင်း ကတိစာချုပ်မူရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်နှင့်ကျေးဇူးဆပ်ပါမည်။

ဦးမောင်မောင်စိုး ၁၂/အစန(နိုင်)၁၀၆၈၉၃

ဖုန်း-၀၆၇-၄၁၃၃၁၆

မြေကွက်များဝယ်လိုသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များဝယ်လိုသည်။

ဖုန်း-၀၉-၄၄၂၀၂၅၇၄၂၊
၀၉-၇၃၂၃၄၆၅၆၊
၀၉-၇၃၂၂၉၉၆၅

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ၊ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)

မော်လမြိုင်ခရိုင်တရားရုံးတော်၌

၂၀၁၂ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၂

ကွယ်လွန်သူ ဒေါ်နုနု၌ မော်လမြိုင်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)တွင် ကျန်ရစ်ခဲ့သော ငွေလက်ကျန်များထုတ်ယူရန်အကြောင်း

ဦးဂျန်နီ(ခ)ဦးစိုးဝင်း — လျှောက်ထားသူ

အမှတ် ၂၁၈၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့နေ၊ ဦးဂျန်နီ(ခ)ဦးစိုးဝင်းက ကွယ်လွန်သူ ဒေါ်နုနု၏ခင်ပွန်းဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဒေါ်နုနုမှာကျန်ရစ်ခဲ့သော ငွေလက်ကျန် ၂၂၀၃၁၂၃၈/၆၈ ကျပ်တိတိအား ထုတ်ယူရန် အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုလျှောက်ထားကြောင်းကို အများသိစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဒေါ်နုနုမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသောလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၂ခုနှစ် ဇူလိုင် ၁၂ရက် (၁၃၇၄ခု ပထမဝါဆို လပြည့်ကျော် ၉ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၄င်းနေ့တွင် လျှောက်ထားသူ ဦးဂျန်နီ(ခ)ဦးစိုးဝင်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်း စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၂ခုနှစ် ဇွန် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

တင်ထူး
ဒုတိယခရိုင်တရားသူကြီး
မော်လမြိုင်ခရိုင်တရားရုံး

ဂျပန်ဘာသာ စာသင်တန်း
၁၀ - တန်းအောင်သူ
Repeater
Fresher
09-5118647
09-73009869
09-73077351

DMA Approved
UNIQUE MARINE TRAINING CENTER
BST (4 Tickets) နှင့် Presea (Deck & Engine) rating

ရွှေမြင့်မိုရ်

Writing Blogs

Since 1996

Current trends in Implant Dentistry
Central Hotel

မြန်မြတ်
TV
09-430-64690, 550659

ဦးစော်မြင့် B.A (Korean) Y.U.F.L
E.P.S TOPIK
CENTRE - 1
CENTRE - 2



ဆက်သွယ်ရန် → 09-5119552 09-5119553 09-5119554 09-73073112

ဧရာဝတီမြစ်
ကိုယ်တိုင်ရေးမြန်မာ့သမိုင်း
The River of Lost Footsteps: A Personal History of BURMA

ဒေါ်စုစုလင်း (Silver Medalist)
B.A (Eng-UFL), DA, CAT, ACCA (Affiliate)
LCCI, FIA, ACCA & Dip IFR

MARATHON
VOCATIONAL TRAINING INSTITUTE
a. INSURANCE COURSE - 24 hrs K 90,000
b. STOCK SHARE MARKET COURSE - 24 hrs K 90,000
c. BUSINESS & TECHNICAL WRITING COURSE - 24 hrs K 90,000
d. MARKETING MANAGEMENT COURSE - 24 hrs K 90,000
e. DIPLOMATIC SKILLS FOR BUSINESS - 24 hrs K 90,000
Commencing Date → July 18, 27

WORK BOOK

WW-12/06/28

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်ခင်သော် ၁၂/မဂတ(နိုင်)၀၁၀၄၃၅၏ နိုင်ငံကူးလက်မှတ် M-534536 စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၈၂၇၃၆

တစ်ဦးတည်းဖြစ်ကြောင်း

သံဖြူဇရပ်မြို့နယ်၊ ကရပွိကျေးရွာနေ မဖြူဖြူအေး ၁၀/သဖရ(နိုင်)၁၄၀၈၉၂ ၏ ဖခင်အမည်မှာ ဦးကွန်ဟလယ် (ခ) ဦးဝင်းကြည် ၁၀/သဖရ(နိုင်)၁၁၄၃၀၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကွန်ဟလယ်(ခ)ဦးဝင်းကြည်

Digital Life
Technology Journal

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဈေးမြောက်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ E-condominium အခန်းအမှတ်A-51တိုက်ခန်းအား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသန့်စင် ၁၂/စခန(နိုင်) ၀၅၅၈၀၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သက်ပိုင် ၉/ညဥန(နိုင်)၁၀၈၃၈၀ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးကြွယ် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၇၁)
တိုက် ၉/၁၁၊ အခန်း၂၊ မြေညီထပ်၊ ၃၆လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၁၇၅၀၁

PEOPLE
2012 July
Free Home Delivery
Hot Line 09730 53320
QUIZ

Junction
Junction Nay Pyi Taw Ph - 067 421 615
Junction Maw Tin Ph - 225 244
Junction Square Ph - 527 055
Booking
SAMMY'S ADVENTURES
Movie Point Bonus
Junction Cineplex

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ၄၄လမ်း၊ အမှတ် ၈၃/B၊ မြေညီထပ်(ညာဘက်ခန်း)ဟုခေါ်တွင်သော၊ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တိုက်ခန်းတွင် တပ်ဆင် အသုံးပြုလျက်ရှိသော၊ ရေ၊မီး၊တယ်လီဖုန်းနှင့် တိုက်ခန်းတွင်းရှိ စွဲကပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို ဝယ်ယူ၍ လက်ဝယ်ရရှိပိုင်ဆိုင်သူဦးဇော်ဝင်းနှင့် ဒေါ်ဖြူထွေးယ်တို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့နိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ (LL.B) တရားလွှတ်တော်ရှေ့နေ(၄၃၇၃)

ဒေါ်လှလှခိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(၅၄၁၀)

အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁-A ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ ❀ ❀ အာကာဟိန်း – ရေးသားသည်



အရေအတွက်များပြားသည့် ကြယ်တာရာအစုအဝေး နာဆာ အာကာသသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

ဝါရှင်တန် ဇွန် ၂၉

အာကာသအတွင်း အရေအတွက် သန်း ၄၀ ခန့်ရှိသော ကြယ်တာရာအစုအဝေးကြီးတစ်ခုကို နာဆာမှ အာကာသသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇွန် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

ထိုသို့ ကြယ်တာရာ အစုအဝေးကြီးကို တွေ့ရှိမှုသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ယခင်ကတွေ့ရှိခဲ့သော ကြယ်တာရာအစုအဝေးများထက် အဆ ၁၀၀ ခန့် ပိုမို များပြားကြီးမားကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါ ကြယ်တာရာအစုအဝေးကြီး၏ပုံရိပ်ကို အမေရိကန်အာကာသရေးရာ သုတေသနအဖွဲ့ (အေပတ်စ်) က ဓာတ်ပုံရိုက်ယူကာ ပြည်သူတို့အား ထုတ်ပြန်ပေးလိုက်ပြီဖြစ်သည်။ ၎င်းကြယ်တာရာများအစုတွင် အလွန်တောက်ပသော ကြယ်တာရာအများစု ပါဝင် လျက်ရှိသည်။

ယခု တွေ့ရှိရသော ကြယ်တာရာအစုအဝေးကြီးကို FSR 1735 ဟု အမည်ပေးထားသည်။ ၎င်းကြယ်တာရာအစုအဝေးကို နာဆာအာကာသ သိပ္ပံပညာရှင်များက အာကာသအဝေးကြည့်မှန်ပြောင်းဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းကြယ်တာရာအစုအဝေးကြီး ဤမျှ အရေအတွက်များပြားစွာ ဖြစ်တည် စုဖွဲ့နေမှုနှင့်ပတ်သက်ပြီး လေ့လာသုတေသနပြုမှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။ (အင်တာနက်)



အင်္ဂါဂြိုဟ်မျက်နှာပြင်၌ တွေ့ရှိရသော အချို့အရည်များ မီးတောင်ချော်ရည်ကြည်များဖြစ်သည်ဟု နာဆာမှပြောကြား

နယူးယောက် ဇွန် ၂၉

*အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် တွေ့ရှိရသော အချို့အရည်များမှာ အင်္ဂါဂြိုဟ်မျက်နှာပြင်၏ အောက်ဘက်အနက်ရှိုင်းဆုံးနေရာမှ ထွက်ရှိလာသော ချော်ရည်ကြည်များ ဖြစ်ကြောင်း၊ ရေဓာတ်ပါဝင်မှုလွန်စွာနည်းပါးကြောင်း နာဆာသိပ္ပံပညာရှင်များက ဇွန် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)***

ယခင်တွေ့ရှိချက်များမှာ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် လွန်ခဲ့သောနှစ်သန်းပေါင်းများစွာက ရေများစီးဆင်းခဲ့သည်ဟု ပြောကြားခဲ့သော်လည်း အချို့အရည်များမှာ အင်္ဂါဂြိုဟ်မျက်နှာပြင်အောက်ရှိ မီးတောင်များပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော ချော်ရည်များသာ ဖြစ်သည်ဟု ဆို၏။ နာဆာသုတေသနပညာရှင်များက ကမ္ဘာမြေပေါ်သို့ ကျဆင်းခဲ့သည့် ဂြိုဟ်အပိုင်းအစများအနက် နှစ်ခုကို လေ့လာသုတေသနပြုခဲ့ရာ အဆိုပါ ဂြိုဟ်အပိုင်းအစများသည် အင်္ဂါဂြိုဟ်မျက်နှာပြင်၌ မီးတောင်ပေါက်ကွဲမှုများမှ လွင့်စဉ် ကျဆင်းခဲ့သည့် အပိုင်းအစများဖြစ်သည်ကို တွေ့ရှိခဲ့သည်။

အဆိုပါ ဂြိုဟ်အပိုင်းအစများကို လေ့လာသုတေသနပြုခဲ့ရာမှ အင်္ဂါဂြိုဟ်ပေါ်တွင် တွေ့ရှိရသော ချော်ရည်ကြည် အရည်ဓာတ်များပါဝင်စုဖွဲ့လျက်ရှိသည်ကို တွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။

*သို့သော် နာဆာက ၂၀၀၄ ခုနှစ်ကတည်းက အင်္ဂါဂြိုဟ်ပေါ်လွှတ်တင်ထားခဲ့သော စပရစ်နှင့် အော်ပို့ကျူနီတီအမည်ရှိလေ့လာရေးယာဉ်များက တွေ့ရှိခဲ့ရသည့် အင်္ဂါဂြိုဟ် မျက်နှာပြင်တောင်ဘက်စွန်းရှိ ရေခဲလွှာအချို့ကိုမူ ဆက်လက်သုတေသနပြုရမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)***

နေစကြဝဠာ၏ ဖွဲ့စည်းဖြစ်တည်မှုကို လေ့လာရန် နာဆာက ဗိုယာဂါ-၁ ဂြိုဟ်တုလွှတ်တင်မည်

ဝါရှင်တန် ဇွန် ၂၉

နေစကြဝဠာ၏ ဖွဲ့စည်းမှုကို လေ့လာရန် နာဆာက ဗိုယာဂါ-၁ အမည်ရှိ လေ့လာရေးယာဉ်တစ်စင်းကို မကြာမီစေလွှတ်မည်ဖြစ်ကြောင်း နာဆာအာကာသ သိပ္ပံပညာရှင်များက ဇွန် ၂၆ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ ဗိုယာဂါ-၁ အာကာသလေ့လာရေးယာဉ်ကို ကမ္ဘာမြေမှ မိုင်အလွန်ဝေးကွာသော အမြင့်အထိ လွှတ်တင်ပြီး အာကာသအတွင်း ဂြိုဟ်နှင့်ကြယ်တာရာများ ဖွဲ့စည်းဖြစ်တည်နေမှု အခြေအနေများကို လေ့လာသွားမည်ဖြစ်သည်။ (ယာပုံ)

ထိုမှတစ်ဖန် ၎င်းဝေဟင်အမြင့်၌ လွှတ်တင်ထားမှုမှာ ပုံမှန်အတိုင်းသတင်းပေးပို့မှုစနစ် မှန်ကန်ပြီး လေ့လာမှုများဆက်လက်လုပ်ကိုင်နိုင်ပါက ကမ္ဘာဂြိုဟ်မှ ယခင်ထက် ပိုမိုမြင့်မားသော အကွာအဝေးအထိ တက်ရောက်ကာ လေ့လာမှုများပြုလုပ်သွားမည်ဖြစ်သည်။ ပထမဆုံး ဗိုယာဂါအမည်ရှိ အာကာသလေ့လာရေးယာဉ်ကို ၁၉၇၇ ခုနှစ်က ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယခုလွှတ်တင်မည့် ဗိုယာဂါသည် အာကာသရှိ ဂြိုဟ်နှင့် နက္ခတ်တာရာများအကြောင်းနှင့် အာကာသဖြစ်တည်နေပုံများအဖြစ် အာကာသ၏ သက်တမ်းကို တွက်ချက်သိရှိနိုင်မည်ဖြစ်သည်။ (အင်တာနက်)

အိုင်တီနည်းပညာ အိုင်တီနည်းပညာ အိုင်တီနည်းပညာ ❀ ❀ ကောင်းမြတ်သူ – စုစည်းသည်

အယ်လ်စီဒီထက် ကောင်းသော အိုအယ်လ်အီးဒီတီဗွီများ လာပြီ

တိုကျို ဇွန် ၂၉

အီလက်ထရွန်နစ်ထိပ်သီးကုမ္ပဏီကြီးနှစ်ခုဖြစ်သည့် ဆိုနီနှင့် ပင်နာဆိုးနစ်တို့သည် ကြီးမားသောတီဗွီဖန်သားပြင်များကို ပူးပေါင်းထုတ်လုပ်သွားရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဇွန် ၂၆ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါ နည်းပညာကုမ္ပဏီကြီးနှစ်ခုက ၂၀၁၃ ခုနှစ်မှစပြီး အိုအယ်လ်အီးဒီ (OLED) တီဗွီဖန်သားပြင်များကို အမြောက်အမြား ပူးပေါင်းထုတ်လုပ်သွားကြရန် သဘောတူညီထားသည်။

အိုအယ်လ်အီးဒီများသည် လက်ရှိတီဗွီလောကတွင် နာမည်ကြီးနေသော အယ်လ်စီဒီ (LCD)များနေရာတွင် အစားထိုးနိုင်လိမ့်မည်ဟု ဆိုနီနှင့် ပင်နာဆိုးနစ်ကုမ္ပဏီတို့က ယုံကြည်ထားကြသည်။

ဆိုနီကုမ္ပဏီသည် ၂၀၀၇ ခုနှစ်က အိုအယ်လ်အီးဒီတီဗွီကို စတင်တီထွင်ထုတ်လုပ်ခဲ့သည်။ (ဝဲပုံ) ယင်းထုတ်လုပ်မှုသည် စမ်းသပ်မှုအဆင့်မျှသာဖြစ်သည်။ ဆိုနီနှင့် ပင်နာဆိုးနစ်တို့သည် လာမည့် ၂၀၁၃ ခုနှစ်မှစပြီး အယ်လ်စီဒီတီဗွီများထက် အရည်အသွေး သာလွန်ကောင်းမွန်သော အိုအယ်လ်အီးဒီတီဗွီများ ထုတ်လုပ်ကြမည်ဖြစ်ကြောင်း ကုမ္ပဏီနှစ်ခု၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါကုမ္ပဏီနှစ်ခုသည် ယခုနှစ်အတွင်း ရောင်းအားကျဆင်းခဲ့သဖြင့် ရောင်းအားမြှင့်တင်သည့်အနေဖြင့် အရည်အသွေးသာလွန်ကောင်းမွန်သော အိုအယ်လ်အီးဒီတီဗွီများ ပူးပေါင်းထုတ်လုပ်သွားရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

အိန္ဒိယကောလိပ်ကျောင်းသူများအား တက်ဘလက်ကွန်ပျူတာများနှင့် အတူ တွေ့ရစဉ်။

ကမ္ဘာ့ဈေးအချိုဆုံးတက်ဘလက် အိန္ဒိယထုတ်လုပ်ပြီ

နယူးဒေလီ ဇွန် ၂၉

အိန္ဒိယနိုင်ငံက ကမ္ဘာ့ဈေးအချိုဆုံး တက်ဘလက်ကွန်ပျူတာ အမျိုးအစားသစ်ကို ထုတ်လုပ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဇွန် ၂၆ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါကမ္ဘာ့ဈေးအချိုဆုံး တက်ဘလက်ကွန်ပျူတာကို အာကက်ရှ် (Aakash 2) ဟုအမည်ပေးထားသည်။ ၎င်းတက်ဘလက်ကွန်ပျူတာကို ကျောင်းသား ကျောင်းသူများအတွက် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရန် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်ကြောင်းသိရသည်။ ၎င်းတက်ဘလက်ကွန်ပျူတာတစ်လုံး၏ တန်ဖိုးမှာ ရူပီး ၂၂၆၃ (အမေရိကန်ဒေါ်လာ ၄၀)ဖြစ်သည်။ ယင်းတက်ဘလက် ကွန်ပျူတာတွင် လျှင်မြန်သော ပရော်ဆက်ဆာနှင့် တာရှည်ခံသောဘက်ထရီတို့ပါရှိသည်။

ယင်းတန်ဖိုးနည်း တက်ဘလက်ကွန်ပျူတာများသည် အိန္ဒိယနိုင်ငံတစ်ဝန်း အင်တာနက်တစ်ခေတ်ဆန်းသစ်လာရေး ပြုပြင်ပြောင်းလဲခြင်း ကြိုးပမ်းမှုကို အထောက်အကူပြုစေလိမ့်မည်ဟု အိန္ဒိယအစိုးရက ယုံကြည်ထားသည်။

ယခုအခါ ပထမဆုံးတက်ဘလက်ကွန်ပျူတာအလုံး ၅၇၂ လုံးကို ဖြန့်ဝေပြီးဖြစ်ပြီး ကောလိပ် ၂၀ ကျော်သို့ရောက်ရှိနေပြီဖြစ်သည်။ ၎င်းတက်ဘလက်ကွန်ပျူတာများကို စမ်းသပ်ထုတ်လုပ်ခြင်းဖြစ်ပြီး လာမည့်ဇူလိုင် သို့မဟုတ် ဩဂုတ်လတွင် အမြောက်အမြား ထုတ်လုပ်သွားရန်စီစဉ်လျက်ရှိသည်။

အဆိုပါ တက်ဘလက်ကွန်ပျူတာများကို ဘုံဘေတူးတီအမည်ရှိ နည်းပညာ ကုမ္ပဏီတစ်ခုက ထုတ်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ၎င်းတက်ဘလက်သည် မြန်နှုန်း 800 MHz ရှိသည်။ သုံးနာရီခံ ဘက်ထရီသုံးထားပြီး နောက်ဆုံးပေါ် အင်သရွိုက်ဆော့ဝဲလ်ကို သုံးထားသည်။ (အင်တာနက်)

ဂူဂဲတီဗွီ ကြည့်ရှုနိုင်တော့မည်

လန်ဒန် ဇွန် ၂၉

ဂူဂဲရုပ်မြင်သံကြားဝန်ဆောင်မှုကို အမေရိကန်နိုင်ငံ၏ အပြင်ဘက်၌ ပထမဆုံး အကြိမ်အဖြစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း ဆိုနီနှင့် ဂူဂဲကုမ္ပဏီက ဇွန် ၂၅ ရက်တွင် ကြေညာထားသည်။

*ဆိုနီကုမ္ပဏီမှ ထုတ်လုပ်သော ပြစက်ဘောက်စ်ငယ်ကိုသုံးပြီး အင်တာနက်မှတစ်ဆင့် ရုပ်မြင်သံကြားကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်း ဂူဂဲကုမ္ပဏီ၏ကြေညာချက်၌ ဖော်ပြထားသည်။ အဆိုပါ ဂူဂဲတီဗွီဝန်ဆောင်မှုကို အမေရိကန်နိုင်ငံ၌ စတင်ဆောင်ရွက်ပေးနေပြီ ဖြစ်သည်။ **(ယာပုံ)**ယခုအခါ အမေရိကန်နိုင်ငံအပြင် ပထမဆုံး အကြိမ်အဖြစ် ဗြိတိန်နိုင်ငံ၌ ဂူဂဲတီဗွီဝန်ဆောင်မှုပေးတော့မည်ဟုဆိုသည်။ ပေါင်စတာလင်ငွေ ၂၀၀ တန်ဖိုးရှိသော အဆိုပါ ပြစက်ဘောက်စ်ကို ဇူလိုင်လတွင် ဗြိတိန်နိုင်ငံအတွက် ထုတ်လုပ်ပေးမည်ဟု ဂူဂဲကဆိုသည်။ ၎င်းဘောက်စ်သည် အက်ပဲလ်မှ ထုတ်လုပ်သော တီဗွီဘောက်စ်နှင့်အပြိုင်ဖြစ်လာမည်ဖြစ်သည်။ လောလောဆယ် ဗြိတိန်နိုင်ငံတွင် အက်ပဲလ်တီဗွီကို ဗြိတိန်နိုင်ငံ၌ ၉၉ ပေါင်ဖြင့် ရောင်းချပေးလျက်ရှိသည်။ ယင်းထုတ်လုပ်လိုက်သည့် ဂူဂဲတီဗွီပြစက်ကို NSZ-GS7ဟု အမည်ပေးထားပြီး မကြာမီ ကနေဒါ၊ ဩစတြေးလျ၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်နှင့် မက္ကဆီကိုနိုင်ငံတို့၌လည်း ဝယ်ယူအသုံးပြုနိုင်တော့မည်ဟုဆိုသည်။ ဂူဂဲမှ ဝန်ဆောင်မှုပေးမည့် ဂူဂဲတီဗွီတွင် ဖျော်ဖြေရေးအစီအစဉ် ချန်နယ်များစွာပါဝင်မည်ဖြစ်သည်။ ဂူဂဲတီဗွီပြစက်ကို ဝယ်ယူကြသူများအနေဖြင့် ရုပ်မြင်သံကြား ကြည့်ရှုလို၍ဖြစ်စေ၊ သီချင်းနားထောင်လို၍ဖြစ်စေ ဂူဂဲအင်တာနက်ဝက်ဘ်ဆိုက်ကို အသုံးပြုနိုင်တော့မည်ဖြစ်သည်။ ဂူဂဲတီဗွီကို စမတ်ဖုန်းများမှတစ်ဆင့်လည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။ **(အင်တာနက်)***

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃-သုဝဏ္ဏ(နှင်းဆီကုန်း)၊ မြေကွက်အမှတ် ၅၈(က)၊ မြေကွက်တည်နေရာအမှတ် ၅၈(က)၊ မဥ္ဇူလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဒေါ်လှကြည် ၁၂/သဃက(နိုင်) ၁၁၀၈၃၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင်ဦးလှကြည်၊ မိခင်ဒေါ်လှကြည်တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်မာမာကြည် ၁၂/သဃက(နိုင်) ၁၃၉၀၄၆နှင့် ဦးကျော်စိုးမိုးကြည် ၁၂/သဃက(နိုင်)၁၅၆၆၀၃တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၃-၆-၂၀၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၅ ပါ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်စိုး(စဉ်-၂၂၈၉)၏ ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်အပေါ်

ကန့်ကွက်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား ၁ လမ်း၊ အမှတ် ၉၀/၂နေ ဒေါ်ခင်သန္တာရီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာတောင်ပိုင်း၊ ကွင်းအမှတ် ၆၇၅/က၊ ဦးပိုင်အမှတ် ၂၂၊ နယ်မြေ ၁၀၊ ဧရိယာ ဝဒသမ ၄၉ကေရှိ မြေကွက်အနက်မှ ပေ(၄၀×၆၀)ရှိမြေကွက်ကို မူလပိုင်ရှင် ဒေါ်အုံးသန်း ၁၂/ဥကမ(နိုင်)၁၃၃၄၀၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန္တာရီက တရားဝင်ဝယ်ယူခဲ့ပြီး လက်ရှိထားပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။

အချင်းဖြစ်မြေကွက်ကို ဝယ်ယူစဉ်တွင် Myanmar Integrated Port Limited ၏ DGM ဖြစ်သူ ဒေါ်ခင်သန္တာရီမှာ အားလပ်ခြင်းမရှိ၍ ထိုစဉ်က ၄င်း၏ကုမ္ပဏီတွင် ယာဉ်မောင်းအဖြစ်တာဝန်ထမ်းဆောင်နေသော ဦးဝေထွန်းအား ဒေါ်ခင်သန္တာရီက ၄င်း၏ကိုယ်စား ဝယ်သူအဖြစ် မူလပိုင်ရှင် ဒေါ်အုံးသန်းနှင့် ၁၈-၁၀-၂၀၁၀ရက်တွင်ချုပ်ဆိုခဲ့သော နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ် ကတိစာချုပ်အပါအဝင် မြေကွက်အရောင်းအဝယ်စရန်ပေး ကတိစာချုပ်များတွင် ဦးဝေထွန်း၏အမည်ဖော်ပြ၍ လက်မှတ်ရေးထိုးစေရန် တာဝန်ပေးစေခိုင်းခဲ့ပြီး မြေကွက်အရောင်းအဝယ်စာချုပ်မူရင်းများကို အချင်းဖြစ်မြေကွက်အား ငွေစိုက်ထုတ်ဝယ်ယူခဲ့သည့်မြေကွက်ပိုင်ရှင် ဒေါ်ခင်သန္တာရီက ရယူထားခဲ့ပါသည်။

အထက်ပါဒေါ်ခင်သန္တာရီပိုင် မြေကွက်တွင် ဦးဝေထွန်းက ဝင်ရောက်ကျူးကျော်နေထိုင်လျက်ရှိပြီး ဒေါ်ခင်သန္တာရီပိုင် မြေကွက်အား ဦးဝေထွန်းက တရားမဝင်ရောင်းချရန် စီစဉ်ဆောင်ရွက်ကြောင်း ၂၃-၆-၂၀၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ ပါ ကြော်ငြာအရ သိရှိရပါသည်။

ဒေါ်ခင်သန္တာရီက အချင်းဖြစ်မြေကွက်ကိုဝယ်ယူပြီး ခြံစည်းရိုးခတ်ထားစဉ် အတွင်း ဦးဝေထွန်းက အချင်းဖြစ်မြေကွက်အတွင်း ဝင်ရောက်ကျူးကျော်နေထိုင်ပြီး မြေကွက်ကိုရောင်းချရန် စီစဉ်နေခြင်းသာဖြစ်ပါသည်။ ဦးဝေထွန်းသည် အချင်းဖြစ်မြေကွက်၏ ပိုင်ရှင်မဟုတ်၍ တရားဝင်ရောင်းချခွင့်ရှိသူမဟုတ်ပါ။ ဒေါ်ခင်သန္တာရီပိုင်မြေကွက်တွင် ကျူးကျော်ဝင်ရောက်နေထိုင်ပြီး ဒေါ်ခင်သန္တာရီပိုင်မြေကွက်အား တရားမဝင်ရောင်းချရန် စီစဉ်ဆောင်ရွက်နေသူ ဦးဝေထွန်းအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ဦးဝေထွန်းက အချင်းဖြစ်မြေကွက်ကိုရောင်းချရန် စီစဉ်ဆောင်ရွက်နေခြင်းအား ဒေါ်ခင်သန္တာရီက ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်သန္တာရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ထွန်းစံ
B.Sc(Chem), H.G.P, R.L, DA, D.M.A
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၄၅)
အမှတ် ၁၂၄၊ ပထမထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဒေါ်အေးအေးဆွေ ၇/ရတန(နိုင်)၀၁၁၈၅၂နှင့်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ စိမ်းဂေဟာ ၂ လမ်း၊ အမှတ် ၈၁၀တွင် နေထိုင်သူ ဒေါ်လွင်လွင်ချို ၆/မအရ(နိုင်)၀၉၀၉၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လွင်လွင်ချိုသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၃ ယခုတိုးချဲ့၊ မြေကွက်အမှတ် ၂၃၆၊ ဧရိယာပေ(၄၀×၆၀)ရှိ မြေချပါမစ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းညွန့်ထံမှ ၄-၉-၁၉၉၇ရက်စွဲပါ **အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်**ပြုလုပ်ချုပ်ဆို၍ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၂၈၂/၉၇နှင့်တကွ အထက်ပါမြေကွက်ကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေက ၂၀၁၁ခုနှစ် စက်တင်ဘာလတွင် ယင်းမြေကွက်နှင့် ပတ်သက်သည့် ဒေါ်လွင်လွင်ချိုအမည်ပေါက် မြေငှားစာချုပ်ထုတ်ယူရန်အတွက် သက်ဆိုင်ရာဌာနများတွင် လိုအပ်သလိုကူညီဆောင်ရွက်ပေးရန် မြေချပါမစ်မူရင်း၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို ဒေါ်အေးငွေး(ခ)ဒေါ်အေးအေးဆွေ ၇/ရတန(နိုင်)၀၁၁၈၅၂နှင့်အတူ လိုက်ပါလာသူ ဦးဇော်ငွေးတို့နှစ်ဦးထံသို့ ယုံကြည်စွာအပ်နှံခဲ့ပါသည်။ ၄င်းတို့က ပြန်လည်အပ်နှံရာတွင် မြေချပါမစ်မူရင်းအစား လိမ်လည်အတုပြုလုပ်ထားသော မြေချပါမစ်အတုအား ပြန်လည်အပ်နှံခဲ့သည့်အတွက် ဒေါ်အေးငွေး(ခ)ဒေါ်အေးအေးဆွေထံသို့ မြေချပါမစ်မူရင်းအား နည်းအမျိုးမျိုးဖြင့် ဆက်သွယ်တောင်းခံခဲ့သော်လည်း ယနေ့အချိန်ထိ ပြန်လည်ပေးအပ်ခြင်းမရှိသည့်အပြင် မြေချပါမစ်မူရင်းဖြင့် အထက်ပါမြေကွက်ကို တစ်ဆင့်ပြန်လည်ရောင်းချထားကြောင်း ကြားသိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေထံမှ မြေချပါမစ်မူရင်းအား ယုံကြည်မှုအပေါ် အလွဲသုံးစားပြုလုပ်ရယူသွားပြီး တစ်ဆင့်ပြန်လည်ရောင်းချထားသူ ဒေါ်အေးအေးဆွေနှင့် ဦးဇော်ငွေးတို့က ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း နောက်ဆုံးထား၍ မြေချပါမစ်မူရင်းအား ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ မပျက်မကွက် ပြန်လည်ပေးအပ်ပါရန်နှင့် မြေချပါမစ်မူရင်း လက်ဝယ်ရှိသူ မည်သူမဆို လူကိုယ်တိုင် လာရောက်ညှိနှိုင်းဖြေရှင်းပေးရန်နှင့် ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ထို့ပြင် အဆိုပါမြေကွက်အား ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အခြားသူတစ်ဦးတစ်ယောက်ထံသို့ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် အသိပေးတားမြစ်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကိုလင်း	**ဦးဝင်းလွင်အောင်(ခ)ဦးဝင်းလွင်အောင်ချို**
LL.B,D.B.L,	**LL.B,D.B.L,D.M.L(စဉ်-၆၈၂၇)**
WIPO(Switzerland)	**တရားလွှတ်တော်ရှေ့နေနှင့်ဘဏ်ရှေ့နေ**
အထက်တန်းရှေ့နေ	**ဖုန်း-၀၉-၅၄၁၇၅၅၅**
ဖုန်း-၀၉-၇၃၁၄၂၅၇၄	

အမှတ် ၁၇၀၊ ပထမထပ်၊ ၃၇လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများပြည်သူသိနိုင်ရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဘုရင့်နောင်ပွဲရုံ၊ ခရေလမ်းရှိ ညောင်လေးပင်မြို့နယ် စုပေါင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းမှာ ညောင်လေးပင်မြို့ရှိ ကုန်စည်ပို့ဆောင်ရေးအသင်းဝင် ကုန်တင်ကားကြီးများ၊ ရန်ကုန်မြို့မှ ညောင်လေးပင်မြို့သို့ ပို့ဆောင်သည့် ကုန်စည်များအား သယ်ယူရာတွင် အဆင်ပြေစေရန်အတွက် ညောင်လေးပင်မြို့နေ ယာဉ်ပိုင်ရှင်များမှ အစုထည့်ဝင်ပြီး လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ပါသည်။ အဆိုပါအစုစပ်လုပ်ငန်းအတွက် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိဘဲ ညောင်လေးပင်မြို့ ကုန်စည်ပို့ဆောင်ရေးအသင်းအမှုဆောင်များနှင့် အသင်းဝင် ယာဉ်ပိုင်ရှင်များ နားလည်မှုဖြင့် လုပ်ကိုင်ဆောင်ရွက်လာခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ မော်တော်ယာဉ်လက်ဝယ်မရှိတော့သော အစုရှယ်ယာဝင်အချို့က မိမိတို့၏ သဘောဆန္ဒဖြင့် ရန်ကုန်မြို့၊ ဘုရင့်နောင်ပွဲရုံ ခရေလမ်းရှိ အဆောက်အအုံနှင့်လုပ်ငန်းကို လေလံတင်ရောင်းချရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ပြုလုပ်မှုကို အဆိုပါလုပ်ငန်း၏ မော်တော်ယာဉ်လက်ဝယ်ရှိ အစုဝင်များဖြစ်သော ဦးမိုးကျော်၊ ဦးလှဖြူ၊ ဦးမြသန်း၊ ဒေါ်သန်းမြင့်၊ ဦးစိုး၊ ဦးသန်းမြင့်၊ မအေးအေးလှိုင်၊ ဦးအောင်သန်းနှင့် ဦးအေးမြင့်တို့က သဘောတူညီမှုမရှိပါ။ အစုစပ်လုပ်ငန်းဝင် အစုရှင်အများစု၏ သဘောတူညီချက်ဖြင့် လေလံတင်ရောင်းချနိုင်ကြောင်း အစုစပ်လုပ်ငန်းဥပဒေမှ ခွင့်ပြုထားခြင်းမရှိပါ။ သို့ပါ၍ ရန်ကုန်မြို့၊ ဘုရင့်နောင်ပွဲရုံ၊ ခရေလမ်းရှိ လုပ်ငန်းနှင့်အဆောက်အအုံအား လေလံတင်ရောင်းချခြင်း၊ လုပ်ငန်းပိတ်ထားခြင်းတို့ပြုလုပ်မည်ဆိုပါက သဘောတူညီမှုမရှိပါကြောင်း ကန့်ကွက်၍ အများပြည်သူသိနိုင်ရန် ကြေညာအပ်ပါသည်။

အစုရှင် ကိုးဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်လွင်
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၃၈၅၄၂၇၊ ၀၅၂-၅၀၄၀၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တာမွေမြို့နယ်တရားရုံး၊ ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၃၅

ဒေါ်ဥမ္မာခိုင်	နှင့်	ဦးအောင်ဆန်း
အမှတ် ၇၄၇/၄ လမ်း၊ (၁)ရပ်ကွက်၊		အမှတ် ၃၃(က)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။		(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးအောင်ဆန်း အမှတ် ၃၃(က) တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ဥမ္မာခိုင်က "လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၆ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၃ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသောစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇွန် ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးသက်မော်
ဒုတိယမြို့နယ်တရားသူကြီး(၃)၊ တာမွေမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ လူနေရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၉၁၊ မြေအကျယ်အဝန်းပေ(၄၁×၆၀)၊ ဧရိယာ ဝဒသမ ၀၅၆ကေရှိ ဒေါ်ခင်အုန်းငွေ ၁၂/စခန(နိုင်)၀၀၇၅၉၉ အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်ဂရန်မြေနှင့် ယင်းမြေပေါ်တွင်ရှိသည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၉၁ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မင်းအောင် ၁၂/စခန(နိုင်)၀၄၆၉၈၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းနိုင် ၁၂/အစန(နိုင်)၀၇၃၉၁၄ကဝယ်ရန် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ဆန်းနိုင်	**ဦးစံလှ (ဟသ်ာတ)**
B.A(LAW), LL.B,M.A(Business Law)	**LL.B**
D.B.L,D.I.L,D.M.L,D.A.Psy,Dip in English	**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၆၁)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၉)	

ဦးဇော်ဇော်	**ဒေါ်မဇာနည်စိုး**	**ဒေါ်သန္တာအေး**
LL.B,D.B.L,D.M.L,D.I.L	**LL.B,B.A,M.A(Business Law)**	**LL.B,D.B.L,D.I.L**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**

ရုံးခန်းအမှတ် ၀၀၄၊ တိုက်အမှတ်(၉/၁၁)၊ ၃၆အောက်လမ်းတို၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၅၀၂၆၈၃၃၊ ၀၉-၄၂၀၀၈၇၃၈၁၊ ၀၉-၄၂၀၀၂၅၂၉၅၊ ၀၉-၄၃၀၅၂၄၄၂၊ ၀၉-၄၂၀၀၂၅၃၀၁

၂၀-၆-၂၀၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၁၆ ၌ ပါရှိသော တရားလွှတ်တော်ရှေ့နေ ဦးတင်ယု၏ ENJOY ကုန်အမှတ်တံဆိပ် သတိပေးတားမြစ်ချက်နှင့်ပတ်သက်၍

ရှင်းလင်းကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၁၀၄၊ မြေညီထပ်တွင်တည်ထောင်ဖွင့်လှစ်ထားသော Ta-FaTrading Co., Ltd.၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျင်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

အထက်ခေါင်းစဉ်ပါ **ENJOY** ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားနှင့်ပတ်သက်၍ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၊ မှတ်ပုံတင်စာချုပ်အမှတ်(၁၂၈၅/၂၀၀၃)နှင့် (၁၂၈၆/၂၀၀၃)တို့ဖြင့် ဦးဘင်သစ်အမည်ဖြင့် မှတ်ပုံတင်သွင်းထားခြင်းဖြစ်သော်လည်း ယင်းကုန်အမှတ်တံဆိပ်အပါအဝင် အခြားကုန်အမှတ်တံဆိပ်များ စုစုပေါင်း ကိုးမျိုးသည် Ta-Fa Trading Co., Ltd. နှင့် အုပ်စုဝင်ကုမ္ပဏီများဖြစ်ကြသော Three Gold Star Co., Ltd.၊ Seven Diamond Dragon Co., Ltd. အစရှိသည့် ကုမ္ပဏီအသီးသီးက ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတွင် လက်ရှိအသုံးပြုနေသည့် ကုန်အမှတ်တံဆိပ်များသာဖြစ်ပါသည်။ အဆိုပါကုမ္ပဏီ သုံးခုကသာလျှင် မိမိ၏မူပိုင် ကုန်အမှတ်တံဆိပ်များအဖြစ် သုံးစွဲရန်အတွက် **ENJOY** ကုန်အမှတ်တံဆိပ်နှင့် အခြားကုန်အမှတ်တံဆိပ် ရှစ်မျိုးကို ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ ခွင့်ပြုသဘောတူဆုံးဖြတ်ချက်နှင့်အညီ ဦးဘင်သစ်အပါအဝင် သက်ဆိုင်ရာ ကုမ္ပဏီဒါရိုက်တာများ၏ ပုဂ္ဂိုလ်ရေးအမည်အသီးသီးဖြင့် မှတ်ပုံတင်သွင်းစေခဲ့ခြင်းသာဖြစ်ပါသည်။ **ENJOY** ကုန်အမှတ်တံဆိပ်အပါအဝင် ကုမ္ပဏီက လက်ရှိအသုံးပြုနေသော မည်သည့်ကုန်အမှတ်တံဆိပ်ကိုမဆို ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် တစ်ဦးတစ်ယောက်က မိမိ၏ ပုဂ္ဂိုလ်ရေး ပိုင်ဆိုင်မှုတစ်ရပ်အနေဖြင့် တစ်ဦးတည်းပိုင်ကုန်အမှတ်တံဆိပ်အဖြစ် သတ်မှတ်သုံးစွဲခွင့်မရှိကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းစိုး(ထွန်း)	**ဒေါ်မူယာ**	**ဦးကျော်မြင့်**
B.A(Eco),H.G.P,R.L,D.B.L	**LL.B,Dip in Business Law**	**B.A,H.G.P,R.L**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**

အမှတ် ၁၂၄/ပ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့သတင်းစဉ် နေပြည်တော်ဇေယျာသီရိရှိ ထုတ်လုပ်ရေးဌာနမှရှိသော သတင်းလွှာရိုက်ပျက် ၇၈ ဒသမ ၃၀ ပိဿာကို အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁-၇-၂၀၁၂ရက်မှ ၅-၇-၂၀၁၂ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၆-၇-၂၀၁၂ ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း မြန်မာ့သတင်းစဉ်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါ သတင်းလွှာရိုက်ပျက်များ၏ မျက်မြင်အခြေအနေကို ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့သတင်းစဉ်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၂၉၄၁၆၀၊ ၂၉၄၂၀၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
မြန်မာ့သတင်းစဉ်(ရန်ကုန်)
အမှတ် ၂၂/၃၀၊ ကမ်းနားလမ်းနှင့် ၄၃လမ်းထောင့်
နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ကနောင်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းနှင့်မိတ်ဆုံစားပွဲ

၂၂-၇-၂၀၁၂ရက် နံနက် ၁၁နာရီတွင် ဆုထူးပန်ကျောင်း၌ ကျင်းပပါမည်။ မပျက်မကွက် တက်ရောက်ကြပါ။

အမှုဆောင်အဖွဲ့



ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ဂျေ၊ မြေကွက်အမှတ် ၃၁၊ မြေကွက်တည်နေရာအမှတ် ၁၃၂/၁၃၄၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဦးနေဝင်း၊ ဒေါ်ကြူကြူအမည်ပေါက် နှစ် ၉၀မြေငှားစာချုပ်(ဂရန်)မြေအား အများပြင်ဖြည့်စွက်စာချုပ်အမှတ် ၂၀၇၉/၂၀၁၂နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၂၀၈၀/၂၀၁၂တို့အရ ဦးနေဝင်း ၁၂/ဗတထ(နိုင်)၀၃၁၈၉၃ထံမှ G/P ရသူ ဒေါ်အေးအေးခိုင် ၁၂/ဗတထ(နိုင်)၀၃၁၉၃၉က နှစ် ၉၀မြေငှားစာချုပ်(ဂရန်)ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅H၊ မြေကွက်အမှတ် ၁၇၇၊ မြေကွက်တည်နေရာအမှတ် ၉၊ ဗိုလ်မင်းခေါင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်သန်းလှအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းလှ(မိခင်)၊ ဦးကျော်ဖေ (ဖခင်) ကွယ်လွန်သဖြင့် (၁) ဦးဖုန်းမြင့် ၁၂/ဥကတ(နိုင်)၀၅၆၁၅၀၊ (၂) ဦးဇော်ဝင်း ၉/မနက(နိုင်)၀၇၃၇၂၉၊ (၃) ဒေါ်ဖြူဖြူဝင်း ၁၂/သဃက(နိုင်) ၀၂၇၉၇၀၊(၄) ဒေါ်ဌေးဌေးရီ ၁၂/ဥကတ(နိုင်)၀၅၆၁၀၂ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ မြို့နယ်သေဆုံးကြောင်းထောက်ခံစာ၊ ဂရန်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်၊ မြို့နယ်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉ကံဘဲ့၊ မြေကွက်အမှတ် ၃၈/၄-၂၊ မြေကွက်တည်နေရာအမှတ် ၅၈၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ် ဦးဝင်းမောင်၊ ဒေါ်ရင်နု၊ မောင်ထွတ်ဝင်းရွှေ၊ မောင်မြတ်ဝင်းရွှေ အမည်ပေါက် ဘီ လ/န ၃၉မြေအား အမည်ပေါက်လေးဦးအနက် ဦးဝင်းမောင်၊ ဒေါ်ရင်နုထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၂၉၄/၈၆ ဖြင့် ဦးရွှေပင်မှ မောင်ထွတ်ဝင်းရွှေ၊ မောင်မြတ်ဝင်းရွှေတို့ဖြင့် ပူးတွဲပိုင်ဆိုင်လာပါသည်။ ဦးရွှေပင်ထံမှ စွန့်လွှတ်စာချုပ် ၂၉၅/၈၆ဖြင့် မောင်ထွတ်ဝင်းရွှေ၊ မောင်မြတ်ဝင်းရွှေတို့က ပိုင်ဆိုင်လာပါသည်။ ၄င်းတို့နှစ်ဦးထံမှ အရောင်းအဝယ်စာချုပ် ၅၇၀/၈၆၊အများပြင်စာချုပ် ၃၁၅/၂၀၀၀ ဖြင့် ဒေါက်တာစံဝင်းမှလည်းကောင်း၊ ဒေါက်တာစံဝင်းထံမှ မေတ္တာဖြင့်အပိုင်ပေးစာချုပ် ၂၂၈၈/၂၀၀၀ / ၁၂-၉-၂၀၀၀ ဖြင့် ဦးမြတ်လင်းမှလည်းကောင်း ပိုင်ဆိုင်လာပါသည်။ ဦးမြတ်လင်း ကွယ်လွန်သဖြင့် ဇနီး ဒေါ်ချူဟီဟာ၁၂/လသန(ဧည့်)၀၀၀၂၇၈ ၏ G/P ရရှိသူ ဦးဆန်းညွန့်က ကျမ်းကျိန်လွှာ၊ သေစာရင်း၊ စာချုပ်အဆက်အစပ် G/Pတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ် ချုပ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၂၀၄/က၊ မြေကွက်တည်နေရာအမှတ် ၂၀၄/က၊ ၆လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ဝင်းမြအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ဝင်းမြထံမှ ပိုင်ဆိုင်ကြောင်းစာချုပ် ၁၃၃၅/၀၈ / ၄-၆-၀၈ ဖြင့် ရရှိခဲ့သူ ဦးသန်းဝင်း ၁၂/ကမရ(နိုင်)၀၃၀၂၅၂၊ ဒေါ်မြမြသန်း ၁၂/စခန(နိုင်)၀၄၆၂၃၄၊ ဦးမောင်မောင်ကျော် ၁၂/စခန(နိုင်)၀၀၀၀၃၁၊ ဦးရင်အေး ၁၂/စခန(နိုင်)၀၀၀၀၃၂တို့ ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၅၅၁၆/၀၈ / ၃-၆-၀၈ ဖြင့် လွှဲအပ်ခံရသူအထူးကိုယ်စားလှယ် ဒေါ်ထက်ထက်လင်း ၁၂/သလန(နိုင်)၁၀၀၄၆၄ နှင့် ဒေါ်ဆွေဇင်လင်း ၁၂/ကတတ(နိုင်) ၀၀၂၆၀၆ တို့က ပါဝါပေးသူများသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၂၅/၁၂ / ၂၄-၂-၁၂ တင်ပြ၍အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၄/သမိုင်း၊ မြေကွက်အမှတ် ၁၇ ဏ/၂ မြေကွက်တည်နေရာအမှတ် ၁၆၊ သလ္လာဝတီလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်သန်းရီအမည်ပေါက် B မြေပိုင်မြေ/မြို့မြေအား အမည်ပေါက် ဒေါ်သန်းရီထံမှ အရောင်းအဝယ်စာချုပ် ၇၃၆/၈၄ဖြင့် ဦးလှထွန်းသို့လည်းကောင်း၊ ဦးလှထွန်းထံမှ အရောင်းအဝယ်စာချုပ် ၆၇/၈၆ဖြင့် ဒေါက်တာစံဝင်း၊ ဦးမြတ်လင်း၊ ဒေါက်တာစန်းစန်းရင်တို့မှ လည်းကောင်း၊ ဒေါက်တာစန်းစန်းရင်မှ စွန့်လွှတ်စာချုပ် ၁၈၇/၈၆ဖြင့် ဦးမြတ်လင်း၊ ဒေါက်တာစံဝင်းတို့မှ လည်းကောင်း၊ ဒေါက်တာစံဝင်းမှ စွန့်လွှတ်စာချုပ် ၈၄၂/၉၉ဖြင့်လည်းကောင်း၊ စာချုပ်အဆက်အစပ်များဖြင့် ပိုင်ဆိုင်လာပြီး ဦးမြတ်လင်းကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ချူဟီဟာ၁၂/လသန(ဧည့်)၀၀၀၂၇၈ ၏ G/P ရရှိသူ ဦးဆန်းညွန့်က စာချုပ်အဆက်အစပ်များ၊ ကျမ်းကျိန်လွှာ၊ သေစာရင်း၊ G/Pတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်း ရပ်ကွက်အမှတ် (ဈ)၊ မြေကွက်အမှတ် ၃၀၇၊ မြေကွက်တည်နေရာအမှတ် ၃၀၇၊ စက္ကဝတ် ၂လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဦးမောင်စ N/ OKA - ၁၁၂၂၄၃အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစိုင်းခင်မောင်လွင် ၁၂/လမန(နိုင်) ၁၁၈၆၉၁ က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာများတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှား စာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ် ၁၆၆၊ သုံးထပ်၊ အခန်း ၃၊ အကျယ် ပေ(၂၅×၄၀)၊ ၂၈လမ်းနေအိမ်တိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေက အခန်းရောင်းချသူများဖြစ်သော ဒေါ်အေးကြည်နှင့် အမွေဆိုင်များထံမှ တန်ဖိုးငွေတစ်စိတ်တစ်ဒေသပေးချေ၍ ၂၁-၆-၂၀၁၂ရက်က စာချုပ်ချုပ်ဆိုဝယ်ယူထားပါသည်။

မည်သူမဆိုကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်အေးလှိုင် (စဉ်-၃၅၂၁၇)
LL.B, LL.M
အထက်တန်းရှေ့နေ
အမှတ် ၃၁၊ ပထမထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၀၃၀၅၄

ပွင့်သစ်စမ်း Food Center
ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်အိမ်ရာ၊အမှတ် ၅၂၀A(2/3) တွင်နေထိုင်သော ဒေါ်ခင်မေသန်း ၁၃/ကမန(နိုင်)၀၀၈၆၈၅က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းမှုပိုင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၊ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၂၀၀၄ခုနှစ် စာချုပ်အမှတ် ၆၃၂၁(၁၉-၁၁-၂၀၀၄)ရက်စွဲဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

အထက်ပါဆိုင်အမည်အမှတ်အသားဖြစ်သော ပွင့်သစ်စမ်း Food Center အမည် အမှတ်အသားဖြင့် မြန်မာ့ရိုးရာအစားအစာ၊ ရှမ်းရိုးရာအစားအစာ၊ တရုတ်ရိုးရာအစားအစာ၊ မုန့်အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ချိ၍ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးမျိုးစုံနှင့်တွဲဖက်၍ ဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။

သို့ပါ၍ မိမိမှုပိုင်အဖြစ်အသုံးပြုလျက်ရှိသော ဖော်ပြပါဆိုင်အမည်နှင့် ကုန်အမှတ်တံဆိပ်ကို မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ပုံတူပုံမှား ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တည်ဆဲတရားဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးဇော်သိန်းထွန်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၆၁၅)
အခန်း ၃၊ ခုနစ်လွှာ၊Strand Condo၊
မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၄၁၅၈၀၈၊ ၀၁-၈၀၁၀၁၄၀

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် ၆၀ သူရတပ်ခွဲ၏
အရိုအသေအလျှိုးအစနပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ

(၃၁)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကွယ်လွန်သွားခဲ့ကြသော သူငယ်ချင်းများအားရည်စူး၍ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းအမျှပေးဝေခြင်း၊ သင်ကြားပြသပေးခဲ့ကြသော ဆရာများအား ပူဇော်ကန်တော့ခြင်းနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများအား တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	၇-၇-၂၀၁၂ ရက် (စနေနေ့)
နံနက်	-	၅း၀၀နာရီမှ ၇း၀၀နာရီအထိ ၃၁(က)၊မဟာမြိုင်လမ်းနှင့်ပြည်လမ်းထောင့်၊စမ်းချောင်း၊ ရန်ကုန်မြို့။
ညနေ	-	၁၈း၀၀နာရီမှ ၂၂း၀၀နာရီအထိ M3 Food Centre၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း	-	၀၉-၅၂၀၂၁၁၈၊ ၀၉-၈၆၄၁၂၉၇၊ ၀၉-၅၀၀၄၄၇၃၊ ၀၉-၅၁၅၅၅၄၅

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄ ကံဘဲ့၊ မြေကွက်အမှတ် ၃၅/ဈ၅၊ မြေကွက်တည်နေရာအမှတ် ၃၅ဈ၅၊ မြဝတ်ရည်လမ်း၊ မရမ်းကုန်းမြို့နယ် ဒေါ်ခင်နုအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်နုထံမှအရောင်းအဝယ်စာချုပ် ၈၄၇/၈၄ (၁၉-၁၀-၈၄)၊ အများပြင်စာချုပ် ၂၀၀၈/၉၄ / ၂၈-၁၁-၉၄ ဖြင့် ဒေါ်ဖရန်စစ္စဟောဒ်စင်၊ ဒေါ်မောရင်းဟောဒ်စင်၊ ဦးခင်မောင်ညွန့်၊ ဦးတင်ကျော်လှိုင်တို့က ပိုင်ဆိုင်လာပါသည်။ ဒေါ်မောရင်းဟောဒ်စင်မှာ ၉-၈-၈၉တွင်ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးတင်ကျော်လှိုင်က အမွေဆက်ခံပိုင်ဆိုင်စာချုပ် ၂၀၀၉/၉၄(၂၈-၁၁-၉၄)ဖြင့်ပိုင်ဆိုင်လာပါသည်။ ဦးခင်မောင်ညွန့်၊ ဦးတင်ကျော်လှိုင်တို့က စွန့်လွှတ်စာချုပ် ၂၀၁၃/၉၄ (၂၈-၁၁-၉၄) ဖြင့်ဒေါ်ဖရန်စစ္စဟောဒ်စင်(ခ)မြင့်မြင့်ဆွေက ပိုင်ဆိုင်လာပြီး ၄င်းထံမှအရောင်းအဝယ်စာချုပ် ၉၁၆/၂၀၀၂ (၄-၃-၂၀၀၂) ဖြင့် ဦးကျော်ထက်(ခ) ဦးသန့်ဇင် ၇/ဝမန(နိုင်)၀၉၀၇၈၇ ကပိုင်ဆိုင်လာပြီး ၄င်း၏ S/P ရရှိသူ ဒေါ်မြင့်မြင့်ဦးက S/P စာချုပ်မိတ္တူမှန်များတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၆၄)၊ သုံးလွှာ(လေးထပ်) ဈေးကြီးလမ်းတိုက်ခန်းနှင့် ပတ်သက်စပ်လျဉ်းပြီး
ကြေညာချက်

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးစံလင်း၏ ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်သည်မှာ အဆိုပါတိုက်ခန်းသည် ဦးမြင့်သိန်း ၁၂/မရက(နိုင်)၀၂၆၇၇၃ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ပြီး ၄င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ၂၂-၄-၂၀၁၂ရက်တွင် မြေပိုင်ရှင်ဦးကျော်စွာဦး ၁၂/ကမတ(နိုင်) ၀၄၀၅၀၈ ရှေ့မှောက်တွင်ပင် အသိသက်သေအရာထား၍ ဝယ်ယူထားသော တိုက်ခန်းဖြစ်ပြီး ယနေ့ထက်တိုင် ကျွန်ုပ်မိတ်ဆွေလက်ဝယ်တွင် ရှိနေသောတိုက်ခန်း ဖြစ်ကြောင်းကြေညာအပ်ပါသည်။

ဖြစ်ပေါ်လာသော တိုက်ခန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ဥပဒေနှင့်အညီ ဖြေရှင်းသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလွင်ဦး
တရားလွှတ်တော်ရှေ့နေနှင့်
စာချုပ်စာတမ်းဆိုင်ရာဥပဒေအကြံပေး
အမှတ် ၁၀၁၊ လေးလွှာ၊ အရိုးကုန်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၅၀၇၉၉၊ E-Mail: lwinoo639 @gmail. com

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် ၁၁၀၊ ငါးလွှာ(A)၊ အကျယ်အဝန်း ပေ(၁၂ ½×၅၀)ရှိ တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူ ဦးပြည်စိုး ISN-၅၇၇၄၂၈ထံမှ ဒေါ်အေးသီတာအောင်က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးသီတာအောင် ၁၂/မဂတ(နိုင်)၀၈၆၅၀၇၏ညွှန်ကြားချက်အရ-

ဦးဝင်းဌေး B.A, R.L	**ဦးအေးဇော်ဝင်း LL.B**
တရားလွှတ်တော်ရှေ့နေ(၂၂၅၆)	**အထက်တန်းရှေ့နေ(၁၅၆၉၇)**
ဖုန်း-၀၉-၇၃၁၅၀၈၀၃	**ဖုန်း-၀၉-၅၀၅၇၉၂**

ရုံးခန်းအမှတ် ၆၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

ကန့်ကွက်ရန်ကြော်ငြာ

ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက် (၁၀၁/၁၀၂A) ဆ/ဦး-၂၊ အခန်း ၃၀၂၏ မူလအမည်ပေါက် ဦးဇော်မင်းခိုင် ၁၄/လပတ(နိုင်)၁၃၀၁၈၁ ထံမှ ဒေါ်ငုဝါစိမ်း ၇/တငန(နိုင်)၁၀၃၉၀၄က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

ဒေါ်ငုဝါစိမ်း
၇/တငန(နိုင်)၁၀၃၉၀၄

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ်၂၀၀/က၊ မြေကွက်တည်နေရာအမှတ် ၂၀၀/က၊ ၅လမ်း၊(၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျော်ရန်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ရန်နှင့် ဇနီးဒေါ်အုံးမြ၊ သားဦးမြင့်စိုး(လူပျိုကြီး)တို့ အသီးသီးကွယ်လွန်သဖြင့်ဒေါ်စိန်သန်း၁၂/သကတ(နိုင်)၀၄၉၀၉၈ နှင့် ဒေါ်စန်းစန်းဝင်း ၁၂/သကတ(နိုင်) ၀၄၉၃၇၅ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇-ဒီ၊ မြေကွက်အမှတ် ၆အက်ဖ်/၆ဘီ၊ မြေကွက်တည်နေရာအမှတ် (၉/ခ)၊ သီရိမင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ် ဒေါ်သင်းကြည်အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်သင်းကြည်နှင့်ခင်ပွန်း ဦးချစ်၊ သမီးဒေါ်ရင်ရင်မြတို့အသီးသီး ကွယ်လွန်သဖြင့် ကျမ်းကျိန်လွှာ၊ ထောက်ခံစာ၊ သေစာရင်းများတင်ပြ၍ သားသမီးများ ဖြစ်ကြသော ၁။ ဦးချစ်ဆွေ ၉/ပဘန(နိုင်) ၀၁၀၀၂၃၊ ၂။ ဒေါ်အေးအေးမြင့် ၁၂/စခန(နိုင်)၀၀၈၇၅၅၊ ၃။ ဦးမျိုးမြင့် ၁၁/စတန (နိုင်)၀၀၄၁၅၀(သား၊ သမက်) ၄။ ဦးအောင်မြင့် အယ်လ်အာဂျီအင်န်-၀၃၄၇၅၅၊ ၅။ ဦးစောမြင့် ၁၂/စခန(နိုင်) ၀၀၀၇၇၃တို့က ပိုင်ဆိုင်၊ စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊မြေကွက်အမှတ် ၃၂၂/ခ၊ မြေကွက်တည်နေရာအမှတ်၃၂၂/ခ၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊သာကေတမြို့နယ်၊ ဒေါ်တင်ဇာညွန့် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ဇာညွန့်ထံမှ G.P ရရှိသူဒေါ်ရန်ဆုံးစီ ၁၃/မဆတ(နိုင်)၀၂၉၂၈၇ကကိုယ်စား လှယ်လွှဲစာပြန်လည်မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အရောင်းအ၀ယ် စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်၂၃၊သု၀ဏ္ဏ၊ မြေကွက် အမှတ်၃၁၃/ဃ၊ မြေကွက်တည်နေရာ တိုက် ၅၊ အခန်း ၃၊ စုပေါင်းအိမ်ရာ၊ (၂၃)ရပ်ကွက်၊ သု၀ဏ္ဏ၊ သဃ်ာန်းကျွန်း မြို့နယ် ဒေါ်သန်းညွန့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်သန်းညွန့်၊ ဖခင်ဦးအကောက် ကွယ်လွန်သဖြင့် ဦးလှကြည် ၁၂/ သဃက(နိုင်)၀၁၃၅၁၆ကတစ်ဦးတည်း သောသားတော်စပ်ကြောင်းကျမ်းကျိန် လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အောင်စေတနာအေးရပ်ကွက်၊အပိုင် ကွင်းအကွက်အမှတ်နှင့်အမည် ၁၆၄၇၊ အလယ်ရပ်အောင်စေတနာ-က၊ ဦးပိုင် အမှတ် ၁၁၊ ဧရိယာ၀ဒသမ ၀၆၀ဧကရှိမြေကွက်နှင့် ထိုမြေပေါ်တွင် တည်ဆောက် ထားသော အမှတ်အေ-၁၁၊ တောင်တွင်းလမ်းဟူသော အဆောက်အအုံအပါအ၀င် တို့ကို မြေစာရင်းပုံစံ၁၀၅၊ ၁၀၆တွင် ယခင်အမည်ပေါက် ဦးကျော်ခင်-ဒေါ်ခင်မြိုး ကြည်တို့ထံမှ လွှဲပြောင်း၀ယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် ဦးစိုးနိုင် ၈/ခမန(နိုင်) ၀၀၂၇၉၁နှင့် ဒေါ်စုစု၀င်း ၈/ခမန(နိုင်)၁၁၇၆၃၆တို့က နှစ်၃၀ဂရန်ရယူပြီး ထိုဂရန်တွင် ဦးစိုးနိုင်တရား၀င်အမည်ပေါက်မှတ်သားထားကြောင်း တင်ပြ ပြောဆိုသည့်မြေနှင့် အဆောက်အအုံအား ကျွန်ုပ်မိတ်ဆွေက လွှဲပြောင်း၀ယ်ယူ မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါမြေ/ဥပစာရောင်း၀ယ်မှုနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ခံစားပိုင်ခွင့်ရှိသူများနှင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်မာသည့် အထောက်အထားများဖြင့် မည်သူမဆို ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်း၀ယ်မှုကိုဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးခင်မောင်သန်း တရားလွှတ်တော်ရှေ့နေ(၆၀၅၁)

အမှတ် ၁၁၃၊ ၅+၆(ဝဲ)၊ ၅၂လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၀၅၂၄၁၃

လေလံကြော်ငြာ

စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာမြို့နယ်၊ ကျောက္ကာဆုတောင်းပြည့် ရွှေဂူနီမြတ်စွာ ဘုရားကြီး၏ ရုပ်ပွားတော်အား အများပြည်သူများ တစ်နှစ်တာရွှေသင်္ကန်းကပ်လှူရာမှ ရရှိသော ရွှေလောင်စက္ကူမိုက်နှင့် အခြားဆက်စပ်ပစ္စည်းများကို ၈-၇-၂၀၁၂ရက် နံနက် ၁၀နာရီတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(ဆက်သွယ်စုံစမ်းရန် - ဥက္ကဋ္ဌ၊ ရွှေဂူနီဂေါပကအဖွဲ့၊ ဖုန်း-၀၉-၂၁၃၀၅၆၃၊

ရွှေဂူနီဂေါပကရုံး ဖုန်း-၀၇၁-၂၂၄၇၄

ဂေါပကအဖွဲ့

ရွှေဂူနီမြတ်စွာဘုရားကြီး

ကျောက္ကာရွာ၊ မုံရွာမြို့နယ်

ရက် (၆၀) တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေ၊ မြေဇင်းတောရဆရာတော်ကြီးနှင့် ကျမ်းပြု ဆရာကြီးမဟာစရိယဦးဌေးလှိုင်တို့ကိုယ်တိုင် သီတင်းသုံး ဖွင့်လှစ်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ ကန်နီနည်းဥပနိဿယ၊ အာနာပါန သမထ၀ိပဿနာ ရက်(၆၀)တရားစခန်းကို (၁၃၇၄ခုနှစ် ပထမ၀ါဆိုလပြည့်နေ့) ၃-၇-၂၀၁၂ရက်တွင် စတင်ဖွင့်မည်ဖြစ်ရာ တရား စခန်း ၀င်လိုသူယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

စခန်းကြေး၊ ဆွမ်းစရိတ် သတ်မှတ်တောင်းခံခြင်းမပြုပါ။

သာသနာ့အကျိုးဆောင်အဖွဲ့

ဖုန်း-၀၂-၅၇၂၅၃၊ ၀၉-၉၁၀၄၆၃၀၆၊ ၀၉-၂၀၃၃၉၂၂၊ ၀၉-၄၇၁၂၂၇၀

၀မ်းနည်းကြေကွဲခြင်း

ဒေါ်စိမ်းညို (ဟသ်ာတ)

အသက်(၉၅)နှစ်

မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်း-ဒေါ်မာလာတို့၏မိခင်ကြီး ဒေါ်စိမ်းညို အသက်(၉၅)နှစ်သည် ၂၆-၆-၂၀၁၂ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ၀မ်းနည်းကြေကွဲရပါသည်။

ဦးအောင်မြင့်ထွန်း-ဒေါ်ဖြူဖြူ၀င်း

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

၀မ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးကျင်လှ(ခ)ဦးမြတ်မိုး အသက်(၇၂)နှစ်

သန်လျင်မြို့၊ မေတ္တာမွန်အထည်ချုပ်စက်ရုံနေ ဦးကျင်လှ(ခ)ဦးမြတ်မိုးသည် ၁၁-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ၀မ်းနည်းကြေကွဲရပါကြောင်း။ **ကိုင်ရှိအပ်ချုပ်ဆိုင်**

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဗိုလ်မှူးချုပ်တင်စိုး (ငြိမ်း)

D.S.A (7)

အဖေ-အဖေ့ကို ဘယ်မှာမှ ရှာမတွေ့နိုင်တော့တဲ့အဖြစ်မျိုး ကြုံရလိမ့်မယ်လို့ လုံး၀ မမျှော်လင့်ခဲ့မိပါဘူး။ အဖေကိုသာပြန်တွေ့ရမယ်ဆိုရင် သမီးဘာနဲ့ပဲလဲရလဲရ လဲနိုင်မယ်လို့ သမီးအမြဲတွေးမိပါတယ်။ အဖေစိုက်ခဲ့တဲ့ အပင်လေးတွေပွင့်တိုင်း အဖေ့ကို မြင်စေချင်လိုက်တာ။ အရင်ကဆို ပန်းလေးတွေပွင့်တိုင်း သမီးကိုခေါ်ပြတတ်တဲ့အဖေ။ အတ္တ၊လောဘမရှိဘဲ လူတိုင်းအပေါ် စေတနာကောင်းခဲ့တဲ့အဖေ-အဖေ့အတွက်ရည်စူးပြီး သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်၀တ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ မိဘမဲ့ကလေး(၆၀၀)ကျော်ကို အကြိမ်ကြိမ်ကျွေးမွေး လှူဒါန်းခဲ့တဲ့ကုသိုလ်ကောင်းမှုတွေ အဖေရရှိပြီး ဘ၀ဆက်တိုင်းမှာ အေးချမ်းနိုင်ပါစေ-အနှိုင်းအဆမဲ့တဲ့အဖေ့ကျေးဇူး မေတ္တာတွေကို သမီးတို့မိသားစု ရှိသေစွာရှိခိုး ဦးခိုက်ရင်း...။

ချစ်သမီး - ဒေါက်တာကျော်ကျော်ထွန်း-မဇာဖြူတင်စိုး

ချစ်မြေးကြီး - Tu Tu (Primary. II, ILBC)

ချစ်မြေးငယ် - Ju Ju (Primary. I ILBC)

တစ်နှစ်ပြည့် အမှျ၀ေခြင်း

ဗိုလ်မှူးချုပ်တင်စိုး (ငြိမ်း)

ချစ်တဲ့ဘိုးဘိုးရေ ဘွားဘွားက နွေရာသီကျောင်းပိတ်ရက်ရောက်တိုင်း မိသားစုတွေစုပြီး ဘိုးဘိုးကိုကန်တော့နိုင်ဖို့ ဂူသွင်းထားပေးတယ်။ ဂူရဲ့ ဘေးမှာ ကန်တော့နိုင်ဖို့ မြေကွက်၀ယ်ထားပါတယ်။ လွတ်လပ်မှုကို သိပ်ကြိုက်တဲ့ဘိုးဘိုးအား ခြံမခတ်ဘူး။ အမိုးမမိုးဘူး။ သားသားတို့ တစ်နှစ်ပြည့်ခဲ့တဲ့ဒီနှစ်ကစပြီး နှစ်တိုင်းလာကန်တော့မှာပါ။ ဘိုးဘိုး တစ်လတစ်ခါ ရတဲ့ပင်စင်နဲ့ပြုတဲ့ ကုသိုလ်ကောင်းမှုများ မိသားစုတွေ ဘိုးဘိုးကိုရည်စူးပြီး ပြုတဲ့ကုသိုလ်ကောင်းမှုများ ဘိုးဘိုး သာဓုခေါ်ဆိုနိုင်ပါစေ။ ဘိုးဘိုးကို လွမ်းလွန်းလို့ သားသားတို့နဲ့ ဘ၀ ဘ၀တိုင်း ခုလိုစောစောခွဲခွာမသွားပါနဲ့ ဆုတောင်းပါတယ်။ **ဘိုးဘိုးရေ အမျှ-အမျှ-အမျှ**

ဘိုးဘိုးကိုချစ်တဲ့ မိသားစု

၀မ်းနည်းကြေကွဲခြင်း

ဒေါ်လှစိန်ဦး

မူလတန်းပြဆရာမ(ငြိမ်း)

ရသေ့တောင်မြို့

အသက်(၈၇)နှစ်

ဒေါ်တင်မြ(အလယ်တန်းပြဆရာမ-ငြိမ်း)-ဦးသာနု(ခရိုင်အုပ်ချုပ်ရေးမှူး-ထွေအုပ်- ငြိမ်း)၏မိခင် ဒေါ်လှစိန်ဦးသည် ၂၅-၆-၂၀၁၂ရက် (တနင်္လာနေ့)တွင် စစ်တွေခရိုင်၊ရသေ့တောင်မြို့နေအိမ်၌ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူ၀မ်းနည်းကြေကွဲမိပါကြောင်း။**ဦးအောင်ကျော်ဇော-ဒေါ်နုနုအေး(ရန်ကုန်)**

၀မ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း၊ရေကန် ဒါယိကာမကြီး

ဒေါ်ခင်ယုံ

(ကျွဲဆည်ကန်၊ မန္တလေး)

ကြီးမေ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ဘဘစိုး (အထွေထွေမန်နေဂျာ-ငြိမ်း၊ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန၊ မန္တလေး)မိသားစုနှင့်ထပ်တူထပ်မျှ ၀မ်းနည်းကြေကွဲရပါသည်။

ဒေါ်တင်တင်လှမိသားစု

ဦးထွန်းနိုင်မြင့် ဇနီး ဒေါ်မိုးသန္တာမိသားစု

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ဦးသိန်းဟန်

လျှပ်စစ်အင်ဂျင်နီယာနှင့် တရားလွှတ်တော်ရှေ့နေ

မိမိတွင် စွဲကပ်နေသောရောဂါကို ဂရုမထားဘဲ သတ္တိရှိရှိရင်ဆိုင်ပြီး ခံယူချက် အပြည့်၊ ဖွဲလုံ့လအားမာန်အပြည့်၊ စွမ်းဆောင်နိုင်မှုအပြည့်ဖြင့် အနစ်နာခံပြီး တိုင်းပြည်နဲ့လူမျိုးအတွက် နောက်ဆုံးထွက်သက်ထိ အစွမ်း ကုန်ကြိုးစားလုပ်ဆောင်သွားတဲ့ ချစ်ခင်ပွန်းအတွက် အမြဲတမ်းဂုဏ်ယူ လျက်ပါ။

ဒါကြောင့် ၁၈-၅-၂၀၁၂ရက်တွင် ကွယ်လွန်သွားသော ချစ်ခင်ပွန်း အား ရည်စူး၍ ၂၄-၅-၂၀၁၂ရက်တွင် ရက်လည်ဆွမ်းကပ်လှူဒါန်းခြင်းကို ရန်ကုန်မြို့၌လည်းကောင်း၊ ၁၈-၆-၂၀၁၂ရက်တွင် မန္တလေးမြို့နေအိမ်၌ တစ်လပြည့်အထိမ်းအမှတ်အဖြစ် ဆရာတော်အရှင်သူမြတ်တို့အား ဆွမ်းကပ်၍ အလှူအတန်းပြုလုပ်ခဲ့ပြီးပါပြီ။ လှူဒါန်းမှုအစုစုတို့ကို ချစ်ခင်ပွန်းအား အမျှပေး၀ေပါတယ်။ ရောက်ရှိရာမြင့်မြတ်သောဘုံဘ၀မှ သာဓုခေါ်နိုင်ပါစေ။

ပါမောက္ခဒေါက်တာငြိမ်းငြိမ်း

အဏုဇီ၀ဗေဒဌာန၊ ဆေးတက္ကသိုလ်-မန္တလေး

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောအိမ်ရာများနှင့် ဌာနမှယာယီမြေရှင်အဖြစ် ဆောင်ရွက်ခဲ့သောတိုက်ခန်းအား မူလနေထိုင်သူထံမှတစ်ဆင့်ရရှိထားသူက အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည် ပြောင်းလဲပေးပါရန် တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးကျော်မြ(ကွယ်လွန်) ၁၁/ကဖန(နိုင်)၀၀၄၃၁၈(ကစ) ဦးကျော်စိုး၀င်း ၁၂/ပဇတ(နိုင်)၀၀၂၇၆၅(မှ)	ဒေါ်တင်တင်မေ ၁၂/ပဇတ(နိုင်)၀၀၂၈၆၇ ဒေါ်နီနီခင် ၁၂/ပဇတ(နိုင်)၀၀၃၇၀၁ ဒေါ်တင်တင်သိန်း ၁၁/စတန(နိုင်)၀၀၇၉၈၅ ဒေါ်ခင်အုန်းတင် ၁၂/ပဇတ(နိုင်)၀၀၂၈၆၆ ဦးကျော်စိုးနိုင် ၁၁/ကဖန(နိုင်)၀၀၉၅၃၃ ဒေါ်တင်မူမြတ် ၁၁/ကဖန(နိုင်)၀၀၃၉၅၆	အမှတ်(၁၃၀/၁၃၂)၊ အခန်း အမှတ်(၄)မြေညီ၊ ၅၁လမ်း၊ ပုဇွန်တောင်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အသံအနံ့စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄/စက်မှု)မှမြေကွက်အမှတ် (၆၇၀)၊ ဦးမြင့် ၁၂/သဃက (နိုင်) ၀၄၆၈၁၇အမည်ပေါက်မြေကွက်အား ဦးမြင့်ကွယ်လွန်သဖြင့် ဒေါ်ကျင်စိန် ၁၂/ သဃက(နိုင်)၀၄၆၈၁၈က စက်မှုလိုင်စင်ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေကွက်အမှတ် ၆၇၀အား စက်မှုလိုင်စင်ထုတ်ပေးရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ**

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

၀မ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မေအေး (Ammie Ba Than)

အငြိမ်းစားသံအမတ်ကြီး ဒေါက်တာဦးအောင်သန်း သွားဘက်ဆိုင်ရာတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)၏ ဇနီး သာသနာတော်အတွက် အတူသွား အတူလာ ကုသိုလ်ပြုခဲ့သော အစ်မ ဒေါ်ခင်မေအေး ၂၆-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သားသမီးများနှင့်အတူ အန်တီလုံး ထပ်တူ ထပ်မျှ ၀မ်းနည်းရပါသည်။

ဒေါ်သင်းသင်းလှ(ခ)အန်တီလုံး မိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဒေစီသန်းညွန့်

သူနာပြုဆရာမကြီး (ငြိမ်း)

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး

အသက် (၇၈)နှစ်

ကျေးဇူးရှင် မိခင်ကြီး ကျန်းမာရေးမကောင်းစဉ်မှ ကွယ်လွန်ချိန်အထိ အဘက်ဘက်မှ ကူညီစောင့်ရှောက်ပေးကြသော အစ်ကိုကြီးများနှင့် ဇနီးအစ်မကြီးများ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ပါမောက္ခ ဆရာ၀န်ကြီးများ၊ ဆရာ၀န်များ၊ သူနာပြုဆရာမများ၊ ၀န်ထမ်းများ၊ ထိုင်းနိုင်ငံဗန်ကောက်ဆေးရုံကြီး မြန်မာဌာနမှ ၀န်ထမ်းများ၊ မန္တလေး၊ ရန်ကုန်ရုံးခွဲမှ ၀န်ထမ်းများ၊ ဆွေမျိုးမိတ်ဆွေ၊ သူငယ်ချင်းများအားလုံး တို့နှင့်တကွ နာရေးကိစ္စအ၀၀တို့ကို လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ လူကြုံဖြင့်သော်လည်းကောင်း၊ ၀ိုင်း၀န်းကူညီကြသော၊ သတင်းမေးကြသော၊ အလှူဒါနပြုပေးကြသော၊ ၀မ်းနည်းကြောင်းနှစ်သိမ့်စကား ပြောပေးကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ နာရေးကိစ္စပြီးမြောက်ရေး အတွက် အဘက်ဘက်မှ ၀ိုင်း၀န်းကူညီပေးခဲ့ကြသူများနှင့် ကျေးဇူးတင် ထိုက်သူများအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်ဥ

အသက်(၈၀)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်-ဒေါ်ကြည်ကြည်သန်းတို့၏ မိခင်ကြီး ဒေါ်စိန်ဥ အသက်(၈၀)သည် ၂၇-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်မြမြဝင်း
ဝန်ကြီးဌာနဝန်ထမ်းများနှင့် မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်-ဒေါက်တာသန္တာလှဲ့တို့၏မိခင် ဒေါ်ခင်မေအေး အသက်(၇၈)နှစ်သည် ၂၆-၆-၂၀၁၂ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန
မိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်မြခင်

အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ(ဦးလှ-ဒေါ်တင်တင်)တို့၏သမီး၊သင်္ဃန်းကျွန်းမြို့နယ်၊ဝေဇယန္တာ အိမ်ရာ၊ ဓ/တောင်ရပ်ကွက်၊တိုက် ၁၊ အခန်း ၁၀၈နေ(ဦးတင်လေး)၏ဇနီး၊(ဦးသန်းစိန်-ဒေါ်စောရီ)တို့၏ညီမ၊(ဦးအောင်တိုး)-ဒေါ်ကြည်ကြည်ခင်၊ ဦးစိုးလှိုင်(ခ)ဦးစန္ဒိမာ (လယ်တီဝိပဿနာကျောင်း)၏အစ်မသည် ၂၈-၆-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၇-၂၀၁၂ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်မြင့်

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ် ၆၄နေ ဦးစိုးဝင်း(စွမ်းအားမြင့် ကားဝပ်ရှော့)၏ဇနီး၊ ဒေါ်ထားထားအိ(ခေတ္တ-စင်ကာပူ)၊ ဦးစောမိုးဇက်ထွန်း-ဒေါ်စုစုလှိုင်၊ ဦးနန္ဒ(ခေတ္တ-ဂျပန်)-ဒေါ်အိဇွန်တို့၏ မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၇-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၂ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်မြင့်

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ် ၆၄နေ (ဦးစိန်လှိုင်-ဒေါ်ညွန့်မြိုင်)တို့၏ဒုတိယသမီး၊ ဦးခိုင်တင်(ရုပ်ရှင်သရုပ်ဆောင်)-ဒေါ်ခင်ပြုံးလှိုင်တို့၏ညီမ၊ ဒေါ်ခင်ဆင့်၊ ဒေါ်တင်မြင့်၊ ဦးသိန်းထွန်း၊ (ဦးစိန်ထွန်း)၊ ဒေါ်ခင်ငွေးရီ၊ ဒေါ်ခင်မကြီး၊ ဦးလှငွေး-ဒေါ်ခင်မလေး၊ ဦးလှမင်း-ဒေါ်သီသီလှိုင်တို့၏အစ်မကြီးသည် ၂၇-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်အေးအေးလွင်(ခ) Joan Emily Simoens(nee) Jarvis

အသက်(၆၄)နှစ်

မန္တလေးမြို့နေ (ဦးတင်မောင်-ဒေါ်တင်လှ)တို့၏ဒုတိယသမီး၊ ရန်ကုန်မြို့နေ ဦးအုန်းဖေ-(ဒေါ်မြမြ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တိုက် ၁၀၊ အခန်း ၉၊ ဝေဠုဝန်အိမ်ရာနေ ဦးခင်မောင်သန်း(မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ငြိမ်း) (Senior Consultant II-Supreme Group of Companies)၏ဇနီး၊ ဒေါ်ကေသွယ်ခိုင်(Australia)၊ ဦးကျော်မြတ်ထွဋ် (Program Manger-Solidarit'es Inter national INGO)-ဒေါ်မိုးမမ၊ မယုဇနလှိုင် (Cabin Crew Supervisor- Asian Wings Airways)တို့၏မိခင်၊ မယွန်းစန္ဒီဖြိုး(Australia)၊ မောင်အာကာစိုး (Australia)၊ မောင်ရဲမိုးထွဋ်(အထက-၆၊ အလုံ)တို့၏အဘွားသည် ၂၇-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီက အာရှတော်ဝင်အထူးကုဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့်မြေနီကုန်း Our Lady of Fatima ဘုရားကျောင်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဦး (တောင်ငူ)

(အင်ဂျင်နီယာမှူးကြီး၊ တံတားအထူးအဖွဲ့-၁၊ ငြိမ်း)
B.E (Civil) ၁၉၈၀
အသက်(၅၈)နှစ်

တောင်ငူမြို့၊ ၁၂/၅၊ နံပါတ် ၅လမ်းနေ ဦးလှကျော်-(ဒေါ်မြမြသိန်း)တို့၏သား၊ ဒေါ်ခင်မျိုးနွယ်၊ ဒေါ်ခင်မျိုးကြွယ်၊ ဦးမြင့်ဟန်-ဒေါ်နှင်းဆီ၊ ဦးကြည်လင်း-ဒေါ်ခင်ခင်ထူးတို့၏မောင်/အစ်ကို၊ မောင်အောင်စည်ဟိန်း၊ မရွှန်းမျက်ခြည်ဦးတို့၏ဖခင် ဦးမြင့်ဦး အသက်(၅၈)နှစ်သည် ၂၅-၆-၂၀၁၂ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(၁၉၇၄-၁၉၈၀) မြို့ပြအင်ဂျင်နီယာဘွဲ့ရ သူငယ်ချင်းများ

ရဟန်းဒါယကာကြီး

ဦးမင်းစိန်(တစက) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊စခန်းမှူးရုံး

အသက်(၅၇)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နေ ဦးမြ-ဒေါ်ခင်မေတို့၏သား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နေ ဦးဝေဇင်-ဒေါ်သန်းမြင့်တို့၏သားသမက်၊ ဒေါ်အေးမြင့်ရီ(ခ)ဒေါ်မေသူခိုင်၏ခင်ပွန်း၊ မောင်သူရိန်မင်းအောင်၊ မောင်စည်သူမင်းအောင်၊ မစန္ဒီမင်းအောင်တို့၏ဖခင်၊ ကကခန်းမှ တပ်စာရင်းကိုင် ရဟန်းဒါယကာ ဦးမင်းစိန်သည် ၂၇-၆-၂၀၁၂ရက် နံနက် ၀၀း၁၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် စစ်သင်္ချိုင်း၌မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၇-၂၀၁၂ရက်တွင် ကကကြည်း အိမ်ထောင်သည်လိုင်း၊ စပါယ်ရိပ်သာ (၁)၊ တိုက်အမှတ်(၂)၊ အခန်း(ဆ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းညွန့် (ကြည့်မြင်တိုင်)

အသက်(၈၈)နှစ်

(ဦးပု-ဒေါ်ဖွားရီ)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I City၊ ရွှေနှင်းဆီ(၁)လမ်း၊အမှတ် J-27နေ ဦးတင်ရှိန်၏ဇနီး၊ ဦးတင်မောင်ညွန့်(အထွေထွေမန်နေဂျာ၊ငြိမ်း၊ မြန်မာ့သင်္ဘောကျင်း)-ဒေါ်ဖြူဖြူမြင့်မူ၊ (ဦးအေးကြူ)-ဒေါ်ခင်လေးမြင့်(မန်နေဂျာ၊ ငြိမ်း၊ ကုန် သွယ်/စစ်ကိုယ်)၊ (ဦးကျော်ငြိမ်း၊ မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ဆန်းဆန်းမြ၊ ဦးတင်ထွန်း(ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ညွန့်ညွန့်ရှိန်တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏ အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၆-၂၀၁၂ရက်(သောကြာနေ့)နံနက် ၀၀း၁၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁-၇-၂၀၁၂ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် အထက်ဖော်ပြပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးရွှေရီ (တောင်တွင်းကြီး)

အသက်(၈၇)နှစ်

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့ ဌာနခွဲမှူး(ဘဏ္ဍာ)ဦးသန်းဦး-ဒေါ်ငွေးငွေးမြိုင်တို့၏ဖခင် ဦးရွှေရီ အသက်(၈၇)နှစ်သည် ၂၉-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဝန်ထမ်းမိသားစုများ
မြန်မာနိုင်ငံစာစစ်အဖွဲ့

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဂေါ်ကျိုတီ (ဒိုက်ဦးမြို့)

အသက်(၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အမှတ်(၁)၊ ဈေးပိုင်းရပ်ကွက်နေ (ဦးကြင်တင်)၏ဇနီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပဏ္ဍိတလမ်း၊ ၁၉(စီ)နေ ဦးစိန်ကြည်-ဒေါ်ခင်ရီတို့၏အစ်မ၊ တူ၊ တူမ ၁၂ယောက်တို့၏အဒေါ်ကြီး၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၂၉-၆-၂၀၁၂ရက် နံနက် ၁၁း၄၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်ဆီး(ခ)ဒေါ်ကျင်စွမ် (မြိတ်)

လွင်နှင့်စွမ်း၏မိခင်ကြီး
အသက်(၈၁)နှစ်

မြိတ်မြို့နေ ဦးဝါရှင်-ဒေါ်ရှုအင်တို့၏တစ်ဦးတည်းသောသမီး၊ ဦးစင်ရှင်ယတ်(ခ)ဦးပေါ်ဝါး-ဒေါ်အော့တို့၏သမီးချွေးမ၊ ယခင် မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဖိုးသာအောင်ခြံလမ်းနှင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ သံလွင်လမ်း၊ ဇောတိရိပ်သာ၊ အမှတ် ၂၀နေ ဦးကြောင်စုံ(ခ)ဦးတင့်လွင်၏ဇနီး၊ ဦးစိန်လွင်(ခ)ဦးစိန်လျှန်-ဒေါ်စိန်ရီစိုး၊ ဒေါက်တာသန်းအောင်-ဒေါ်မေရီ၊ ဒေါက်တာထွန်းအောင်-ဒေါက်တာအေးအေးရီ၊ Lee Toh Min-ဒေါ်စန်းစန်းရီ၊ ဦးစိုးစိုးလွင်-ဒေါ်အေးအေးမွန်၊ ဒေါက်တာသန်းသန်းရီတို့၏မိခင်ကြီး၊ မောင်ထူးအောင်လင်း (Phillip)၊ မသန္တာထွန်းအောင်၊ မအိဖြူနှင်းအောင် 3rd MB (IM-1)၊ မောင်ခန့်လင်းထက်(Noel) Mis Grade-XI၊ မောင်ကျော်စည်သူ(Kelvin)၊ Janice Lee၊ Mavis Lee၊ William ထွန်းအောင်၊ Jonathan ထွန်းအောင်၊Geraldine Lee၊ ဝမ်းဝမ်း(ခ)ချမ်းငြိမ်းထွန်း(ခ) Gabriel Lwin ISY-KG၊ ကွေးကွေး(ခ) Daniel Lwin ISY-PKG တို့၏အဘွားသည် ၂၉-၆-၂၀၁၂ရက် နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၇-၂၀၁၂ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဇောတိရိပ်သာနေအိမ်နှင့် မြိတ်အသင်းများမှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက်တွင် အမှတ် ၂၀၊ ဇောတိရိပ်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးစိန်ဘဏ်

(အထက်ရေဖြူ-ထားဝယ်)
အသက်(၇၂)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်နေ (ဦးဖိုးသောင်း-ဒေါ်ဖွားသင်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်၊ မင်းရဲကျော်စွာ ၁လမ်း၊ အမှတ် ၁၁၃၇/ကနေ ဒေါ်တင်ငွေ၏ခင်ပွန်း၊ ဦးသက်လွင်(ခ)တရုပ်-ဒေါ်ခင်မျိုး၊ ကိုရန်အောင်၊ (မောင်ကျော်ဇေယျ)တို့၏ဖခင်၊ မယွန်းမြတ်လွင် (အမက-၈၊ လှိုင်သာယာ)၏ အဘိုးသည် ၂၈-၆-၂၀၁၂ရက် နံနက် ၆း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၂ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်တင်ချို (မြိတ်)

ရာသက်ပန်အသင်းဝင်အမှတ်(၂၅၂၇)
အသက်(၅၈)နှစ်

မြိတ်မြို့၊ အေးချမ်းသာယာရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ် ၁၃၁နေ ဦးသိန်းနိုင်၏ဇနီးသည် ၂၈-၆-၂၀၁၂ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီ၌ မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဆရာမဒေါ်လှဲ့လှဲ့ဝင်း

အထက(၄)မင်္ဂလာတောင်ညွန့်
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၁၀၊ အခန်း ၂နေ(ဦးလှမောင်-ဒေါ်သန်းရွှေ)တို့၏သမီးထွေး၊ဒေါ်လှလှဝင်း(သတလ-၂၊ နေပြည်တော်)၊ ဦးစိုးတင့်(ခရိုင်မှူး၊ ကြေး/မြေ၊ ကော့ကရိတ်မြို့)-ဒေါ်ဖြူဖြူဝင်း(ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏ညီမ၊ မောင်မင်းသွေး၏အဒေါ် ဒေါ်လှဲ့လှဲ့ဝင်း(ထ-၅၊ ဗိုလ်တထောင် ကျောင်းသူဟောင်း)သည် ၂၉-၆-၂၀၁၂ရက် နံနက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ကိုထွန်းကိုကိုဝင်း

အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၃)ရပ်ကွက်၊ဆည်မြောင်းလမ်း၊ အမှတ် ၅၈၁နေ ဦးကြည်ဝင်း (ဦးစီးအရာရှိ၊ ဘူမိဗေဒ၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန၊ ဘူမိဗေဒအကြံပေးပုဂ္ဂိုလ်၊ ကက-ယာ)-ဒေါ်သိန်းသိန်းဝင်းတို့၏သားငယ်၊ မအေးမြကြည်ဝင်း၊ မစန္ဒီကြည်ဝင်းတို့၏မောင်၊ ကိုအောင်ကိုကိုဝင်း၏ညီ၊ မချစ်လင်းလင်းဇော်၏ခင်ပွန်း၊ မဆုအိမ့်ထက်၊ မမေသဲကိုတို့၏ဖခင်သည် ၂၈-၆-၂၀၁၂ရက်(ကြာသပတေးနေ့)ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၂ရက်(စနေနေ့)ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးညွန့်လှိုင် (Raphael)

လ/ထဘဏ္ဍာရေးမှူး(ငြိမ်း)E.P.C
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်(က)ရပ်ကွက်၊ အမှတ် ၂၂၊ သမ္မာဒိဋ္ဌိလမ်းနေ (ဦးသိမ်း-ဒေါ်ရွှေသင်)တို့၏သား၊ (ဒေါ်ပု)၏ခင်ပွန်း၊ ဒေါ်တင်ရီ (အမက-၉၊ တာမွေ၊ ငြိမ်း)၊ ဒေါ်ဝင်းရီ၊ ဦးအေးလွင်၊ ဦးငွေးဝင်း (Instructor, Unique Marine)၊ဒေါ်ရီရီလှိုင်၊ဦးကျော်ထင်-ဒေါ်နီလာရွှေ၊ ဦးဝင်းရှိန်(Uniteam Shipping) - ဒေါ်တင်တင်အေးတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁၀း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၃၀-၆-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဟန် (အင်းစိန်)

စောင်စက်ရုံအမှတ်(၂)
အသက်(၈၈)နှစ်

အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ် ၃၀၆နေ (ဦးဘိုးရေ)၏ဇနီး၊ ဦးသန်းရွှေ-ဒေါ်မြလွင်၊ဦးသောင်းမြင့်(တပ်/ဆေးဝါး၊ငြိမ်း)-ဒေါ်လှရည် (အမှတ်-၃၊ သံမဏိစက်ရုံ၊ ငြိမ်း)၊ ဦးဝင်းမြင့်(တပ်/သတ္တု)-ဒေါ်ခင်ကြိုင် (တပ်/သတ္တု၊ ငြိမ်း)တို့၏မိခင်၊ ဦးသန်းဇော်ဦး-ဒေါ်သိန်းသိန်းဆင့်၊ဦးဇော်မင်းသန်း၊ဦးမျိုးဇော်သန်း(လ/ထညွှန်မှူး၊ လဝက၊နေပြည်တော်)၊ကိုအောင်ကျော်မြင့်၊ ဗိုလ်မှူးအောင်မြင့်ဝေ(စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး)-ဒေါ်ခင်စန္ဒာမြင့်၊ ကိုယဉ်မင်းလွင်-မဝါဝါဖူးဝေ၊ မအိဖြိုးဝင်းမြင့်တို့၏အဘွား၊ မအိချွေးဦး(အမက-၁၊ ဗဟို၊ အင်းစိန်)၊ မသွန်းရွှေစင်မြင့်ဝေတို့၏ဘွားဘွားကြီးသည် ၂၉-၆-၂၀၁၂ရက်(သောကြာနေ့)နံနက် ၇း၁၅နာရီတွင် သီရိစန္ဒာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဒေါ်ခင်မာရီ(ခ)ဒေါ်အမာရီ

ပြည်နယ်သစ်တော(ငြိမ်း)
အသက်(၅၉)နှစ်

တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်၊ နယ်မြေ(၈)၊ စိန်ဝင်းမြင့်ကျောင်းလမ်း၊ အမှတ် ခ/၁၁၁နေ (ဦးဖိုးလှ-ဒေါ်အေးဖိ)တို့၏သမီးကြီး၊ (ဦးစိုးလှိုင်)၏ဇနီး၊ ဦးတင်အောင်၏ညီမ၊ ဒေါ်မြင့်မြင့်ထွေး၊ ဒေါ်ထားထားဝေတို့၏အစ်မ၊ မောင်ဖြိုးဝေဇော်-မချိုချိုပြုံး၊ မောင်ဖြိုးဝေသော်-မဖြူဖြူသင်းမှူးတို့၏မိခင်၊ မဆုမြတ်နိုး၊ မဆုရတီ၊ မယွန်းနဒီတို့၏အဘွားသည် ၂၈-၆-၂၀၁၂ရက်(ကြာသပတေးနေ့)ည ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၂ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ခိုင်စံပယ်သိန်း

ဌာနခွဲစာရေး(ကြံသီးနှံလုပ်ငန်းဌာန)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ တိုက်အမှတ် ၁၁၃၊ အခန်း ၈၊ မီးဒုံးလမ်းနေ ဦးသိန်းတင်-ဒေါ်သန်းစိန်တို့၏စတုတ္ထသမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ သက်နွဲကုန်းကျေးရွာနေ ဦးသောင်းရှိန်-(ဒေါ်ခင်ရီ)တို့၏သမီးချွေးမ၊ ဒေါ်နန်းဥမ္မာသိန်း(မြေတိုင်းဦးစီး)၊ ဦးအောင်မြင့် (F.G) -ဒေါ်မြတ်သူဇာသိန်း(ဦးစီးအရာရှိ၊ စိုက်ပျိုးရေးစီမံကိန်း)၊ ဒေါ်ခိုင်မာလာသိန်း(မြေတိုင်းဦးစီး)တို့၏ညီမ၊ ဦးတင်ထွဋ်(ခေတ္တ-စင်ကာပူ)-ဒေါ်မျိုးမျိုးဝင်း၊ ဦးတင်ရှိန် (လက်ထောက်ညွှန်/မှူး)-ဒေါ်ကျော့ယဉ်မင်းသိန်း(စိုက်ပျိုးရေးစီမံကိန်း)၊ဒေါ်နီလာထွန်း(Sanyu Consultants Inc,)တို့၏အစ်မ၊ မောင်ဝေယံ၊ မဝင်းပပသိန်း၊ မောင်မင်းသူရိန်တို့၏အဒေါ်၊ မဖူးပွင့်ခိုင်၏မိခင်၊ ဦးနိုင်စိုး၏ဇနီးသည် ၂၉-၆-၂၀၁၂ရက်(သောကြာနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၇-၂၀၁၂ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တကိုဏ္ဍဝံသ

ရန်ကုန်မြို့ ဗဟန်းမဟာစည်သာသနာ့ရိပ်သာကြီး၏ ဥဿျောင်နာယက
အပြည်ပြည်ဆိုင်ရာ ပြည်တွင်းပြည်ပရိပ်သာများ၏
ဩဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီး
သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ကျောက်ဝိုင်းမဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက မြို့နယ်သံဃနာယက ဩဝါဒါစရိယဖြစ်တော်မူသော သက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၇၄ခုနှစ် ပထမဝါဆိုလဆန်း ၈ ရက်) ၂၆-၆-၂၀၁၂ရက်(အင်္ဂါနေ့) နံနက် ၅း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ခုနှစ် ပထမဝါဆိုလဆန်း ၁၄ရက်) ၂-၇-၂၀၁၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန မီးပူဇော်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးကြေညာအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
အိမ်မဲမြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးဝါယမ(ခ)ဦးကြွယ် (ရွှေကျင်မြို့နယ်အသင်း)

ကုန်သွယ်/လယ်ယာ(ငြိမ်း)
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၉)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ပန်းပဲတန်းနေ (ဦးမောင်မောင်-ဒေါ်ထွန်း)တို့၏သား၊ မသက်သက်ကြွယ်၊ မစုစုကြွယ်၊ မခင်ကြွယ်ကြွယ်(အမက-၁၀၊ ကမာရွတ်)၊ ကိုဇော်ဝင်းကြွယ်၊ ဦးသုမင်္ဂလ၊ မသင်းသင်းကြွယ်၊ မဖြူဖြူကြွယ်တို့၏ဖခင်၊ ဒေါ်ခင်ဆောင်း၏ခင်ပွန်း၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပဏ္ဍိတာရာမကျောင်းတွင် သီတင်းသုံးနေသော ဦးဝါယမ(ခ)ဦးကြွယ်သည် ၂၈-၆-၂၀၁၂ရက်(ကြာသပတေးနေ့) ည ၉း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၃၀-၆-၂၀၁၂ရက်(စနေနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။[လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ပဏ္ဍိတာရာမကျောင်းမှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

ဦးခင်မောင်စိုး (သံတွဲ)

အသက်(၇၂)နှစ်

သံတွဲမြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးမောင်ကလေး-ဒေါ်ငွေ)တို့၏သားလတ်၊ တောင်ကုတ်မြို့နေ (ဦးဖိုးမျှင်-ဒေါ်မအုန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊ အမှတ် ၂၀၆ (ပထမထပ်)နေ ဒေါ်ခင်ခင်မြ၏ခင်ပွန်း၊ ဒေါ်ဥမ္မာစိုး(ပြည်တွင်းအခွန်များဦးစီးဌာန)-ဗိုလ်ကြီးသိန်းထိုက်၊ ဦးအောင်စိုးလင်း၊ ဦးအောင်စိုးမင်း-ဒေါ်ခင်နှင်းအေး၊ ဒေါ်သန္တာစိုး-ဦးထွန်းထွန်းနိုင်၊ ဦးအောင်စိုးဝင်း-ဒေါ်ခင်ပိုပိုမြင့်(ပြည်တွင်းအခွန်များဦးစီးဌာန)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၈-၆-၂၀၁၂ရက်(ကြာသပတေးနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၂ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးရွှေရီ

(စား/ထွေကော်ပိုရေးရှင်း)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ကြိုးကြာလမ်း၊ အမှတ် ၂၄၃နေ(ဦးသက်ရှည်-ဒေါ်ငွေပွင့်)တို့၏သား၊ တောင်တွင်းကြီးမြို့နေ ဒေါ်မြမှိ၏အစ်ကို၊ ဦးသန်းဦး-ဒေါ်ငွေးငွေးမြိုင်၊ ဦးသင်းမောင်-ဒေါ်မြသန်းတင်၊ (ဦးမြင့်သိန်း)-ဒေါ်ဖြူဖြူမြင့်၊ ဦးမင်းဟန်-ဒေါ်မြမြသိန်း၊ ဦးအောင်မျိုးမင်း-ဒေါ်စိုးစိုးရီတို့၏ဖခင်၊ (ဒေါ်တင်ကြည်)၏ခင်ပွန်း၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၂၉-၆-၂၀၁၂ရက်(သောကြာနေ့)နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး

ဒေါ်အေးအေးဝင်း

(အလယ်တန်းပြဆရာမ)
အလက(၃)တာမွေ
အထက(၄)တာမွေကျောင်းသူဟောင်း
အသက်(၅၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖျိုင်းရေအိုးစင်ရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ် ၆၀နေ (ဦးသိန်းဟန်-ဒေါ်ကျင်ပို)တို့၏သမီးငယ်၊ ဦးတင်သိန်း(ကျောက်မြောင်း လက်ဖက်ရည်ဆိုင်)-ဒေါ်စန်းစန်းဝင်း(အထက-၁၀၊ တာမွေ၊ ငြိမ်း)၊ဦးရဲထွဋ်-ဒေါ်ငွေးငွေးမော်၊ ဦးထွန်းလင်း-ဒေါ်သက်ချိုဇင်တို့၏ညီမ/အစ်မ၊ ဦးဝင်းမြင့်၏ဇနီး၊ မောင်အောင်ကိုဦး (ခေတ္တ-ကိုရီးယား၊ အင်ချွန်း)၊ မငုဝါသက် (2nd Year B.Tech)တို့၏မိခင်၊ မောင်ချစ်ကိုကိုဟိန်း (ခေတ္တ-တောင်ကိုရီးယား)၊ မတင်မမဝင်း(တာမွေမြို့နယ်စည်ပင်)တို့၏အဒေါ်သည် ၂၉-၆-၂၀၁၂ရက်(သောကြာနေ့)နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၂ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမြင့်အောင်

လဝကဦးစီးမှူး(ငြိမ်း)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မ/၅၆၁၊ ရေနံချောင်းလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေ (ဒေါ်ခင်ခင်ရွှေ၊ ကျောင်းအုပ်ဆရာမကြီးဟောင်း၊ ထ/၂၊ အင်းစိန်)၏ခင်ပွန်း၊ (ဦးမင်းသူရွှေအုန်း-ဒေါ်နီလာမြင့်အောင်)၊ ဦးဗညားအောင်-ဒေါ်အေးဦးကြဲ၊(ဦးဥက္ကာအောင်)-ဒေါ်မိမိခိုင်တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၉-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၂ရက်(ကြာသပတေးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဗိုလ်ဗိုလ်ချော

(ဓာတ်ပုံ-ညီဗိုလ်ဗိုလ်ချော)
အသက်(၄၈)နှစ်

(အငြိမ်းစားခရိုင်ရဲဝန်-စာရေးဆရာ ပုလိပ်အရာရှိ ဦးဘသော်-ဒေါ်မမလေး)တို့၏မြေး၊ ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် ၁၆၊ အခန်းအမှတ် ၆နေ (ဦးစိန်ခင်မောင်ရီ)-ဒေါ်သန်းသန်းတို့၏ ဆဋ္ဌမမြောက်သား၊ ဦးခင်မောင်သော်၊ ဦးခင်မောင်ကျော်၊ ဦးခင်မောင်ဇော်၊ (ဦးမျိုးဝင်း-ဒေါ်အေးအေးသော်)၊ (ဦးခင်မောင်မော်)တို့၏ညီမောင်၊(ဦးဘိုဘိုဒေါ်)-ဒေါ်အေးစန္ဒာ၊ ဘိုဘိုထွေးတို့၏အစ်ကို၊ မောင်ညေးယျသော်၊ မောင်ဝင်းအောင်သော်၊ မနိုနိုအိစံ၊ မဖူးပွင့်သော်၊ မောင်ပြည့်ဖြိုးသော်(ခ)ဖိုးသားတို့၏ဦးလေးသည် ၂၉-၆-၂၀၁၂ရက်(သောကြာနေ့)နံနက် ၁၁း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ R. 488

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (ရီယို+၂၀) မျက်နှာစုံညီအစည်းအဝေး တက်ရောက်
မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်ဆိုင်ရာ မိန့်ခွန်းပြောကြား

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဇွန် ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ Riocentro အဆောက်အအုံ Plenary Hall ၌ ကျင်းပသည့် ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ(ရီယို+၂၀) ဒုတိယနေ့ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ညီလာခံ (ရီယို+၂၀) ဒုတိယနေ့ တတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့ အကြီးအကဲများ၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးသန်းဆွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် သစ်တောတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းဝင်းတို့လည်း တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသည့် နိုင်ငံခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိန့်ခွန်းများ ပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတသည် Riocentro အဆောက်အအုံ Pavilion 5, External Tent 1 ခန်းမ၌ ဘရာဇီးနိုင်ငံသမ္မတက ညီလာခံတက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်သည်။ ***စာမျက်နှာ ၉ ကော်လံ ၂*** ✻

အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဟာ ကမ္ဘာမြေရဲ့ ဂေဟစနစ်ကောင်းမွန်မှုကို ထိန်းသိမ်းနိုင်
အစိမ်းရောင်စီးပွားရေးသည် ဆင်းရဲနွမ်းပါးမှုလျှော့ကျနိုင်မည့် ဖွံ့ဖြိုးရေးမူဝါဒအသစ်အဖြစ် မြန်မာနိုင်ငံကယုံကြည်

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဇွန် ၂၁ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀ မိနစ်တွင် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ Riocentro အဆောက်အအုံ Plenary Hall ၌ ကျင်းပသည့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ(ရီယို+၂၀) ဒုတိယနေ့ စတုတ္ထအကြိမ် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်ဆိုင်ရာ မိန့်ခွန်းကို ပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား -

ကြွရောက်လာပါသော နိုင်ငံအကြီးအကဲများ၊ ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဦးစွာဆုတောင်းအပ်ပါတယ်။ ကမ္ဘာမြေအတွက် အခုလိုအရေးပါသော အခမ်းအနားမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ကိုယ်စား မိန့်ခွန်းပြောကြားခွင့်ရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလို အရေးပါသော ညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်အောင် ဆောင်ရွက်ပေးတဲ့ ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ လက်ခံကျင်းပတဲ့ ဘရာဇီးနိုင်ငံကို ချီးကျူးဂုဏ်ပြုကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ် ***စာမျက်နှာ ၉ ကော်လံ ၆*** ●

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ရီယို+၂၀) ဒုတိယနေ့ စတုတ္ထအကြိမ် မျက်နှာစုံညီ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

မုံရွာမြို့နေ ပြည်သူများအတွက် အရန်ဓာတ်အားပေးစက်တစ်လုံးရောက်ပြီ

မုံရွာ ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နေပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အဆင်ပြေစေရန်အတွက် အမေရိကန်နိုင်ငံမှ မှာယူခဲ့သော (1825-KVA) အရန်ဓာတ်အားပေးစက်တစ်လုံးသည် မုံရွာမြို့ အောင်ချမ်းသာပင်မဓာတ်အားပေးစက်ရုံသို့ ဇွန် ၂၅ ရက်က ရောက်ရှိလာသည်။

အဆိုပါ အရန်ဓာတ်အားပေးစက်ဖြင့် သဘာဝဘေးဒဏ်ကဲ့သို့သော အကြောင်းများကြောင့် ဓာတ်အားမရရှိသည့် အခိုက်အတန့်အချိန်အတွင်း မြို့ပေါ်ရပ်ကွက်များ၌ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေသုံးစွဲမှု အဆင်ပြေရေးအတွက် အချိန်ပိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးနိုင်တော့မည်ဟု သိရှိရသည်။ **(ကိုထွေး)**

ကျောက်မဲမြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းနေသော နဂါးမောက်သီးများကို တွေ့ရစဉ်။

ရှမ်းပြည်နယ်မြောက်ပိုင်း၌ နဂါးမောက်သီးများ လှိုင်လှိုင်ပေါ်

သတင်းမှတ်စုနှင့်ဓာတ်ပုံ မောင်မောင်(ကျောက်မဲ)

ကျောက်မဲ ဇွန် ၂၉

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုး၊ ကျောက်မဲ၊ သီပေါ၊ နမ့်ဆန်၊ နောင်ချိုမြို့နယ်များတွင် ယခုရက်ပိုင်းများအတွင်း ဆေးဖက်ဝင် နဂါးမောက်သီးများ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာပြီး ရောင်းအားကောင်းလျက်ရှိသည်ကို တွေ့ရသည်။

နဂါးမောက်သီးအကြီးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ အထိ ဈေးရသည်။ ကျောက်မဲမြို့ပေါ်တွင် ခြံဝင်းအကျယ်ဖြင့် နေထိုင်သူများက မိမိတို့ ခြံဝင်းအတွင်း၌ တစ်ပိုင်တစ်နိုင် နဂါးမောက်ပင်များ ***စာမျက်နှာ ၉ ကော်လံ ၄*** ◆